THE RED FLAG

# ဝင်္ကန္တ မုသား

## မြန်မာ စစ်အာဏာရှင်၏ ဝါဒဖြန့်ဖဲချပ်များ

တီမို

The Red Flag

# မာတိကာ


အပျိုးစကား......2

ဖဲချပ် (၁) အမျိုးဘာသာ သာသနာ......4

မြန်မာသမိုင်းစဉ်......7

ဖဲချပ် (၂) တပ်မတော်သည် နိုင်ငံတော်ကို စောင့်ရှောက်သည်......13

အကျိုးစီးပွားနှင့် စစ်တပ်......15

မြန်မာ့ သမိုင်းစဉ်......16

ဖဲချပ် (၃) ရွေးကောက်ပွဲ......28

ရွေးကောက်ပွဲကို ဘာကြောင့် ကြိုက်သနည်း......28

အသွားနှစ်ဖက်ပါသော ဓား......30

ပါတီနှင့် အာမီ (Party and Army)......33

မြောက်ကိုရီးယား ရွေးကောက်ပွဲ......36

မြန်မာ့ ရွေးကောက်ပွဲနှင့် စစ်အာဏာသိမ်း သမိုင်းစဉ်ချုပ်......37

၂၀၂၁ အာဏာသိမ်းမှု အလွန် . . .......42

စစ်ကောင်စီ၏ ရွေးကောက်ပွဲ ဖဲချပ်......48

ဖဲချပ် - (၄) လိမ်သည်၊ လှည့်ဖျားသည်၊ တပါးသူကို တရားခံရှာ အပြစ်ဖို့သည်......49

တရုတ် ပြား ၅၀ ပါတီ......49

ကြောက်ခြင်းနှင့် ချစ်ခြင်း......51

တရားခံရှာ အပြစ်ဖို့ခြင်း......52

မြန်မာ့ သမိုင်းစဉ်......53

လက်ဝေခံ ဆိုရှယ်မီဒီယာများ......56

တရားခံ - အမေရိကန်၊ တရုတ်......58

ငါမှ တပါး အားလုံး တရားခံ......61

နိဂုံးမှတ်စု......63

# အပိုင်းစကား

ဤစာစုငယ်သည် မြန်မာလူထုကို သွန်သင်ခြင်း အလို့ငှာ ရည်ရွယ်ရင်းမဟုတ်ပါ။ ရှင်ကြီးဝမ်း၊ ရှင်ငယ်ဝမ်း အသီးသီး ဝင်ခဲ့ပြီးဖြစ်သော မြန်မာလူထုတွင် အာဏာရှင်တို့၏ လုပ်နည်းလုပ်ဟန်တို့နှင့် ပတ်သက်၍ အရပ်သိ အမှတ်သညာ ကောင်းကောင်းရှိပါသည်။ ယင်းအရပ်သိ အမှတ်သညာများကို အခြားတိုင်းပြည်များတွင် ဖြစ်ပျက်ခဲ့သည့် သင်ခန်းစာများနှင့် ပေါင်းစပ် တိုက်ဆိုင်ပေးရန် ရည်ရွယ်ရင်း ဖြစ်ပါသည်။ တနည်းဆိုရသော် ကမ္ဘာ့သမိုင်းစဉ် တစ်လျှောက် ကြုံခဲ့၊ ဆုံခဲ့၊ ရုန်းခဲ့ တွန်းခဲ့ရသော အတွေ့အကြုံများနှင့် တွေ့ဆိုင်ပေးနိုင်ရန် အဓိက မျှော်မှန်းပါသည်။

အာဏာရှင်တို့မှာ သမိုင်းအစဉ်အဆက် လူထုကို လှည့်ဖျား ဦးနှောက်ဆေးရန် နည်းအမျိုးမျိုး သုံးခဲ့သည်။ ရေဒီယို၊ ရုပ်မြင်သံကြား၊ တံဆိပ်ခေါင်း၊ အမှတ်သင်္ကေတ၊ ကျောင်းသင်ရိုး စသည့် ပလက်ဖောင်း အမျိုးမျိုးသုံး၍ အုပ်ချုပ်ခံလူတန်းစားတို့ ၎င်းတို့ အပေါ် ယုံကြည်လာစေရန်၊ အာဏာဆက်ကိုင်ထားနိုင်ရန် နည်းအမျိုးမျိုးသော ဝါဒဖြန့်ချိနည်းလမ်းများ သုံးခဲ့သည်။ ဇာတ်ကြောင်း အမျိုးမျိုး သုံးခဲ့သည်။

ဆိုရှယ်မီဒီယာ[1] အထူးခေတ်စားလာခြင်းနှင့်အတူ လူအများက မိမိတို့၏ ထင်မြင်ယူဆချက်များကို ပိုမိုထုတ်ဖော်ရေးသားလာနိုင်သည်။ ယင်းနှင့်အတူ သတင်းတု သတင်းမှား လိမ်လည်ဝါဒဖြန့်မှုများလည်း ကြုံလာသည်။ နိုင်ငံရေးသမားများ၊ အထူးသဖြင့် ဒီမိုကရေစီစနစ်နှင့် ဖီလာ ဆန့်ကျင်သော အာဏာပိုင်စနစ်ကို သဘောခွေ့သော နိုင်ငံရေးသမားများ၊ အာဏာရှင်များ၊ စစ်အာဏာရှင်များအတွက် ဆိုရှယ်မီဒီယာ အသီးသီးပေါ်တွင် ဝါဒဖြန့်ချိရာ ယန္တရားကြီး တည်ဆောက်ကာ လူထုကို ဂျင်းထည့်တော့သည်။ ထိုအချိန်တွင် သတင်းတု၊ သတင်းမှား မသမာသတင်းများကို စစ်ဆေးရသော အချက်အလက်စစ်ဆေးသည့် အခန်းကဏ္ဍမှာ များစွာအရေးပါလာသည်။ သတင်းတု သတင်းမှား မသမာသတင်းများကို ကိုင်တွယ် တိုက်ဖျက်ရာတွင် အချက်အလက်များကို လိုက်လံစစ်ဆေးခြင်း (Debunking) ကဲသို့ပင် ကြိုတင်သတိထောက်ပေးခြင်း (Prebunking) မှာလည်း အရေးပါသည်။

သတင်းမှား ဖြန့်သူတို့ကမူ နည်းအမျိုးမျိုးသုံး၍ စဉ်ဆက်မပြတ်ဖြန့်ချိနေပါလိမ့်မည်။ သတင်းမှားဖြစ်ကြောင်း အရေးကြီးသော ကိစ္စရပ်များကို စစ်ဆေးနိုင်သော်လည်း မစစ်ဆေးလိုက်နိုင်သည့် အခြေအနေများ မကြာခဏပင် တွေ့ရတတ်သည်။ ထိုအချိန်တွင် ကြိုတင်သတိထောက်ပေးခြင်း၏ အခန်းကဏ္ဍမှာ များစွာ အရေးပါလာသည်။ အာဏာရှင်တို့ လိမ်လည်လေ့ရှိသည့်ပုံစံများ၊ လူထု၏ ယုံကြည်ကိုးကွယ်မှု၊ အကြောက်တရား၊ စွဲလမ်းမှုတို့ကို မည်သို့ အသုံးချ လိမ်လည်လေ့ရှိသည်၊ ထိုသို့ လိမ်လည်ရာတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို အသုံးချလေ့ရှိသည်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်ပါက မိမိ

[1] မြန်မာနိုင်ငံတွင် အသုံးအများဆုံး ဆိုရှယ်မီဒီယာမှာ Facebook ဖြစ်ပြီး ကျန်သည့် X, Telegram, Tiktok, Instagram, စသည့် ဆိုရှယ်မီဒီယာများကိုလည်း ရည်ညွှန်းလိုပါသည်။

THE RED FLAG

မျက်မှောက်ရောက်လာသော အကြောင်းအရာကို အတု အစစ်၊ စပ်ကြားအတု စသည်ဖြင့် ခွဲခြား နိုင်မည် ဖြစ်သည်။ ထိုသို့ ရည်ရွယ်ရင်းဖြင့် ဤစာစုငယ်ကို ပြုစုရခြင်း ဖြစ်ပါသည်။

ထိုစာစုတွင် အာဏာရှင်တို့ လုပ်လေ့လုပ်ထရှိသည့် အဓိက ဝါဒဖြန့်ဇာတ်ကြောင်း လေးခုကို စုစည်းထားပါသည်။ မြန်မာတို့ကို ဂျင်းထည့်၍ ကောင်းသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ် အမျိုးသားရေးဝါဒကို မည်သို့အသုံးချသည်၊ အမျိုးဘာသာသာသနာကို မည်သို့အသုံးချသည်။ ယင်းနှင့် တဆက်တည်း စစ်တပ်နှင့် စစ်အာဏာရှင် ဝါဒကို အသုံးချ၍ တိုင်းပြည်ကို သမိုင်းစဉ် တလျှောက် မည်သို့ လိုသလို ခြယ်လှယ် အမြတ်ထုတ်ခဲ့သည်။ တပ်မတော်သည် တိုင်းပြည်၏ ကယ်တင်ရှင် အဖြစ် မည်သို့ ပုံဖော်ထားသည်ကို အခြေခံတွေးစဉ်တန်း ရနိုင်ရန် ကောက်ကြောင်း ခြစ်ထားပါသည်။

ယင်းနောက် ရွေးကောက်ပွဲ အကြောင်းကို အထူးအလေးပြု ဆွေးနွေးထားပါသည်။ ရွေးကောက်ပွဲများကို အသုံးပြု၍ အာဏာရှင်တို့က မည်သို့ လိမ်လည်လှည့်ဖြားလေ့ရှိသည်၊ ၎င်းတို့ အာဏာတည်ဆောက်ရေး၊ အာဏာ ဆက်မြဲရေး ရွေးကောက်ပွဲများကို မည်သို့ အသုံးချသည်။ မြန်မာနိုင်ငံတွင် လက်ရှိ စစ်ခေါင်းဆောင်က ရွေးကောက်ပွဲကို မည်သို့ အသုံးချလှည့်ဖြားနေသည်ကို ဆန်းစစ်ထားပါသည်။ နောက်ဆုံးတွင်မူ လိမ်လည်ခြင်း၊ တပါးသူကို အပြစ်ဖို့လက်ညှိုးထိုးခြင်း အတတ်ကို အာဏာရှင်တို့ မည်သို့ အသုံးချသည်ကို အကျဉ်းရုံးတင်ပြထားပါသည်။

ထိုသို့ ဖော်ပြရာတွင် နိုင်ငံတကာတွင် အာဏာရှင်တို့ မည်သို့သော နည်းလမ်းတူ ဇာတ်ကြောင်း များ အသုံးပြုခဲ့သည်၊ အသုံးပြုလျက်ရှိသည်ကို အနှစ်ချုပ်ထားသည်။ ယင်းနောက် မြန်မာစစ်အာဏာရှင် တို့ လူထုကို မည်သို့သော ဝါဒဖြန့် ဇာတ်ကြောင်းသုံး၍ လှည့်ဖြားသည်၊ အာဏာဆက်ကိုင်ထားနိုင်အောင် လုပ်ဆောင်နေသည်ကို တွဲဖက် ဆွေးနွေးထားပါသည်။

ယင်းတို့ကို စေ့ငုခြင်းအားဖြင့် လာလတ္တံ့သော ‘လုပ်ကြံဂျင်းသတင်းများ’ ကို စစ်ထုတ်ကာ မည် ရွေ့မည်မျှ ယုံအပ်သည်ကို ကြိုတင် သတိထောက်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။ စစ်အာဏာရှင်တို့၏ ဝါဒဖြန့်ရာတွင် ဖော်ပြပါ ‘ဝါဒအထိုင်’ ကို ယူကာ ဖြစ်ပေါ်လာသော အခြေအနေများကို လိုက်၍ သတင်းတု သတင်းမှားများ ဝါဒဖြန့်ဇာတ်ကြောင်းများ ဖန်တီးလေ့ရှိသည်။

သုတေသန အခြေခံဟုဆိုသော်လည်း ရှင်းရှင်းလွယ်လွယ် ဖတ်ရှုနိုင်ရန် ကြိုးစား တင်ဆက် ထားပါသည်။

အချက်အလက် ကူညီ ကောက်ယူပေးသော The Red Flag အဖွဲ့သားများနှင့် ပံ့ပိုးကူညီပေးသူ အားလုံးကို ကျေးဇူးတင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၂၃။

THE RED FLAG

## ဖဲချပ် (၁)
## အမျိုးဘာသာ သာသနာ

ကမ္ဘာ့သမိုင်းစဉ် တစ်လျှောက်ကို မျှော်ကြည့်ပါက အမျိုးသားရေးဝါဒကို အာဏာတည်ဆောက်ရေး အတွက် အမျိုးမျိုး အသုံးပြုခဲ့ကြသည်။ နာဇီနှင့် ဖက်ဆစ်ဝါဒသည် အထင်ရှားဆုံး ဥပမာများဖြစ်သည်။ ပထမကမ္ဘာစစ်နှင့် ဒုတိယ ကမ္ဘာစစ်အကြား နာဇီနှင့် ဖက်ဆစ်ဝါဒ ထွန်းကားပြီး အမျိုးသားရေး အစွန်းရောက်ဝါဒကို အသုံးပြုကာ အာဏာရှင်တို့ မည်သို့ ခြယ်လှယ်ခဲ့သည်ကို ဦးစွာ လေ့လာနိုင်သည်[2]။

မူဆိုလီနီ၏ ဖက်ဆစ်ဝါဒသည် နိမ့်ပါးနေရသော တိုင်းပြည်ကို ပြန်လည် ထူထောင်ရမည်။ ရိုမန် အင်ပါယာခေတ်က အီတလီတို့၏ ဂုဏ်ကျက်သရေ၊ နယ်နိမိတ် အပိုင်းအခြားကို ပြန်ယူရမည်။ ထိုသို့ နယ်မြေချဲ့ထွင်ရေးဖြင့် အီတလီ၏ ကြီးမြတ်မှုကို ပြန်ဖော်မည်။ ရိုမန်ခေတ်က စိုးမိုးခဲ့သည့် အတိုင်း မြေထဲ ပင်လယ်အဝန်းအဝိုင်းကို တစ်ဖန်ပြန်လည် စိုးမိုးမည်ဟု ဖြစ်သည်။ အီတလီလူမျိုးတို့သည် အခြားလူမျိုး များထက် မြင့်မြတ်သည်။ ထိုသို့ မြင့်မြတ်မှုမှာ ဇီဝဖြစ်စဉ်ကြောင့် မဟုတ်။ ယဉ်ကျေးမှု သမိုင်းကြောင်း ကြောင့်ဖြစ်သည်။ အီတလီတို့သည် အခြား လူမျိုးတို့အတွက် ယဉ်ကျေးမှုနှင့် ပညာရေး တို့ကို ဆောင်ကြဉ်း ပေးလာသူ အဖြစ် မူဆိုလီနီက ရှုမြင်သည်။

မူဆိုလီနီလိုပင် ဟစ်တလာသည်လည်း ဖက်ဆစ်ဝါဒကို ယုံကြည်သည်။ ပထမကမ္ဘာစစ်တွင် ဂျာမန်တို့ စစ်ရှုံးရခြင်းနှင့် ပတ်သက်၍ နောက်ကျော ဓားနှင့်ထိုးသူ သစ္စာဖောက်များကို အပြစ်တင်သည်။ ဂျာမနီတို့ သည် အရှုံးသမားမဟုတ်။ ထိုမခံချင်စိတ်ကပင် ဟစ်တလာကို နိုင်ငံရေးသို့ ဝင်စေသည်။ အပြောအဟော ကောင်းကောင်းဖြင့် နာဇီအမျိုးသားရေး ဝါဒကို စည်းရုံးသည်။ သူတို့သည် ကြီးမြတ်သော အမျိုးအနွယ်မှ လာသဖြင့် အခြား အားနည်းယုတ်ညံ့သော လူမျိုးများ အပေါ်တွင် လွှမ်းမိုးချုပ်ကိုင် ပိုင်ခွင့်ရှိသည်။ ဂျာမနီတို့၏ အရှုံးအတွက် အခြား လူအုပ်စုများကို အပြစ်ဖို့သည်။ တရားခံရှာသည်။ သူတို့-ငါတို့ ဆိုသည့် နာဇီဖက်ဆစ်အမြင်ကို ဖန်တီးသည်။ ဂျာမနီနိုင်ငံတော် အကျိုးဖျက်ဆီးသော အခြား သွေးမသန့်သည့် လူမျိုးများကို ရက်ရက်စက်စက် နှိမ်နင်းသည်။

၁၉၃၁ ခုနှစ်တွင် စပိန်တွင် ဘုရင်စနစ် အဆုံးသတ်ပြီး သမ္မတနိုင်ငံထူထောင်ရန် ရွေးကောက်ပွဲတွင် မဲပေးလိုက်ကြသောအခါ ဘုရင်စနစ်ထောက်ခံရေးသမား စစ်အရာရှိ ဖရန်ကို များစွာ ဝမ်းနည်းရသည်။

---

[2] Dictators and nationalism: (n.d.). https://www.tilburguniversity.edu/sites/default/files/download/Thomas Bil - Dictators and Nationalism_2.pdf

နောက် ငါးနှစ်အကြာတွင် စပိန်တွင် ပြည်တွင်းစစ်ဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် ဗိုလ်ချုပ် ဖရန်ကို အောင်ပွဲဆင်ပြီး ပြည်တွင်း စစ်အဆုံးသတ်သွားသည်။ စပိန်တွင် ဘုရင်စနစ် ပြုတ်ကျသွားခြင်းမှာ ကွန်မြူနစ်များ၊ ဂျူးများကြောင့် ဖြစ်ကြောင်း ဖရန်ကိုက ဝါဒဖြန့်သည်။ ပြည်တွင်းစစ်ကာလအတွင်း ဗိုလ်ချုပ် ဖရန်ကိုကို ဟစ်တလာ နာဇီနှင့် ဖက်စစ်အီတလီတို့က အထူးကူညီခဲ့ကြသည်။ ဖရန်ကိုသည် နာဇီနှင့် ဖက်ဆစ်တို့လောက် မပြင်းထန်သော်လည်း စပိန်အမျိုးသားရေး အစွန်းရောက် ဝါဒကို အလေးထားသည်။ စပိန်တွင် အဓိက ဘာသာ စကားခြောက်မျိုး ရှိသည့်တိုင် ကာစတီလီယံ စပိန်ဘာသာစကား တစ်မျိုးတည်းကိုသာ တရားဝင် ပြဌာန်းသည်။ အခြား ဘာသာစကားများကို ပိတ်ပင်သည်။ မူဆိုလီနီနှင့် ဟစ်တလာတို့ကဲ့သို့ စပိန်ကို တစ်ဖန်ပြန်လည် မွေးဖွားရမည်၊ ယခင်စပိန်တို့၏ ဂုဏ်ကျက်သရေကို ပြန်ဖော်ဆောင်ရမည်ဟု မရည်ညွှန်းသော်လည်း တပါတီ အာဏာရှင်စနစ်၊ လူမျိုးတစ်မျိုးတည်းကို ဦးတည်သော စနစ်ဖြင့် ၁၉၇၅ ခုနှစ်အထိ အုပ်ချုပ်သွားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဘုရင်စနစ်ကို ပြန်လည် အသက်သွင်းလိုက်သေးသည်။

ငင်းတို့အားလုံးမှာ လူမျိုးအခြေခံ အစွန်းရောက် အမျိုးသားရေးဝါဒ၊ အခြားလူအုပ်စုများကို ခွဲခြားအပြစ်ဖို့ခြင်း၊ ရန်သူအဖြစ် ပုံဖော်ခြင်း ပြုခဲ့သည်။ ထိုနည်းဖြင့် အာဏာရရှိရေး၊ အာဏာတည်မြဲရေး လုပ်ဆောင်ခဲ့သည်။ အာဏာရှင်တို့ ထုံးစံအတိုင်း အကြမ်းဖက်နည်း အသုံးပြုသည်၊ အတိုက်အခံများကို နှိပ်ကွပ်သည်။ ရွေးကောက်ပွဲများတွင် ခြယ်လှယ်သည်။

မူဆိုလီနီနှင့် ဟစ်တလာတို့မှာ ပိုအစွန်းရောက်သော အမျိုးသားရေး ဝါဒဖြင့် လူထုကို လှည့်ဖျားလှုံ့ဆော်သည်။ မူဆိုလီနီ အဆိုအရ ယဉ်ကျေးမှုမြင့်မားသော အီတလီတို့မှာ ယဉ်ကျေးမှု အစဉ်အလာ လူမျိုးအားဖြင့် ပိုကြီးမြတ်သည်။ ဟစ်တလာ၏ အဆိုအရ ဂျာမန်တို့မှာ မျိုးဗီဇသွေးသားအားဖြင့်ကို ပိုမြင့်မြတ်သည်။ ထိုကြီးမြတ်မှု၊ တိုင်းပြည်၏ ဂုဏ်ကျက်သရေ ပြန်လည်အဖတ်ရမည်။ ရန်သူများ၊ သစ္စာဖောက်များကို သုတ်သင်ရှင်းလင်း ဖယ်ရှားရမည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဂျာမန်များ၊ အီတာလျံများသည် ငင်းတို့နှင့် အတူတကွ စည်းလုံးညီညွတ်စွာ ရှိနေရမည်။

ဖရန်ကိုကမူ ဖက်ဆစ် လူမျိုးရေး အစွန်းရောက်ဝါဒကို လိုအပ်သလောက်သာ အသုံးပြုသည်။ သူအာဏာထူထောင်ရာတွင် လူထုညီညီညွတ်ညွတ် ပါဝင်ရေးအတွက်သုံးသည်။ ဒုတိယ ကမ္ဘာစစ်အတွင်း ဂျာမနီနှင့် အီတလီ ဖက်စစ်ဝင်ရိုးတန်းတွင် တရားဝင်သွားပေါင်းခြင်း မရှိဘဲ လက်ရှောင်ခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၈၀ ဝန်းကျင်က ဖြစ်ပျက်ခဲ့သော်လည်း ယနေ့ အချို့သော ဒီမိုကရေစီ ဆိုသည့် နိုင်ငံများတွင်ပင် အမျိုးသားရေးဝါဒက အခြေပြုကာ အာဏာတည်မြဲရေး ကြိုးပမ်းနေဆဲ ဖြစ်သည်။ လူမျိုးပေါင်းစုံနေထိုင်သော အိန္ဒိယတွင် မိုဒီ၏ BJP ပါတီ အာဏာရလာပြီးနောက် ဟိန္ဒူအစွန်းရောက်

THE RED FLAG

အမျိုးသားရေးဝါဒကို သွတ်သွင်းလျက်ရှိသည်။ မိုဒီ၏ လူပြိန်းကြိုက်ဝါဒသည် အောက်ခြေလူတန်းစားများအတွက် စီးပွားရေး ဖွံ့ဖြိုးရေး မူဝါဒ၊ တပါးသူများ၏ လွှမ်းမိုးချုပ်ကိုင်မှု (အထူးအားဖြင့် မွတ်စလင်) အပေါ် စိုးရိမ်ချက်အပေါ် အခြေခံသည်။ ဆင်းရဲသားများအတွက် ဦးဆောင်ဦးရွက်ပြုသူဟု သူ့ကိုယ်သူ ပုံဖော်ကာ ဟိန္ဒူများနှင့် အခြားတိုင်းရင်းသားများ ပိုမိုသွေးကွဲစေနိုင်သည့် မိန့်ခွန်းများ မူဝါဒများကို ချမှတ်လျက်ရှိသည်။ သို့သော် အချက်အလက်များအရမူ သူ၏ မူဝါဒများကြောင့် ဝင်ငွေနိမ့်လူတန်းစားများကို ပိုမိုဆိုးရွားစေလျက်ရှိသည်။ ထိုအပြင် အိန္ဒိယ၏ လူမျိုးပေါင်းစုံ သဟဇာတ ဖြစ်စွာ နေထိုင်သော ဒီမိုကရေစီ ပုံရိပ်ကို နိုင်ငံတကာအလယ် အကြီးအကျယ် ထိခိုက်စေလျက်ရှိသည်[3]။

ယင်းမှာ လူအများကို ညို့ယူဖမ်းစားနိုင်သည့် လူပြိန်းကြိုက်ဝါဒီဖြစ်ပြီး အာဏာရှင်စနစ်သို့ ဦးတည်သွားနေကြောင်း အိန္ဒိယနိုင်ငံရေးသမားအချို့က ဝေဖန်လျက်ရှိသည်။ လူအများ ရုတ်တရက်သဘောခွေ့နိုင်သော အမျိုးသားရေးဝါဒကို အာဏာတည်မြဲရေးအသုံးချနေသည်ဟု ၎င်းတို့က ဆိုသည်။ လယ်သမား၊ အလုပ်သမား၊ အမျိုးသမီး၊ လူငယ်တို့အတွက် မည်သို့သော မူဝါဒများ ရှိကြောင်း ပြောဆိုခြင်းမရှိဘဲ ဘာသာရေး၊ လူမျိုးရေး ကိစ္စများကိုသာ ဖောင်းပေးပြောဆိုစည်းရုံးနေခြင်းအတွက် မိုဒီကို ဝေဖန်လျက်ရှိသည်[4]။

ယင်းမှာ မူဝါဒ အချက်အလက်အခြေခံထက် လူထုပရိသတ်ကို စိတ်ခံစားမှု ဖောင်းပေးသည့် စည်းရုံးမှုအဖြစ် ဝေဖန်ခံရသည်။ ခေတ်သစ်နိုင်ငံရေး ဝန်းကျင်တွင်မူ မူဝါဒအသားပေးထက် လူထုကို ကျလောက်အောင် ပြောဆိုနိုင်သည့် အမှန်အတရားအလွန် ဂျင်းနိုင်ငံရေး (Post-truth Politics) မှာ များစွာ ထင်ရှားလာသည်။ ရှေးယခင်ကလည်း ဟစ်တလာ၊ မော်စီတုန်း တို့ကို အဟောအပြောကောင်း၊ လူထုကို စိတ်ညို့လာပြော ပြောဆို လှည့်စားနိုင်စွမ်းရှိသူများ အဖြစ် သတ်မှတ်ခဲ့သည်[5]။

စီးပွားရေး၊ လူမှုရေး မညီမျှတို့အပေါ် စိတ်အချည်ပေါက်နေသော အောက်ခြေလူတန်းစားတို့ကို အဓိက ဦးတည်သော ဂျင်းနိုင်ငံရေးဖြစ်သည်။ အချက်အလက်အပေါ် အခြေမခံသော နိုင်ငံရေး ဟောပြောစည်းရုံးမှုများ၊ လူတို့၏ ဒေါသစိတ်ကို ဆွပေးသော စည်းရုံးမှုများ၊ အမျိုးသားရေး ဝါဒီများ၏ ခံစားချက်ကို ထိစေသော စည်းရုံးမှုများဖြစ်သည်။ မှန်သည် မှားသည် နောက်ထား။ ကြားကောင်းသော၊ နားဝင်ကောင်းသော၊ လူအများ ခိုက်လောက်သော စကားလုံးလှလှများ ပစ်သွင်းသောနိုင်ငံရေး အခြေခံဖြစ်သည်။

---

3 Modi's India: Hindu nationalism and the rise of ethnic democracy on JSTOR. (n.d.-b). https://www.jstor.org/stable/j.ctv1dc9jzx

4 Migrator. (n.d.). *Dictators use nationalism to captivate people: Gehlot*. Deccan Herald. https://www.deccanherald.com/india/dictators-use-nationalism-to-captivate-people-gehlot-731380.html

5 Márquez, X. (2023). *Non-democratic politics: Authoritarianism, dictatorship, and democratization*. Bloomsbury Academic.

ခေတ်သစ် နိုင်ငံရေး သိပ္ပံတွင် ဒေါ်နယ်ထရမ့် သမ္မတ မဲဆွယ်စည်းရုံးစဉ် နှင့် Brexit (ဗြိတိန်က ဥရောပသမဂ္ဂ မှ ခွဲထွက်ရေး) မဲဆွယ်ကာလတို့ကို အဓိက ရည်ညွှန်းပြောဆိုကြသည်။

အမေရိကန်ပြည်ထောင်စု ကြီးမြတ်အောင် ပြန်လည်ကြံဆောင်မည်ဟူသော မဲဆွယ်စကားကို ဒေါ်နယ်ထရမ် အဓိက သုံးသည်။ အိုဘားမား၏ မွေးစာရင်းမှာ အတုကြီး၊ အိုဘားမားမှာ IS မွတ်ဆလင် အကြမ်းဖက်အဖွဲ့ကို မွေးဖွားပေးခဲ့သူကြီး၊ အမေရိကန် ယခုဒုက္ခရောက်နေသည်မှာ ယခင် သမ္မတတို့၏ လုပ်ရပ်ကြောင့် စသည့် လူအများကို ခိုက်လောက်သည့် စကားလုံးများသုံးသည်။

Brexit မဲဆွယ်ကာလတွင်လည်း ထိုသို့သော လူအများကို လွယ်လွယ်ထိထိ ဖြစ်နိုင်မည့် ဂျင်းစကားလုံးများကို သုံးသည်။ ဥရောပ သမဂ္ဂ (EU) မှ ထွက်လိုက်ပါက ဗြိတိန် ကျန်းမာရေး စောင့်ရှောက်မှု အတွက် တစ်ပတ် ပေါင် သန်း ၃၅၀ လောက်ပိုသုံးနိုင်မည်။ တူရကီက EU အဖွဲ့ဝင်တော့မည်၊ ထိုကြောင့် တူရကီက လူတွေ အုံလိုက်ကျင်းလိုက် ဗြိတိန်ကို လာကြတော့မည်၊ Brexit ဟုဆိုတိုင်း ဥရောပ ဈေးကွက်မှ ထွက်ခြင်း မဟုတ် စသည့် မမှန်သတင်းများ ဖြန့်ပြီး မဲဆွယ်ခဲ့ကြသည်။

၎င်းတို့မှာ လူအုပ်စု တစ်ခုခု၊ စနစ်တစ်ခုခု ကြောင့် တိုင်းပြည်နိုင်ငံ လူမျိုးတို့ကို မည်သို့ထိခိုက်နေသည် ဟု မဟုတ်မမှန် လိမ်လည်ပြီး အမျိုးသားရေးဂျင်းထည့်ခြင်း တစ်မျိုးလည်းဖြစ်သည်။

## မြန်မာသမိုင်းစဉ်

မြန်မာနိုင်ငံ၏ အမျိုး ဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသားရေး ဝါဒသည် လွတ်လပ်ရေး မရမီ ဗြိတိသျှ ကိုလိုနီဆန့်ကျင်ရေးနှင့် တွဲပါခဲ့သည်။ ထိုအချိန်က အုပ်ချုပ်သူ လူတန်းစားများ မျက်နှာဖြူများ၏ ဖိနှိပ်မှုများ၊ အိန္ဒိယနိုင်ငံမှ ခေါ်ယူထားသော အလယ်လတ်တန်းစား ဗျူရိုကရက်များ၊ ချစ်တီးကဲ့သို့သော ကုန်သည် လယ်လုပ်လူတန်းစားများက မြန်မာအနွယ်တိုင်းရင်းသားများ အပေါ် ဖိနှိပ်မှု များကို တွန်းလှန်ခြင်းဖြင့် ပေါ်ထွက်လာသည်။ ကိုလိုနီစနစ်၏ လူမျိုးခွဲခြားရေး စနစ်အပေါ် ဆန့်ကျင် တော်လှန်ရင်း မြန်မာ၊ ဗုဒ္ဓဘာသာကို အခြေခံသော အမျိုးသားရေး ဝါဒထွက်ပေါ်လာသည်။

ဗုဒ္ဓကလျာဏ ယုဝအသင်း (YMBA) ၏ အဓိက ဆောင်ပုဒ်မှာ အမျိုး ဘာသာ သာသနာ ပညာ ဖြစ်သည်။ 'အမျိုးကို ချစ်ပါ၊ ဘာသာ သာသနာကို လေးစားပါ၊ ပညာကို တန်ဖိုးထားပါ' ဟု ဖြစ်သည်။ ယင်းမှာ ကိုလိုနီဆန့်ကျင်ရေးတွင် အမျိုးဘာသာ သာသနာကို အခြေခံသော လှုပ်ရှားရေး ဆောင်ပုဒ် အဖြစ် ကျော်ကြားသည်။

THE RED FLAG

ယင်းနှင့်ဆယ်စုနှစ် ၂ ခုအကျော်တွင် ပေါ်ပေါက်လာသော တို့ဗမာ အစည်းအရုံးသည်လည်း မနီးရိုးစွဲ ဆောင်ရည်ချက် ရှိသည်။ တို့ဗမာ အစည်းအရုံး၏ ထင်ရှား ကြွေးကြော်သံမှာ 'ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည်တို့စာ၊ ဗမာ စကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ' ဟု ဖြစ်သည်။

ပါလီမန်အစိုးရခေတ် ဝန်ကြီးချုပ် ဦးနု လက်ထက် ၁၉၆၁ ခုနှစ်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့သည်။ ထိုအချိန်က ဗုဒ္ဓဘာသာ ကိုင်းရှိုင်းသော ဦးနုကို ဘုရားလောင်းဟုပင် ထင်ကြေးပေးကြသော လူထုပရိသတ်ရှိခဲ့သည်။

၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားသား မုန်းတီးရေးနှင့် ဗမာ မဟုတ်သော အပေါ် အခြေခံသည့် အုပ်ချုပ်စီမံမှုများ လုပ်ကိုင်ခဲ့သည်။ အထူးသဖြင့် (ဦးနေဝင်းကိုယ်တိုင် တရုတ်စပ်သည့်တိုင်) တရုတ်ဆန့်ကျင်ရေး ပြောင်ပြောင်တင်းတင်း လုပ်ဆောင်ခဲ့သည်။ ယင်းအပြင် အိန္ဒိယမျိုးနွယ်စုများကို ပစ်မှတ်ထားပြီး ဓနဥစ္စာများကို ပြည်သူပိုင်ဟုဆိုကာ သိမ်းယူခဲ့သည်[6]။ အုပ်စိုးသူ လူတန်းစားကို ပြည်သူလူထုက အုံကြွဆန့်ကျင်လာမည့် အရေး ပေါ်လာတိုင်း၊ သို့တည်းမဟုတ် နိုင်ငံ အကျပ်အတည်း တွေ့လာချိန် လူထုကို အာရုံလွှဲချိန်တိုင်းတွင် တရုတ်/ကုလား အရေးအခင်းများ ဖန်တီးလေ့ရှိသည် (၁၉၆၇ တရုတ်-မြန်မာ အရေးအခင်း၊ ၂၀၁၃ မိတ္ထီလာ အရေးအခင်း၊ ရိုဟင်ဂျာ အရေးအခင်း ၂၀၁၇)။

ယင်းတို့နှင့် တစ်ဆက်တည်း သာသနာကို စောင့်ရှောက်သည်ဆိုသည့် မြန်မာ အုပ်စိုးသူ လူတန်းစား၏ သရုပ်သကန်မှာ တွဲပါလာသည်။ မြန်မာ ပဒေသရာဇ်ခေတ်က စခဲ့သည့် သာသနာကို စောင့်ရှောက်သည် ဆိုသည့် အလေ့အထကို ယနေ့ခေတ် စစ်စနစ်တိုင် ဆွဲကိုင်ထားဆဲဖြစ်သည်။

ဥရောပတလွှား နန်းတော် (ဘုရင်) နှင့် ကျောင်းတော် (ဘာသာရေးခေါင်းဆောင်) တို့ ပေါင်းပြီး ပြည်သူ တို့ကို လှည့်စားဂျင်းထည့်ခဲ့ကြသည်။ မြန်မာ့ပဒေသရာဇ်ခေတ်တွင်လည်း ဘုရင်နှင့် ဘုန်းကြီး အပြန်အလှန် အထောက်အကူပြုကာ အာဏာ၊ သာသနာတည်မြဲရေး ကြံဆောင်ခဲ့ကြသည်။ ဘုန်းကြီးတို့ကလည်း မင်းဆရာဖြစ်ချင်ကြသလို၊ ဘုရင်များကလည်း သာသနာကို ချီးမြှောက်သူ မင်းကောင်းမင်းမြတ် အမည်တွင် လိုကြသည်။ ထိုသို့ဖြင့် အမျိုး (လူမျိုး) ကို ဘာသာ သာသနာ တွဲထားလိုက်ကြသည်။ ယင်းသို့တွဲထားချက်မှာ ကိုလိုနီခေတ် တော်လှန်ရေးတွင် YMBA ၏ ဆောင်ပုဒ်၊ တို့ဗမာ အစည်းအရုံးတို့ ကြွေးကြော်သံတို့၏ အခြေခံဖြစ်လာသည်ဟု ဆိုနိုင်သည်။

---

[6] MUKHERJEE, K. (2022). *Race, ethnicity and religion in conflict across Asia*. ROUTLEDGE.

ခေတ်အဆက်ဆက် မြန်မာ့တပ်မတော် ခေါင်းဆောင်တို့မှာ ဘာသာရေးနှင့် ဘာသာရေး ခေါင်းဆောင်များ၏ စွမ်းအားကို အသုံးချကာ လူထုနှင့် ၎င်းတို့ စစ်ဗိုလ်စစ်သားနောက်လိုက်တို့ကို လွှမ်းမိုးစည်းရုံးရန် အမြဲတစေ လုပ်ဆောင်ခဲ့ကြသည်[7]။ စစ်အာဏာရှင် တရားဝင်မှု ပြုနိုင်ရေးအတွက် သော်လည်းကောင်း၊ စစ်အာဏာရှင်တို့မှာ ဘာသာရေးကို စောင့်ရှောက်သူ အဖြစ် ထင်မြင်လာစေရန် သော်လည်းကောင်း ဘာသာရေးကို အသုံးချသည်။ စစ်ဗိုလ်စစ်သား နောက်လိုက်များကိုလည်း ရဲဘော်မသေ၊ သေသော်ငရဲမလား ဟူသော ဆောင်ပုဒ်ရိုက်သွင်းကာ အမျိုးဘာသာ သာသနာကို စောင့်ရှောက်သူ၊ ကာကွယ်သူသည် ရဲဝံ့သူများအဖြစ် စိတ်ဓာတ်ထည့်သွင်းပေးထားသည်[8]။ ဗုဒ္ဓဘာသာဝင်မဟုတ်သူများသည် လူစင်စစ်များ မဟုတ်သဖြင့် (ငါးပါးသီလမလုံသူများ ဖြစ်သဖြင့်) ၎င်းတို့ကို သုတ်သင်ရှင်းလင်းခြင်းသည် အပြစ်မရှိကြောင်း ဘုန်းတော်ကြီး အချို့ကိုယ်တိုင် လူသိရှင်ကြား ဟောခဲ့သည်[9]။ ကုလားဆိုးများကို တိုင်းပြည်တွင်းမှ နှိမ်နင်းနိုင်ခဲ့ကြောင်းပင် တစ်ခါတရံ ပြောင်ပြောင်တင်းတင်း ဟောပြောခဲ့သေးသည်။

သီတဂူ ဆရာတော်သည် ထိုသို့သော ဟောပြောချက် အချို့ကြောင့် နာမည်ဆိုးရှိလာသည်။ ၂၀၂၂ ခုနှစ် မတ်အတွင်း ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည့် အခမ်းအနားတစ်ခုတွင် လက်ရှိ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို 'သဒ္ဒါ၊ ပညာနှင့် ပြည့်စုံသောမင်း' ဟု လူသိရှင်ကြား ချီးကျူးခဲ့သည်။

ထို့ကြောင့်ပင် မြန်မာ့ရှေးနိုင်ငံရေး စံနှုန်းဖြစ်သည့် အမျိုး ဘာသာ သာသနာကို လက်ရှိ စစ်အာဏာရှင်ကလည်း သိသိသာသာ အသုံးချနေသည်။

ပို၍ လွတ်လပ်ပွင့်လင်းလာသော မြန်မာနိုင်ငံသည် ဘာသာ သာသနာအတွက် အန္တရာယ်ရှိသည်၊ အနောက်တိုင်း ဒီမိုကရေစီ ဝါဒလွှမ်းမိုးလာပါက မြန်မာနိုင်ငံတွင် သာသနာ ကွယ်ပျောက်သွားနိုင်သည် ဆိုသည့် အာဏာရှင် အဆက်ဆက်၏ လက်သုံးစကားဖြင့် ဘုန်းတော်ကြီးများနှင့် ပြည်သူလူထုကို ဂျင်းထည့်သည်။ ဘုန်တော်ကြီးများနှင့် အာဏာရှင်တို့ အပြန်အလှန် အပေးအကမ်းပြုရင်း ဗုဒ္ဓဘာသာမှာ ထေရဝါဒ စကားလုံးအောက် အာဏာရှင် အလိုကျ ပုံဖော်နေရသော သာသနာ အဖြစ် ဆုတ်ယုတ်လာကြောင်း ဆောင်းပါးရှင် နဒီမင်းက ဧရာဝတီ တွင် ရေးသားထားသည်[10]။

---

[7] Myanmar's military mindset: An exploratory survey. (n.d.-c). https://www.griffith.edu.au/__data/assets/pdf_file/0023/1418333/Military-mindset-web.pdf

[8] ရဲသော်မသေ သေသော်ငရဲမလား. ရဲသော်မသေ သေသော်ငရဲမလား | Myawady Webportal. (n.d.). https://www.myawady.net.mm/node/780

[9] သီတဂူ ကျဆုံးမှုသည် နွေဦးတော်လှန်ရေး၏ အောင်မြင်မှုတစ်ခုဖြစ်သည်. Myanmar Now. (2023, November 30). https://myanmar-now.org/mm/news/13663/

[10] အာဏာရှင်နဲ့ ထေရဝါဒ. ဧရာဝတီ. (2023, July 16). https://burma.irrawaddy.com/article/2022/06/25/252779.html

ယနေ့ မြန်မာ စစ်အာဏာရှင် ခေတ်တွင် မဘသ ကဲ့သို့သော သံဃာ့ အဖွဲ့အစည်းများ၊ YMBA ကဲ့သို့သော အမျိုးသားရေး အဖွဲ့အစည်းများ၊ မဟော်သဓာကဲ့သို့သော ပညာရေး အဖွဲ့အစည်းများ၊ အခြေခံလူတန်းစား ဘဝတိုးတက်မြင့်မားရေးပါတီ ကဲ့သို့သော နိုင်ငံရေးပါတီများ၊ ပြည်သူ့စစ်၊ ပျူစောထီးကဲ့သို့သော လက်နက်ကိုင်များ၊ သတင်းသမား အမည်ခံ စစ်အာဏာရှင် ဝါဒဖြန့်ချိရေး ပလက်ဖောင်းများက ဘာသာရေး အရေခြုံကာ စစ်အာဏာရှင်ကို ချိတ်ဆက် အားဖြည့်ပေးလျက်ရှိသည်။ စစ်အာဏာရှင် ထောက်ခံပွဲများ ပြုလုပ်ခြင်း၊ အမျိုးသားရေး အစွန်းရောက် တရားပွဲများ ပြုလုပ်ခြင်း၊ စစ်လက်ကိုင်ဒုတ် မီဒီယာအမျိုးမျိုးမှ တစ်ဆင့် စစ်အာဏာရှင် ဆန့်ကျင်ရေး လှုပ်ရှားမှုများကို အပုပ်ချခြင်း၊ ယဉ်ကျေး လိမ္မာ အမည်ခံ တပ်တွင်း သင်တန်းများ ပို့ချခြင်း၊ လက်နက်ကိုင် ခြိမ်းခြောက်ခြင်း စသည့် နည်းအမျိုးမျိုး အသုံးချ လုပ်ဆောင်လျက်ရှိသည်[11]။

စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ဘုရားဒါယကာ အမည်ခံကာ နေပြည်တော်တွင် ဆင်းတုတော် တစ်ခုတည်ခဲ့သည်။ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဟု ဆိုသည်။ မာရဝိဇယဟု အမည်နာမတပ်ထားပြီး 'မာရ်နတ်မင်း၏ အနှောင့်အယှက် ရန်စွယ် အန္တရာယ်အပေါင်းကို အထူးအောင်တော်မူသော မြတ်စွာဘုရား'ဟု အနက်ပေါက်သည်။ ဗုဒ္ဓရုပ်ပွားတော်ကြီးကြောင့် တိုင်းပြည် အေးချမ်းသာယာမှု ရှိရန် ရည်ရွယ်သည်ဟု ဆိုသည်။ ထိုသို့ဖြင့် စစ်ခေါင်းဆောင်မှာ သာမန်ပြည်သူလူထုနှင့် စစ်ဗိုလ်စစ်သားတို့၏ အမြင်တွင် ဘုရားဒါယကာ၊ မင်းကောင်း မင်းမြတ်အဖြစ် မြင်လာရန် ပုံဖော်သည်။ ယင်းတို့ကား သာသနာနှင့် ဘုန်းတော်ကြီးများကို အသုံးချ၍ စစ်အာဏာရှင် တို့၏ ဝါဒဖြန့် လှည့်စားမှုဖြစ်သည်။

ဗုဒ္ဓဘာသာ ဘာသာကို စောင့်ရှောက်သော စစ်တပ်အပြင် နောက်ထပ်တွဲလုံးမှာ ဗမာလူမျိုးဖြစ်သည်။ အခြားတဖက်တွင်လည်း ဗမာမျိုးနွယ်စုဝင် မဟုတ်သော အခြား တိုင်းရင်းသားများကို ဘာသာခြားများ အဖြစ်လည်းကောင်း၊ သူပုန်အဖြစ်လည်းကောင်း၊ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် လုပ်ဆောင်နေသူများ အဖြစ် လည်းကောင်း တွဲထားလိုက်သည်။

ဗမာ ဗုဒ္ဓဘာသာစစ်တပ်သည် နိုင်ငံ၊ လူမျိုးနှင့် သာသနာကို ကာကွယ်နေသူများဖြစ်သည်။ တိုင်းရင်းသားများမှာ သူပုန်များဖြစ်သည်ဟု စစ်တပ်က အစဉ်တစ်စိုက်ရိုက်သွင်းထားသည်။ သို့သော် ယင်းအခြေခံမှာ ၂၀၂၁ ခုနှစ်နောက်ပိုင်း စစ်အာဏာရှင် တော်လှန်ရေးတွင် ပျက်သွားသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ဗမာများပင်လျှင် စစ်တပ်ကိုတွန်းလှန်လာကြသည်။ သို့သော် စစ်အာဏာရှင်တို့ကမူ စစ်အာဏာရှင်ကို တွန်းလှန်တိုက်ထုတ်နေသည်ဟု မမြင်သေးဘဲ၊ သို့တည်းမဟုတ် မမြင်ချင်ယောင်

11 အမျိုးသားရေး လှုပ်ရှားမှုများအား လေ့လာစောင့်ကြည့်မှု အစီရင်ခံစာ၊ အောက်တိုဘာ ၂၀၂၁

ဆောင်ပြီး လူထုကို လမ်းလွှဲနေသေးသည်။ ဗမာ၊ ဗမာချင်း တိုက်နေသည့် စစ်ပွဲကို အုံ့ဩလှကြောင်း ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် စစ်ကောင်စီ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ချုပ် ဇော်မင်းထွန်းက ဆိုသည်။

'KIA ခေါင်းဆောင်တယောက်ပြောတာ ရှိတယ်။ သူတို့ရဲ့စစ်ကိုင်းနဲ့ အနီးဆုံးနေရာက လက်နက်တိုက်ကို ဖွင့်ပေးလိုက်တာပဲ။ စစ်ကိုင်းတိုင်းကြီးက မီးဟုန်းဟုန်းတောက်နေတယ်။ KIA အနေနဲ့ သူတို့ရဲ့လက်နက်တွေ အကုန်လုံးသာ ပေးရရင် မြန်မာပြည်တပြည်လုံး ဒုက္ခရောက်သွားမယ်ပေါ့။ အဲဒီပြောစကား အပေါ်မှာ ထောက်ခံတဲ့သူလည်း ရှိတယ်။ ဝမ်းသာတဲ့သူလည်း ရှိတယ်။ ကျွန်တော် မေးချင်တာက အဲဒီလို ပြောတဲ့စကားအပေါ်မှာ ထောက်ခံနေကြတဲ့ ... ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဗျာ၊ ထောက်ခံနေကြတဲ့ ဗမာတွေကို အံ့ဩတယ်။ ဗမာတွေကို အံ့ဩတယ်။ ထပ်ပြောမယ် အဲဒီ ထောက်ခံနေကြတဲ့ ဗမာတွေကို အံ့ဩတယ်။ ခေါင်းထဲမှာ နက်နက်နဲနဲ စဉ်းစားကြည့်ပါ။ ခေါင်းထဲမှာ နက်နက်နဲနဲ စဉ်းစားကြည့်ပါ။ ဒီထဲက မီဒီယာအချို့လည်း ပါပါတယ်။ ဗမာ ဗမာချင်း သတ်နေတာကို၊ ဗမာ ဗမာချင်း သတ်တာကို (ထပ်ခါပြော) အားပေးအားမြှောက် လက်ခုပ်တီးနေတာကို ရောယောင်ပြီးတော့မှပဲ လက်ခုပ်တီးပြီး အားပေးနေကြသေးတယ်။ ပြန်လည် ဆင်ခြင်ကြည့်ပါ။ ဒီလောက်ပဲ ကျွန်တော် ပြောချင်ပါတယ်"

ယင်းမှာ ဗမာလူမျိုးနှင့် စစ်တပ် ကို တထပ်တည်းထားပြီး အခြားတိုင်းရင်းသားများကို သူများအုပ်စု၊ မတူသောအုပ်စု အဖြစ် သတ်မှတ်ထားသည့် စစ်တပ်၏ အမြင်ကို ဘွင်းဘွင်းကြီး ပေါ်လွင်စေသည်။

အမျိုးသားရေး ဝါဒဆိုတိုင်း မကောင်းဆိုးဝါးတစ်ခုတော့ မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ဖြစ်နေသည်မှာ မျက်ကန်းမျိုးချစ်ဖြစ်ကြောင်း စာရေးဆရာမြင့်သန်းက ဆိုသည်[12]။ မြန်မာစစ်တပ်တည် ပုံသွင်းထားသော အမျိုးသားရေးဝါဒမှာ မြင့်သန်း ညွှန်းဆိုသလိုပင် စဉ်းစားဆင်ခြင်ခြင်းကို အားမပေးသည့်၊ တစ်ဖက်အုပ်စုများကို အမုန်းတရားသွတ်သွင်းထားသည့် မျိုးချစ်စိတ်၊ အမျိုးသားရေး ဝါဒဖြစ်သည်။

အမျိုးသားရေးဝါဒ၊ တိုင်းချစ် ပြည်ချစ်စိတ်တွင် အကောင်းဘက်အခြမ်းများလည်း ရှိသည်။ စာရေးဆရာကိုတာကတော့ ယဉ်ကျေးဖွယ်ရာ ရှိသော နိုင်ငံချစ်စိတ်ဟု ညွှန်းသည်။ နာမည်ကျော် စာရေးဆရာ မြသန်းတင့်၏ သမိုင်းစကား၊ ပန်းစကား စာအုပ်ပါ ဆောင်းပါးတစ်ရပ်၏ ကောက်နုတ်ချက်ဖြင့် ယခုအခန်းကို အဆုံးသတ်လိုပါသည်။

12 https://www.bbc.com/burmese/in-depth-48541363?fbclid=IwAR0p0pZfUd1fbajH2h8Zq3YQJMPNCgqsMiLIKtjmIopZOnjE2UExrXSenGY

“အမျိုးသားဝါဒ၏ အကောင်းဆုံး ပုံသဏ္ဍာန်သည် နွေးထွေးလှိုက်လှဲသော မျိုးချစ် ဝါဒဖြစ်သည်။ အိုလံပစ်ပွဲတော်များတွင် ကိုယ့် အမျိုးသား သီချင်းကို ကြားလိုက်သည်နှင့် လည်ချောင်းထဲတွင် တစ်ဆို့ကာ ကြက်သီးတဖြန်းဖြန်း ထစေသော စိတ်ဓာတ်ဖြစ်သည်”

စစ်တပ်သည် အမျိုးကို စောင့်ရှောက်သူအဖြစ် ပုံဖော်သည်။ လာမည့် အခန်းတွင် အာဏာရှင်တို့ စစ်တပ်ကို လက်ကိုင်ဒုတ် အဖြစ် မည်သို့ အသုံးချနေသည်ကို လေ့လာကြည့်နိုင်သည်။

THE RED FLAG

## ဖဲချပ် (၂)

# တပ်မတော်သည် နိုင်ငံတော်ကို စောင့်ရှောက်သည်

မြန်မာ့လွတ်လပ်ရေးနှင့် အတူပေါက်ဖွားလာသည့် တပ်မတော်။ အမျိုးသာသာ သာသနာကို စောင့်ရှောက်သည့် တပ်မတော်။ တပ်မတော်သည် နိုင်ငံတော်ကို ထိန်းသိမ်း စောင့်ရှောက်သည် စသည်ဖြင့် ညွှန်းဆိုလေ့ရှိသည်။

မှန်ပါသည်။ အာဏာရှင်တို့အတွက် အဓိက လက်သုံး အထူးအင်စတီကျူးရှင်းမှာ တပ်မတော်ဖြစ်သည်။ 'Perfect Agent' ဟု သုံးလေ့ရှိသည်[13]။ အာဏာရှင်တို့အတွက် အထူးပြည့်စုံတော်မူသော လက်ကိုင်သင်းပင်းအဖွဲ့ဖြစ်သည်။ ယင်းအပြင် အခြားနိုင်ငံ၏ အင်စတီကျူးရှင်းများ ကဲ့သို့မဟုတ်။ ထူးကဲသာလွန်သော ဝိသေသတို့ကို သုံးလေ့ရှိသည်။ အများအားဖြင့် စစ်တပ်ကို တိုင်းပြည်၏ အုပ်ထိန်းသူ၊ ကာကွယ်စောင့်ရှောက်သူဟု သုံးလေ့ရှိသည်[14]။

သို့သော် အချို့သောနိုင်ငံများတွင် ခေတ်သစ်တပ်မတော် တို့သည် တိုင်းပြည်ကို ကာကွယ် စောင့်ရှောက်သည် ဆိုသည့်တိုင် နိုင်ငံ့ အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့် ကြည့်လေ့ရှိသည်။ စစ်ဗိုလ် စစ်သားတစုတဖွဲ့တည်း၏ အကျိုးအတွက်သက်သက် ဦးတည်လေ့မရှိ။

အာဏာရှင်စနစ် ခေါင်းဆောင်ဆိုတိုင်း စစ်ဗိုလ်၊ စစ်သားများ ဖြစ်လေ့ရှိသည် မဟုတ်သော်လည်း (ဥပမာ ဟစ်တလာ (ဂျာမနီ)၊ ဆဒန်ဟူစိန် (အီရတ်)၊ ဖာနန်ဒို မားကို့စ် (ဖိလစ်ပိုင်)) အာဏာပိုင်/အာဏာရှင်စနစ်အတော်များများတွင် စစ်အလေ့အကဲတို့ လွန်စွာ လွှမ်းမိုးလေ့ရှိသည်။

စစ်တပ်သည် လက်နက်ကိုင် အထွဋ်အခေါင်အဖွဲ့ဖြစ်ရာ အခြားအင်စတီးကျူးရှင်များထက် ခေါင်းတလုံးထက်မက ပိုမြင့်သော နေရာတွင် ယူထားလေ့ရှိသည်။ စစ်တပ်သည် နိုင်ငံကို တိုင်းတပါးရန်မှ ကာကွယ်ပေးသည်။ တိုင်းပြည်အတွင်း ကောင်းမွန်စွာ လည်ပတ်နိုင်ရေး ကာကွယ်ပေးထားသည်ဟုလည်း အမွှန်းတင်တတ်ကြသည်။ ယင်းသို့ အမွှန်းတင် ဝါဒဖြန့်မှုနှင့် အတူ အရေးကြီးသော အခြား အချက်တချက်မှာ အာဏာရှင်တို့မှာ စစ်တပ်ကျောထောက်နောက်ခံ မရှိဘဲ ဆက်လက်ရှင်သန်ရပ်တည်နိုင်ခြင်း

---

13 Acemoglu, D., Ticchi, D., & Vindigni, A. (2008). *A theory of military dictatorships*. National Bureau of Economic Research.

14 Márquez, X. (2023). *Non-democratic politics: Authoritarianism, dictatorship, and democratization*. Bloomsbury Academic.

မရှိပါ။ အချို့သော အရပ်သား အာဏာရှင်များကလည်း စစ်တပ် ကျောထောက်နောက်ခံယူကာ၊ စစ်တပ်၏ အကျိုးစီးပွားဖော်ဆောင်ပေးခြင်းဖြင့် တိုင်းပြည်ကို ခြယ်လှယ်လေ့ရှိသည်။

ဖိလစ်ပိုင် သမ္မတ ဖာနန်ဒို မားကို့စ်သည် သူ၏ သမ္မတ သက်တမ်း (၁၉၆၅-၁၉၈၆) အတွင်း စစ်တပ်နှင့် ကျေးဇူးခံ-ကျေးဇူးစား ဆက်ဆံရေး တည်ဆောက်ပြီး ပြည်သူတို့ကို ဖိနှိပ်အုပ်ချုပ်သည်။ ရွေးကောက်ပွဲဖြင့် တက်လာသည့် အရပ်သား အာဏာရှင် အဖြစ်ကျော်ကြားသည်။ ထိုနည်းတူ ပီရူးနိုင်ငံရေးသမား ဖူဂျီမိုရီသည် ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရပြီး သမ္မတဖြစ်လာပြီးနောက် ၂ နှစ်အကြာ စစ်တပ်၏ ထောက်ခံချက်ဖြင့် လွှတ်တော်၊ လွတ်လပ်သော တရားစီရင်ရေးစနစ်ကို ဖျက်သိမ်းခဲ့သည်။ (ယင်းကို နိုင်ငံခေါင်းဆောင်က ကိုယ်တိုင်စီစဉ် ကျူးလွန်သော အာဏာသိမ်းမှု - Self-coup အဖြစ်လည်း တွင်ကျယ်ခဲ့သည်)။ ထိုနောက် မီဒီယာ ဆင်ဆာဖြတ်တောက်မှုများလုပ်ကိုင်ခြင်း၊ အများပြည်သူကို ဖိနှိပ်ခြင်းတို့ဖြင့် စစ်တပ် ထိန်းချုပ်သော နီယိုလစ်ဘရယ်စီးပွားရေးပုံစံကို တည်ထောင်ခဲ့သည်။

အချို့သော စစ်တပ်များသည် အာဏာသိမ်းစရာမလိုဘဲ တိုင်းပြည်နိုင်ငံ့ရေးရာများကို လွှမ်းမိုးလေ့ရှိသည်။ သို့သော် အာဏာသိမ်းခြင်း ဆိုသည့် အလေ့အထသည် နိုင်ငံရေးတွင် ပါဝင်စွက်ဖက်လိုတိုင်း အများဆုံး လုပ်လေ့လုပ်ထရှိသည့် ကိစ္စဖြစ်သည်။

အာဏာသိမ်းတိုင်းလည်း စစ်အုပ်ချုပ်ရေး ဖြင့် သွားချင်မှ သွားလေ့ရှိသည်။ အာဏာသိမ်းတိုင်းလည်း အကြမ်းဖက်မှုများ လွန်လွန်ကျူးကျူးဖြစ်ချင်မှ ဖြစ်လေ့ရှိသည်။ အချို့အာဏာသိမ်းမှုများတွင် စစ်အုပ်ချုပ်ရေးကာလတိုဖြင့် အဆုံးသတ်သွားလေ့ရှိသည်။ စစ်အုပ်ချုပ်ရေး ထိုသို့ ခပ်တိုတိုဖြင့် အဆုံးသတ်သွားတိုင်း ဒီမိုကရေစီသို့ ကူးပြောင်းသွားသည်ဟုတော့ တစ်ထစ်ချမမှတ်ယူနိုင်ပါ။ အာဏာရှင် တနည်းနည်းဖြင့် လွှမ်းမိုးသော အုပ်ချုပ်ရေးဖြင့်လည်း ဆက်သွားနေနိုင်သည်။

ဖိလစ်ပိုင် အာဏာရှင် မားကို့စ်သည် နိုင်ငံအတွင်း ၎င်းကို ဆန့်ကျင်သူများကို ကွန်မြူနစ်များဟု တံဆိပ်ကပ် ဝါဒဖြန့်သည်။ တိုင်းပြည် ကွန်မြူနစ်ရန်ရှိနေသည်ဟု ချဲ့ကားပြောဆိုကာ အရေးပေါ်အမိန့်ထုတ်ကာ တင်းတင်းကျပ်ကျပ် အုပ်ချုပ်သည်။ မီဒီယာများကို နှိပ်ကွပ်သည်။

ထိုနည်းတူစွာပင် ပီရူးအာဏာရှင် ဖူဂျီမိုရီသည် လက်ယာနိုင်ငံရေး သမားများကို ပီရူး၏ ထာဝရ ရန်သူတော်အဖြစ်သော်လည်းကောင်း၊ သူကိုယ်တိုင်အား ယင်းတို့ကို ဖယ်ရှားမည့် သူရဲကောင်း အဖြစ်သော်လည်းကောင်း ပုံဖော် ဝါဒဖြန့်ခဲ့သည်။ လူထုကို လှည့်စားသည့် နည်းနာ အသုံးပြုခဲ့သည်။

နှစ်ဦးစလုံးမှာ စစ်တပ်ကို လက်ကိုင်ဒုတ်အဖြစ် အသုံးချခဲ့သည်။

THE RED FLAG

## အကျိုးစီးပွားနှင့် စစ်တပ်

အချို့စစ်တပ်များမှာ တိုင်းပြည် အကျိုးစီးပွားထက် စစ်တပ်၏ အကျိုးစီးပွား၊ စစ်တပ်ခေါင်းဆောင်များနှင့် ပတ်သက်ဆက်နွှယ်သောသူများ၏ စီးပွားရေး နိုင်ငံရေး အကျိုးအလို့ငှာ တိုင်းပြည် အာဏာကို သိမ်းယူလေ့ရှိသည်။ စစ်တပ်နှင့် ပတ်သက်ဆက်နွှယ်သူများဟု ဆိုရာတွင် တိုင်းပြည်၏ စီးပွား ရေး နိုင်ငံရေး အာဏာကို ချုပ်ကိုင်ထားသော၊ ဆက်လက်ချုပ်ကိုင်ထားလိုသော လူမလိုင်အုပ်စု ခရိုနီများ၊ အိုလီဂါ့များ၏ အကျိုးအလို့ငှာလည်း အာဏာသိမ်းလေ့ရှိသည်[15]။

ယင်းနှင့်သဘောတရားတူသော နောက် သီဝရီတစ်ခုမှာ လူထုလူတန်းစား အသီးသီး၏ နိုင်ငံရေး ရေချိန်မြင့်မားလာသော အခါတွင်လည်းကောင်း၊ နိုင်ငံရေးသမားတို့က လူတန်းစား ညီမျှရေး အလို့ငှာ ဓနဥစ္စာကို စနစ်အားဖြင့် ခွဲဝေဖြန့်ဖြူးရေး မူဝါဒချလုပ်ဆောင်လာသော အခါတွင်လည်းကောင်း အာဏာ သိမ်းခြင်း ဖြစ်ပေါ်လေ့ရှိသည်[16]။ လူလတ်တန်းစားတို့ ဉာဏ်အလင်းပွင့်လာပြီး ဖိနှိပ်သူ ထိပ်ပိုင်း လူ့မလိုင် လူတန်းစားတို့ကို ခြိမ်းခြောက်လာနိုင်သောအခါ စစ်တပ်က အာဏာသိမ်းလေ့ရှိသည်။

တိုင်းပြည်တွင်း စီးပွားရေး အရင်းအမြစ်များကို ထိန်းချုပ်ရန်လည်း အာဏာရှင်တို့ အာဏာသိမ်းခြင်း၊ အာဏာ လက်မလွှတ်လိုခြင်းတို့ ရှိတတ်သည်။ ထို့ကြောင့် အာဏာသိမ်းခြင်း၊ တိုင်းပြည် ဒီမိုကရေစီနှင့် ဝေးကွာခြင်း အကြောင်းတရားများ အနက်တစ်ခုမှာ သယံဇာတပေါကြွယ်ဝခြင်း ဖြစ်သည်။

(ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ပါက အခြားတစ်ဖက်တွင် ကောင်းကျိုးများ ရှိသော်လည်း) သဘာဝ သယံဇာတကြွယ်ဝသော တိုင်းပြည်အများအပြားတွင် နိုင်ငံရေး ပဋိပက္ခများ ရောပြွန်းနေတတ်ပြီး ဒီမိုကရေစီ စနစ်တည်ဆောက်ရေး မအောင်မမြင် ဖြစ်ရတတ်သည်။ တောင်အာဖရိက နိုင်ငံများဖြစ်သော ဇမ်ဘီယာ၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ တိုဂို စသည်တို့မှာ အဓိက နမူနာများ ဖြစ်သည်။

တိုင်းပြည်က သယံဇာတကြွယ်ဝသည်။ သို့သော်လည်း အုပ်ချုပ်သူက ချိနဲ့သည်။ (အုပ်ချုပ်သူဆိုသည်မှာ အာဏာရှင် အုပ်ချုပ်ရေးလည်း အကျုံးဝင်သည်) ချိနဲ့သည်ဟုဆိုရာတွင် တိုင်းပြည်ကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စွမ်း မရှိမှု၊ စီမံအုပ်ချုပ်ရေး အင်စတီကျူးရှင်းများ အားနည်းမှုကို ဆိုလိုသည်။ ထိုအခါ သယံဇာတကပ်ဘေး ဖြစ်ပြီး တိုင်းပြည် ဆင်းရဲမည်။ အာဏာရှင်တို့ အာဏာပိုင်စိုးဖို့ ပိုလွယ်နိုင်သည်။

---

[15] Acemoglu, D., Ticchi, D., & Vindigni, A. (2008). *A theory of military dictatorships*. National Bureau of Economic Research.

[16] Geddes, B., Frantz, E., & Wright, J. (2018). *How dictatorships work: Power, personalization, and collapse*. Cambridge University Press.

အခြားတဖက်တွင်လည်း သယံဇာတများကို အခြား အကျိုးဆိုင်အုပ်စုများနှင့် ညီမျှစွာ ခွဲဝေသုံးစွဲနိုင်ခြင်း မရှိပါက ပြည်တွင်းစစ်၊ တိုင်းရင်းသားလူမျိုးများနှင့် ပဋိပက္ခများ ဖြစ်စေသည်[17]။

ထိုသို့အားဖြင့် စစ်တပ်၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးရာရောက်သည်။ အချို့သော လူအုပ်စုများက မငြိမ်မသက်မှုများကို နှိမ်နင်းရန်၊ ငြိမ်ဝပ်အောင် လုပ်ရန် စစ်တပ်အင်အားကြီးရမည် ဆိုသည့် သဘောတရားများ ရိုက်သွင်းခံရနိုင်သည်။ ထိုသို့ဖြင့် စစ်တပ်၏ အခန်းကဏ္ဍ၊ အာဏာရှင်၏ အခန်းကဏ္ဍ မည်မျှအရေးကြီးကြောင်း ဝါဒဖြန့် လှိမ့်လုံးသွင်းခံရနိုင်သည်။

ပြင်ပရန်မှ ကာကွယ်ရန် သော်လည်းကောင်း၊ (ဒီမိုကရေစီကို ခြိမ်းခြောက်သူ-သူပုန်-ကွန်မြူနစ်-အနောက်သြဇာခံ စသည့် တံဆိပ်အမျိုးမျိုးကပ်ကာ) အတွင်းရန် မှ ကာကွယ်ရန် သော်လည်းကောင်း အကြောင်းပြ အာဏာရယူလေ့ရှိသည်။ လူထုကိုလည်း နည်းအမျိုးမျိုးဖြင့် အယုံသွင်းရန် သော်လည်းကောင်း၊ အာဏာသိမ်း ခေါင်းဆောင်၏ နောက်လိုက်ဗိုလ်ထုတို့ကို နည်းအမျိုးမျိုးဖြင့် လှည်ဖျား အယုံသွင်းရန် သော်လည်းကောင်း ဝါဒဖြန့်လေ့ရှိသည်။

အာဏာရှင်တို့သည် စစ်တပ်ကို အသုံးပြု၍ အာဏာရအောင်ပြုလုပ်ခြင်း (အာဏာသိမ်းခြင်း)၊ အာဏာရလာချိန်တွင် အာဏာတည်မြဲရေးနှင့် အတိုက်အခံတို့ကို နှိပ်ကွက်ရေးခြင်းတို့ကို တွေ့နိုင်သည်။ ထိုသို့ နှိပ်ကွပ်ရာတွင်လည်း တိုင်းပြည် အန္တရာယ်ရှိနေသဖြင့် ထိုသို့ လုပ်ဆောင်ရကြောင်း ပြည်သူလူထု ယုံမှတ်မှား လာအောင် လှည့်စား၍ သော်လည်းကောင်း၊ တပ်မတော်ကဲ့သို့သော အင်စတီကျူးရှင်းကသာ ထိုသို့သော ဘေးရန်က ကာကွယ်နိုင်သည်ဟုဆိုကာ စစ်တပ်၏ အရေးပါမှုကို အလွန်အကျူး ဖွင့်ဆို၍ သော်လည်းကောင်း ဝါဒဖြန့် လှိမ့်လုံးသုံးလေ့ရှိသည်။

## မြန်မာ့ သမိုင်းစဉ်

မြန်မာ့တပ်မတော်ကို လွတ်လပ်ရေးနှင့် အတူ ပေါက်ဖွားလာသည်ဟု လူသိများသည်။ မြေစမ်းခရမ်းပျိုး ဒီမိုကရေစီ ကာလမှာ မြန်မာနိုင်ငံသက်တမ်း ၇၅ နှစ်အတွင်း အနှစ် ၂၀ ပင် မပြည့်တတ်ခဲ့လှပါ။ ၁၉၄၈-၅၈ နှင့် ၂၀၁၁-၂၀၂၁ တို့တွင် စစ်တပ် လွှမ်းမိုးမှု ကြီးသော စပ်ကြား ဒီမိုကရေစီခေတ် ခဏမျှ ရှိခဲ့သည်။

မြန်မာ့တပ်မတော်သည် ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်စစ်ဆင်ရေးများတွင် ကူညီရန် ဖွဲ့စည်းခဲ့တဲ့ ဒေသခံ တပ်မတော် တစ်ခုဖြစ်ပြီး စစ်ပြီးခေတ်နောက်ပိုင်းတွင် နိုင်ငံရေးအင်အားစု တခုအဖြစ်ပေါ်လာခြင်း

[17] De Luca, G., Sekeris, P. G., & Vargas, J. F. (2018). Beyond divide and rule: Weak dictators, natural resources and civil conflict. *European Journal of Political Economy*, *53*, 205–221. https://doi.org/10.1016/j.ejpoleco.2017.09.001

ဖြစ်သည်[18]။ ဂျပန်လေ့ကျင့်မှုနှင့်အတူ ပေါ်လာသဖြင့် ဖက်ဆစ်ဂျပန်ခေတ်က စစ်သားသည် အရပ်သားထက် ပိုမြင့်မြတ်ကြောင်း အယူအဆပါလာနိုင်ကြောင်း ယူဆချက်ရှိသည်။ ၎င်းတို့သည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သူတွေ၊ အမိမြေကာကွယ်သူတွေ ဖြစ်ပြီး ကြေးစားစစ်သားတွေ မဟုတ်ကြောင်း တွင်တွင်ကြီး ဆိုလေ့ရှိသည်ကို ဘီဘီစီ မြန်မာပိုင်းပါ [မြန်မာပြည်မှာ သိမ်းသည်၊ တပ်မတော် ဒီမိုကရေစီနဲ့ နိုင်ငံရေး သံသရာ](https://www.bbc.com/burmese/in-depth-55988519) ဆောင်းပါးတွင် ဖော်ပြထားပါသည်။ ထိုနည်းတူပင် တပ်မတော်အတွင်း တွေ့ကြုံသိမြင်ခံစားရသည့် အဖြစ်အပျက်များ ဆောင်းပါး တရပ်တွင်လည်း တပ်မတော်သည် ကြေးစားစစ်တပ်မဟုတ်ကြောင်း၊ ပြည်သူကို အနစ်နာခံ ကာကွယ်ပေးသည့် မျိုးချစ် တပ်မတော်ဖြစ်ကြောင်း အစဉ်တစိုက် ဝါဒဖြန့်ကာ အောက်ခြေစစ်သားများကို စည်းရုံးကြောင်း ဖော်ပြထားသည်[19]။

ယင်းကပင် တပ်မတော်သည် နိုင်ငံရေးတွင် ပါဝင်ထိုက်သော၊ တိုင်းပြည်ကို စောင့်ရှောက်အပ်သော အထူးအင်စတီကျူးရှင်းအဖြစ် ထင်မှတ်ကာ စိတ်တိုင်းကျ နိုင်ငံရေး အခင်းအကျင်း မဖြစ်ပါက အာဏာ သိမ်းခြင်း၊ အာဏာဆက်ဆုပ်ကိုင်ထားခြင်းကို အလေ့အကျင့် ဖြစ်လာပုံရသည်။

၁၉၆၀ ရွေးကောက်ပွဲတွင် စစ်တပ်က ထောက်ခံသည့် နိုင်ငံရေးပါတီ ရွေးကောက်ပွဲ မနိုင်သည့်နောက် ၁၉၆၂ အာဏာသိမ်းမှု ဖြစ်သည်။ ၁၉၉၀ တွင်လည်း တပ်က ကျောထောက်နောက်ခံပါတီ ရွေးကောက်ပွဲ မနိုင်သည့်နောက် အာဏာလွှဲပြောင်းရန် ငြင်းဆန်သည်။ ၂၀၁၅ ရွေးကောက်ပွဲ တစ်ခုတွင်တော့ ချွင်းချက်ရှိသည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အနိုင်ရသော်လည်း အာဏာလွှဲပေးခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲဖြင့် ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန် ဦးဆောင်သော အစိုးရတက်လာသည်။ တပ်မတော်က လွှတ်တော် အသီးသီးတွင် ၂၅ ရာခိုင်နှုန်း အသေယူထားပြီးဖြစ်ရာ ၂၀၁၅ ရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေးပါတီက ၂၆ ရာခိုင်နှုန်း လွှတ်တော် ကိုယ်စားလှယ် နေရာ ရရုံဖြင့် အစိုးရဖွဲ့နိုင်သည်။ ထိုသို့သော မျှော်လင့်ချက်ဖြင့် ၂၀၁၀ အလွန် အခင်းအကျင်းကို စစ်အာဏာရှင် ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မျှော်လင့်စီစဉ်ထားခဲ့သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီကို ၂၀၁၂ ခုနှစ်တွင် လွှတ်တော်အတွင်း ဝင်ရောက်စေမည့် အခင်းအကျင်းကို လမ်းဖွင့်ပေးလိုက်ခြင်းအားဖြင့် ၂၀၁၅ ခုနှစ်တွင် ကြံ့ခိုင်ရေးပါတီ အတိုင်းအတာ တစ်ရပ်အထိ အနိုင်ရစေမည့် မျှော်လင့်ချက်ကို ထိခိုက်စေခဲ့သည်[20]။

---

18 BBC. (n.d.). မြန်မာပြည်မှာ သိမ်းသည်၊ တပ်မတော်၊ ဒီမိုကရေစီနဲ့ နိုင်ငံရေးသံသရာ. BBC News မြန်မာ. https://www.bbc.com/burmese/in-depth-55988519

19 တပ်မတော်အတွင်းတွေ့ကြုံသိမြင် ခံစားခဲ့ရသော အဖြစ်အပျက်များ. ottara2008. (2008, April 10). http://ottara2008.blogspot.com/2008/04/blog-post_1248.html

20 Htut, Y. (2019). *Myanmar's political transition and lost opportunities 2010-2016*. ISEAS.

THE RED FLAG

သို့သော် ၂၀၂၀ ရွေးကောက်ပွဲတွင် ၎င်းတို့၏ မျှော်လင့်ချက်အတွက် တစ်နည်းတစ်ဖုံ အပြောင်းအလဲပြန်ဖြစ်လာမည်ဟု တွက်ဆပုံရသည်။ သို့သော် ၂၀၂၀ ရွေးကောက်ပွဲတွင် တပ်ကျောထောက်နောက်ခံပါတီ ဆက်ရှုံးပြန်သော အခါ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု သံသရာကို ဆက်မောင်းတော့သည်။

အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်ပါက စစ်အာဏာသိမ်းမှု အကြိမ်ရေ များစွာ နည်းပါးသော်လည်း သက်ရောက်မှုကား အဆမတန်ကြီးမားလှသည် (ထိုင်း ၁၂ ကြိမ်၊ မြန်မာ ၄ ကြိမ်)။ မြန်မာ့နိုင်ငံရေးကို အစဉ်တစိုက် လွှမ်းမိုးချုပ်ကိုင်ခဲ့သော မြန်မာ့ တပ်မတော်သည် မြန်မာ့ လူမှုစီးပွားဘဝကို အကြိမ်ကြိမ်ရိုက်ချိုးခဲ့သော အင်စတီကျူးရှင်း တစ်ခုလည်းဖြစ်သည်။

သို့သော် မြန်မာ့တပ်မတော်သည် နိုင်ငံအတွက် မရှိမဖြစ် လိုအပ်သော အင်စတီကျူးရှင်း အဖြစ် ပုံဖော်မှုရှိနေဆဲ ဖြစ်သည်။ တိုင်းပြည်ပြိုကွဲမည့် အရေးမှ ကယ်တင်သူ၊ မင်းမဲ့စရိုက်များကြောင့် မလွှဲရှာ မရှောင်သာ တိုင်းပြည် အာဏာထိန်းသိမ်းလိုက်ရသူ အဖြစ် ကိုယ့်ကိုယ်ကိုယ် ပုံဖော်ခဲ့ကြသည်။ ယနေ့ခေတ်တွင်လည်း တိုင်းပြည်ကို ပါတီစုံ ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သည့် အင်စတီကျူးရှင်းအဖြစ် အမွှန်းတင်နေဆဲဖြစ်သည်။

"ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီကို သွားနေတဲ့ နိုင်ငံတခု ဖြစ်ပါတယ်။ ပါတီစုံ ဒီမိုကရေစီက ပြည်သူတွေ တောင်းဆိုတဲ့အတွက်ကြောင့် တပ်မတော်က ဖော်ဆောင်ပေးခြင်း ဖြစ်ပါတယ်။ တပ်မတော်က ဦးဆောင်ပြီးတော့မှ ပါတီစုံ ဒီမိုကရေစီ စနစ်ကို ဖော်ဆောင်ပေးတာပါ။ အခုမှ တပ်မတော်က လိုက်ပြီးတော့ ပါတီစုံ ဒီမိုကရေစီ စနစ်ကို ထောက်ခံတာ မဟုတ်ပါဘူး"

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုဝင်ဘာ ၂၉ ရက် ၂၀၂၃ ခုနှစ် စစ်ကောင်စီ အစည်းအဝေး (၆/၂၀၂၃) တွင် ပြောကြားချက်။

ထိုမျှ မကပါ၊ စစ်တပ်သည် ခေတ်အဆက်ဆက် တိုင်းပြည် ပြိုကွဲမည်စိုးသောကြောင့် အာဏာသိမ်းရခြင်း ဖြစ်ကြောင်း ကာကွယ်ရေးသားဆဲဖြစ်သည်။

စစ်တပ်ပိုင် မြဝတီမီဒီယာတွင် ၂၀၂၂ ခုနှစ်အတွင်းက [တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အစဉ်အလာ] ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတပုဒ် ဖော်ပြခဲ့သည်။

"တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှစ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုသာ အစဉ်အမြဲဦးထိပ်ထားလျက် လိုအပ်ချိန်တိုင်းတွင် အစဉ်အမြဲ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ . . . တပ်မတော်သည် အမျိုးသား အကျိုးစီပွားကို ရှေးရှုသော အမျိုးသားနိုင်ငံရေး အင်အားစုကြီး

အဖြစ် ဆက်လက်ရည်တည်လျက် မြန်မာ့နိုင်ငံရေး အခင်းအကျင်းကို အတိမ်းအစောင်းမရှိအောင် ထိန်းကျောင်းပေးနေမည်ဖြစ်ကြောင်း . . .” ဟု ယင်းဆောင်းပါးတွင် ဆိုထားသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ စစ်အစိုးရလက်ထက် ၁၄ နှစ်ကြာ ရေးဆွဲခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တပ်မတော် အတွက် သီးခြား အခန်းတခု (အခန်း ၇) ထည့်သွင်းဖော်ပြခဲ့သည်။ တပ်မတော်သည် နိုင်ငံတော်၏ အဓိကအကျဆုံး လက်နက်ကိုင်အဖွဲ့ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ ဘေးအန္တရာယ်ကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည် စသည့် ယေဘုယျအချက်များ ပါဝင်သော ပုဒ်မ ၈ ချက် (ပုဒ်မ ၃၃၇ မှ ၃၄၄) ဖော်ပြထားသည်။

ယင်းအပြင် နိုင်ငံတော်၏ အခြေခံမူများ ပုဒ်မ (၆) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

“နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်”

လွတ်လပ်ရေး ရအောင်ယူခဲ့သူ၊ တိုင်းပြည်မပြိုကွဲရေး အစဉ်တစိုက် ဆောင်ရွက်ခဲ့သူအဖြစ် အမှတ်ယူခြယ်လှယ်လိုသော မြန်မာစစ်တပ်သည် လွတ်လပ်ရေး ရပြီး နှစ်ပေါင်း ၇၀ နီးပါးကြာသည့်တိုင် တိုင်းပြည်ကို စိတ်ချလက်ချ မထားချင်သေးဟန်တူသည်။ သို့တည်းမဟုတ် ထိုတုံကင်ကို ကိုင်ကာ တိုင်းပြည်ကို ခြယ်လှယ်လိုသေးဟန်တူသည်။ အမျိုးသားနိုင်ငံရေးဟု အမည်တပ်ကာ တိုင်းပြည်၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကို စိုးမိုးလိုနေဆဲဖြစ်သည်။

တပ်မတော်သည် တိုင်းပြည်ကို အခက်အခဲပေါင်းစုံကြား၊ အတိုက်အခိုက်ပေါင်းစုံကြား၊ တပ်မတော်မုန်းတီးရေး ဝါဒမှိုင်းများအကြား တိုင်းပြည်မပြိုကွဲအောင် ရုန်းကန်နေရဆဲဖြစ်ကြောင်း အကြိမ်ကြိမ်အခါခါ ပြောဆိုလေ့ရှိသည်။

“နိုင်ငံကို ပြိုကွဲအောင်၊ မိမိပြည်နယ်၊ မိမိတိုင်းဒေသကြီး၊ မိမိဒေသ၊ မိမိလူမျိုး အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်း ဒုက္ခပေးနေသည့် ဘေးအန္တရာယ်များကြား၊ အဖျက်အဆီးများကြားမှ မရရအောင် ပြန်လည်တည်ဆောက်ပေးနေသည်မှာလည်း တပ်မတော်ပင်ဖြစ်သည်။ သို့သော် တပ်မတော်မုန်းတီးရေး ဝါဒမှိုင်းများအကြား ကြိုးစားဖြေရှင်း ရုန်းကန်နေရဆဲဖြစ်သည်။ အဘယ်ကြောင့်ပါလဲ။ ဤနိုင်ငံက ငါတို့နိုင်ငံ၊ ဤပြည်သူတွေက ငါတို့ပြည်သူ၊ ဤလူမျိုးတွေက ငါတို့ လူမျိုးဟူ၍ တပ်မတော်က အလေးအနက်ထားခံယူထား၍သာ ဖြစ်သည်”

အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကို တာဝန်ခံသည့် တပ်မတော် ဆောင်းပါး (၂၀၂၃)[21] မှ ကောက်နုတ်ချက်

ယင်းသဘောတရားကို သွတ်သွင်းဝါဒဖြန့်ရန် ဆောင်ပုဒ်၊ ကြွေးကြော်သံပေါင်းများစွာလည်း ရှိသည်။ ယင်းတို့အနက် အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ
တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်
ရဲဘော်မသေ၊ သေသော် ငရဲမလား
နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့ တပ်မတော်သို့ ဝင်ကြစို့
ဘယ်သူခွဲခွဲ ဒို့မခွဲ အမြဲစည်းလုံးမည်
တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်
ပြည်ထောင်စုကြီး ခိုင်မြဲဖို့ အားလုံးလက်တွဲ ကာကွယ်စို့
ရန်သူနဲ့တွေ့တော့ မီးလို၊ ပြည်သူနဲ့ တွေ့တော့ပန်းလို နူးညံ့သိမ်မွေ့ယဉ်ကျေးသည်

ယင်းတို့အနက် အငြင်းပွားဖွယ်အကောင်းဆုံးမှာ ‘တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ’ ဟူသော ဆောင်ပုဒ်ဖြစ်သည်။

တပ်မတော် တည်ထောင်သူ ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူသာ အမိ၊ ပြည်သူသာ အဖ ဟူသည့် အလွန်ပြောက်မြောက်သည့် စကားဖြင့် စတင်ပြောဆိုခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် ပြောင်းလဲလာခြင်း ဖြစ်သည်။ တပ်မတော်အတွင်းရှိသူများ၏ အဓိက အားကိုးရာမှာ ပြည်သူလူထု ဖြစ်ကြောင်း ရည်ညွှန်းလိုရင်းဖြစ်ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးတင်ဦးက ရှင်းပြသည်[22]။

---

[21] အမျိုးသားနိုင်ငံရေးဦးဆောင်မှုကို တာဝန်ခံသည့် တပ်မတော်. MDN - Myanmar DigitalNews. (n.d.). https://www.myanmardigitalnewspaper.com/my/amiusaaniungngnreuucheaangmukiu-ttaa0nkhnsnny-ttpmtteaa

[22] BBC. (n.d.-a). မြန်မာ့ တပ်မတော် ရေလိုလလို ကျင့်ဖို့လို. BBC News မြန်မာ. https://www.bbc.com/burmese/burma/2011/03/110323_general_tinoo




ယင်းနောက် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ ဟူသော ဆောင်ပုဒ်အဖြစ် ပြန်ပြောင်းသွားသည်။ သို့သော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လက်ထက်တွင် ပြည်သူသာ အမိ၊ ပြည်သူသာ အဖ ဟု ပြန်လည်ရည်ညွှန်းသုံးစွဲလာခဲ့သည်[23]။

စစ်တပ်အရာရှိဟောင်း စာရေးဆရာဖြစ်သူ သောင်းဝေဦးကမူ တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ ဟူသော ယူဆချက်မှာ တပ်မတော်သားများကိုသာ ရည်ရွယ်ရင်းဖြစ်ကြောင်း ပြန်လည် ရှင်းလင်းပြောဆိုခဲ့သည်။

"တပ်မတော် ပြိုကွဲမယ့် အရေးကို ကာကွယ်တဲ့ အနေနဲ့ တပ်မတော်သားတွေ အတွက် တပ်မတော် ခေါင်းဆောင်တွေက ပြောသွားတဲ့ စကားတွေပါ။ ပြည်သူတွေ အတွက် ပြောတဲ့စကား မဟုတ်ပါဘူး" ဟု သူက ဆောင်းပါးတရပ်တွင် ရှင်းလင်းပြောဆိုထားသည်[24]။

သို့သော် တပ်မတော်ကို တည်ဆောက်ထားရာတွင် အောက်ခြေစစ်သားများကို ကျွန်ကဲ့သို့ ပြုမူခြင်း၊ ပြည်သူလူထုကို ကျောသားရင်သား မခွဲခြင်းဘဲ ဖိနှိပ်ခြင်းတို့က တပ်မတော်အတွင်း ထင်းထင်းကြီး မြင်လာရပြီဖြစ်သည်။ ယင်းမှာ ယနေ့မှ မဟုတ်ဘဲ မြန်မာဘုရင်များလက်ထက် ပဒေသရာဇ် ခေတ်ကတည်းက မြန်မာ စစ်တပ်အတွင်း ရှိခဲ့သည် မျိုးဗီဇ ဖြစ်ကြောင်း စာရေးဆရာ နိုင်ထိုက်က ဆိုသည်။

"ကိုယ့်စည်းစိမ်ကို ကာကွယ်မဲ့ ထောက်ကူမဲ့၊ လက်အောက်ခံ ကျေးကျွန်ကို ဘာသာလူမျိုး မခွဲခြားဘဲ ချီးမြှင့် မြှောက်စားလေ့ရှိသည်။ တစ်ဖက်ကလည်း ပြည်သူလူထုကို လူမျိုးမခွဲခြားဘဲ ကျောသား ရင်သား

[23] တပ်မတော်သည်သာ အမိအဖမှ ပြည်သူသည်သာ အမိအဖဆီသို့. ဧရာဝတီ. (2023a, March 27). https://burma.irrawaddy.com/opinion/2014/03/25/56667.html

[24] Myawady. (n.d.). တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်. http://myawady-myawady.blogspot.com/2012/10/blog-post_403.html

မခွဲခြားဘဲ ဖိနှိပ်အနိုင်ကျင့် အသုံးချနေတယ်။ ဒါမျိုးကို ပဒေသရာဇ် အစဉ်အလာ ရောဂါမစင်သေးတဲ့ မြန်မာပြည်မှာ မနေ့ တစ်နေ့က အထိ သိမြင်ခံစားနေရဆဲပါ[25]"

ကျေးဇူးခံ-ကျေးဇူးစား၊ ဆရာ-တပည့်၊ ပိပြားသော အထက်-အောက် ဆက်ဆံရေး တို့က ပဒေသရာဇ်ခေတ် သခင်-ကျွန် ဆက်ဆံရေး ပုံစံကို အမှတ်ရစေသည်။ ယင်းတို့သော ဆက်ဆံရေး ပုံစံမှာ တပ်အတွင်း ယနေ့တိုင် တွင်ကျယ်နေဆဲဖြစ်သည်။

အရည်အချင်းထက် သစ္စာရှိမှုကို အားပြုကာ ရာထူးချီးမြှင့်ခြင်း၊ ဆရာ-တပည့် ဆက်ဆံရေးကို ကောင်းစွာ တည်ဆောက်ထားပြီး စီးပွားရေး အကျိုးအမြတ်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ယနေ့ခေတ် တပ်မတော်အတွင်း အထက်-အောက် ဆက်ဆံရေး တည်ဆောက်ထားသည်[26]။

စစ်ထိပ်ပိုင်း အဝန်းအဝိုင်းတွင် ရင်းနှီးသူများ၊ ယုံကြည်စိတ်ချရသူများ၊ အထက်အကြီးအကဲ၏ စည်းစိမ်ရာထူးကို ကာကွယ်ပေးသူများကို နေရာပေးထားခြင်းဖြင့် ပဒေသရာဇ် ဆန်ဆန် တပ်မတော်ကို တည်ဆောက်ထားသည်။

ယင်းမှာ မြန်မာ ဘုရင်လက်ထက်ကတည်းက ရှေးအစဉ်အဆက် ကျင့်သုံးခဲ့သည့် နည်းနာဗျူဟာ အတိုင်းဖြစ်သည်။

စစ်ခေါင်းဆောင်၏ အနားပေးခြင်း ခံလိုက်ရသော ပြည်ထဲရေး ဝန်ကြီးဟောင်း ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် လက်အောက်ငယ်သားများကို ထင်သလို ခိုင်းစေသည်။ အရာရှိ ကတော်များနှင့် ဝန်ထမ်း အမျိုးသမီးများကို ကျေးကျွန်သဖွယ် ပြုမူ ဆက်ဆံသည်ဟု နာမည်ကြီးသည်။ တပ်မိသားစုဝင်တစ်ဦးက အောက်ပါအတိုင်း ဖွင့်ချသည်။

"ဌာန အရာရှိ ကတော်တွေကို သူ့အခြွေအရံ အဖြစ် အနားခေါ်ထားတယ်၊ အလှည့်ကျ။ ကတော်ကလည်း သူတို့လင်တွေ ရာထူးတိုးချင်တော့ သူ့ဆီ သွားရတယ် . . .

---

[25] နိုင်ထိုက် (၂၀၁၆), မြန်မာရာဇဝင် စစ်ဘုရင်နဲ့ စစ်တပ်ရဲ့ အခန်းကဏ္ဍ, စာအုပ်စျေး

[26] သူ့အတွေး သူ့အမြင်: စစ်တပ်ထိပ်ပိုင်း အကွဲအပြဲ ဘာကြောင့် မဖြစ်လဲ. ဧရာဝတီ. (2023b, July 16). https://burma.irrawaddy.com/opinion/viewpoint/2023/02/15/257983.html?fbclid=IwAR1x2RSbqR7JUE85hqApSKggPr2mNE5W7kuDEnno1loj5At4WsizqKEib-o

" . . . ဝန်ကြီးကတော် ဈေးဝယ်ထွက်ရင်လည်း မလိုက်မနေရ။ ဝန်ကြီးကတော်ရဲ့အောက်ခြေသိမ်းက အစ မမ၊ မမနဲ့ ခေါ် ပြီး လုပ်ပေးရတာ။ ကိုယ့်လင်ရာထူးတိုး ဖို့နေရာကောင်းရဖို့ ရာထူးတည်မြဲဖို့ ကြိတ်မှိတ်ပြီး ခံနေရကြတာပဲ[27]"

အနစ်နာခံသော၊ တိုင်းပြည် အတွက် စွန့်လွှတ်သော၊ မည်သည့် အခါမျှ ရလိုမှု မရှိဘဲ တိုင်းပြည် အတွက် အသက်ပေးဆပ်လိုသော တပ်မတော်၊ တပ်မတော်သား တို့ အဖြစ် ပုံသွင်းဝါဒဖြန့်ထားသည်။ နည်းပါးလှသော ရိက္ခာ၊ လစာတို့သာ အောက်ခြေ တပ်မတော်သားတို့က ရရှိကြသော်လည်း တပ်မတော်က ကျွေးထားခြင်းဖြစ်ကြောင်း၊ တပ်မတော်ကို ကျေးဇူး သိသင့်ကြောင်း တတွင်တွင်ကြီး ဝါဒဖြန့်သည်။ သို့သော် တပ်ထိပ်ပိုင်းခေါင်းဆောင်တို့မှာ အမျိုးမျိုးသော စီးပွားရေး အကျိုးအမြတ်၊ တိုင်းပြည် သယံဇာတ များကို ကိုယ်ကျိုးရှာပြီး ကြွယ်ပိုးကြွယ်ဝ ရှိနေကြသည်။

တပ်မတော်သား၊ တပ်မတော်အရာရှိငယ်တို့ကို တွင်တွင်ကြီး ဝါဒဖြန့်ချိခြင်း အပြင် ပြင်ပ လောကနှင့် ထိတွေ့မှု နည်းနိုင်သမျှ နည်းအောင်လည်း ပြုလုပ်ထားသည်။ တပ်အလုပ်များဖြင့် နေ့စဉ် မအားလပ်အောင် စီစဉ်ထားသည်။ ထိုနည်းဖြင့် အခြားပြင်ပတွင် ဖြစ်ပျက်နေသော အရာများကို မလေ့လာနိုင်ရန်၊ မတွေးတော မဆင်ခြင်နိုင်ရန် စီစဉ်ထားသည်။

တပ်ကပြောသမျှကိုသာ တပ်သားများက ယုံကြည်စေရန် ဦးနှောက်ဆေးထားသည်။ တပ်က ကျွေး ကျေးဇူးရှင် အမိ အဖ ဖြစ်ပြီး တပ်က ခိုင်းပါက (ဘာမျှ မစဉ်းစားဘဲ) လုပ်ကို လုပ်ရမည်ဟူသော အယူအဆ ကို ရိုက်သွင်းထားသည်။ ထိုသို့ဖြင့် တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ ယူသော သဘောတရားကို ရိုက်သွင်းထားသည်။ တပ်က ခိုင်းသမျှ တပ်သားများက လုပ်ရမည့် ကျွန်တို့အဖြစ် ပုံသွင်းထားသည်။

"မနက် မိုးလင်းတာနဲ့ စစ်တပ်ရဲ့အလုပ်တွေနဲ့ပဲ လုပ်ဆောင်နေကြတော့ Social Media သုံးစွဲဖို့ အချိန် မပေးနိုင်ဘူး။ Social Media ကို စိတ်ပျော်မဲ့ ဖျော်ဖြေရေးအတွက်ပဲ ခဏ သုံးရတယ်။ စစ်တပ်ပြန်ကြားရေး ဒါမှမဟုတ် အကြီးအကဲ မိန့်ခွန်းတွေဆို Social Media မှာ ကြည့်ဖို့ အမိန့် ညွှန်ကြားချက်လာလို့ မကြည့် မဖြစ်ရအောင် ခန်းမကြီးထဲမှာ မိသားစု အလိုက် ကြည့်ရတယ်။ စစ်တပ်ထုတ် သတင်းစာတွေကို ဆိုလည်း မဖြစ်မနေ ဝယ်ဖတ်ရတယ်။ စစ်တိုက်ဖို့ကို ရှေ့တန်း ၂ နှစ်သွားပြီး နောက်တန်းကို တစ်နှစ်နားဖို့ ပြန်လာရ

[27] ခေတ်သစ် (၂၀၂၂) ပြည်ထဲရေးဝန်ကြီး စိုးထွဋ် မိန်းမ နီလာစိန် ပေးတဲ့ ဒုက္ခနဲ့ စီးပွားရေး သောင်း ကျန်းမှု အရာရှိကတော်တွေနဲ့ ဝန်ထမ်း အမျိုးသမီးတွေ ခါးစည်း ကြိတ်မှိတ်ခံနေရ, https://www.facebook.com/khitthitnews/photos/a.386800725090613/1540660886371252/

ပေမဲ့ စစ်တပ်ထဲက အလုပ်တွေကို လုပ်ရတယ်။ သို့ပေမဲ့ ပင်ပန်းတယ်ဆိုတဲ့ အတွေး မရှိဘူး။ ဘာကြောင့်လဲ ဆိုတော့ စစ်သားဆိုတာ စစ်တပ်က ချထားတဲ့ တာဝန်တွေကို လုပ်ရမှာပဲ ဆိုတဲ့ ဝါဒမှိုင်းမိထားလို့ပါ”

CDM ဗိုလ်ကြီး ထက်မြက်

(စကားမစပ် အစီအစဉ်မှ[28])

စစ်သား စုဆောင်းရာတွင်လည်း ခိုးလုအချုပ်ကျ၊ ပညာမတတ်၊ နေစရာ စားစရာ ရမည်၊ လက်နက်ကိုင် ယူနီဖောင်းဝတ်ရမည် စသည့် မက်လုံးများဖြင့်သာ စုဆောင်းထားသည်။ တကယ့် စစ်သားဖြစ်ချင်စိတ်ဖြင့် ဝင်လာသူများ မဟုတ်ဟု ယေဘုယျအားဖြင့် ဆိုကြသည်။ ထိုကြောင့် ပြင်ပကမ္ဘာကို နားလည်သိနိုင်စွမ်းနှင့် စဉ်းစားတွေးခေါ် နိုင်စွမ်းနည်းပါးသည်။

“ဒီစစ်သားတွေက အကြောက်တရားတွေ အမိန့်တွေကြောင့် မိုလို့သာ သူတို့ရဲ့ နေ့စဉ်လုပ်ငန်း တာဝန်တွေကို ဆောင်ရွက်နေကြတာ။ သူတို့ရဲ့ ကိုယ်ပိုင် အတွေးအခေါ်ပေါ့နော်။ ဒီဟာက ငါတို့ကို ခိုင်းတာက မှန်သလား မှားသလားဆိုတာကို ထပ်ဆင့်ပြီးတွေးတော နိုင်စွမ်း မရှိကြဘူး။

“. . . အရာရှိ အဆင့်ဆိုရင်လည်း သင်တန်းဆင်းတာနဲ့ ဘယ်တပ်ကို ရောက်မလဲဆိုတာကို ရင်ခုန်ကြတယ်။ ကိုယ်ကျိုးစီးပွားရှာချင်လို့ စစ်သားလုပ်ချင်ကြတာ[29]။

ဗိုလ်ကြီး ထက်မြက်

နောက်ထပ် အပြောများသော ဆောင်ပုဒ် တခုမှာ ‘တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်’ ဟူ၍ ဖြစ်သည်။ ထိုသို့ဖြင့် တပ်မတော် အင်စတီကျူးရှင်းကို တိုင်းပြည် ဘဏ္ဍာ အရင်းအမြစ် အများအပြားသုံးကာ တည်ဆောက်ခဲ့သည်။ ပညာရေး၊ ကျန်းမာရေး ဘတ်ဂျက်ထက် များစွာ ပုံသုံးကာ တပ်မတော်ကို တည်ဆောက်ခဲ့သည်။ ခေတ်မီ တပ်မတော်ဟုလည်း သူတို့ကိုယ်သူတို့ ညွှန်းဆိုလေ့ရှိသည်။ တိုင်းပြည် တည်ဆောက်ရေးဟု တသွင်သွင်ပြောကာ တပ်မတော် တည်ဆောက်ရေး ကိုသာ ဦးတည်ခဲ့သည်။

ယင်းနှင့် ပတ်သက်၍ အများဆုံး ဝါဒဖြန့်လေ့ရှိသည့် ဇာတ်ကြောင်းအချို့လည်း ရှိသည်။

[28] YouTube. (2023, September 23). *စကားမစပ် အပိုင်း-၄*. YouTube. https://www.youtube.com/watch?v=wGu6Gqh6s44&t=724s

[29] YouTube. (2023b, November 25). ကိုမင်းကိုနိုင်နဲ့ကိုထက်မြတ်တို့ရဲ့’’ ပန်းဝင်မယ့်ခြေလှမ်း ’ ’. YouTube. https://www.youtube.com/watch?v=CuKy9XFpjWU

THE RED FLAG

အမေရိကန်ပြည်ထောင်စု၊ တရုတ်တို့တွင်လည်း စစ်အင်အားတောင့်တင်းသော နိုင်ငံများဖြစ်ကြောင်း၊ ထို့ကြောင့် မည်သူမျှ မစော်ကားရဲကြ။ ဆိုဗီယက်ပြည်ထောင်စု မပြိုကွဲခင်က မည်သူမျှ မစော်ကားရဲကြ။ သို့သော် အစိတ်စိတ် အမွှာမွှာကွဲပြီးနောက် ဆိုဗီယက်၏ အင်အားချိနဲ့သွားရသည်။ မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်ကဲ့သို့သော နိုင်ငံကြီးများ ကြားထဲရှိနေသဖြင့် တိုင်းပြည် အင်အားရှိဖို့ တပ်မတော် အင်အားရှိရန် လိုသည်။ အနောက်ဘက်မှ ခိုးဝင်ခိုးထွက်များကို ကာကွယ်ရန်၊ ပြည်သူ သန်း ၆၀ ကို ကာကွယ်ရန် တပ်မတော် အင်အားရှိဖို့ လိုသည်။ ယနေ့ကဲ့သို့သော စစ်ပူကာလတွင် ပြည်ပ သြဇာခံ မဖြစ်ဖို့၊ လွတ်လပ်ရေး မဆုံးရှုံးဖို့၊ အချုပ်အခြာ အာဏာတည်မြဲဖို့ တပ်မတော် အင်အားရှိဖို့ လိုသည်။

တိုင်းပြည် မချမ်းသာလျှင် နေပါစေ၊ တိုင်ပြည် ဆင်းရဲနေပါစေ တပ်မတော် လက်နက် အင်အားရှိပါက မြောက်ကိုးရီးယားကဲ့သို့ ကမ္ဘာ့ အလယ်တွင် တိုင်းပြည်ကြီးတို့ စောင့်ကြည့်ခံရသော နိုင်ငံဖြစ်လာမည် ဟုပင် မတော်တရော် ညွှန်းဆိုကြသည်[30]။ ၂၀၂၂ ခုနှစ် တပ်မတော်နေ့ အကြို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းက ထုတ်ပြန်ခဲ့သော ဆောင်းပါး တစ်ရပ်တွင် ထိုသို့ ဖော်ပြထားခြင်းဖြစ်သည်။

စသည့် ဇာတ်ကြောင်းများမှာ တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်ဟု ရိုက်သွင်းထားသော ဇာတ်ကြောင်း အကြောင်းအချက်များအနက် အချို့ဖြစ်သည်။ အခြား တဖက်တွင်လည်း စဉ်းစားဖွယ်ရာ အချို့ရှိသည်။

မြန်မာတပ်မတော်သည် မည်မျှ အထိ အင်အားရှိပါသနည်း။ အမှန်တကယ်ပင် တိုင်းပြည်ကို ကာကွယ်နိုင်ပါ၏လော။ အချက်အလက်များကို မကြည့်ဘဲ ယုတ္တိနည်းတစ်ခုဖြင့် ရှုကြည့်နိုင်ပါသည်။

စစ်ရေးနှင့် စစ်တပ် လေ့လာသူ စာရေးဆရာ နိုင်ထိုက်က သူ၏ 'မြန်မာရာဇဝင်၊ စစ်ဘုရင်နဲ့ စစ်တပ်ရဲ့ အခန်းကဏ္ဍ' စာအုပ်တွင် အောက်ပါအတိုင်း ပြတ်ပြတ်ထင်ထင် ရေးသားထားသည်။

"ကမ္ဘာမြေပုံပေါ်မှာ အရှိအတိုင်း မြင်နေရတာကတော့ ဧရာဝတီ မြစ်ဝှမ်းကို ဗဟိုပြုတဲ့ လူ့အဖွဲ့အစည်းကြီး တစ်ခုဟာ ပထဝီနိုင်ငံရေးမှာ အရေးပါလှတဲ့ အရှေ့အာရှ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှရဲ့ ခွဆုံ အချက်အချာမှာ တည်ရှိနေတယ်။ အဲဒီတိုင်းပြည်ဟာ ကမ္ဘာ့လူဦးရေ အများဆုံးနဲ့ ခေတ်မီ စစ်လက်နက် အများဆုံး ပိုင်ဆိုင်တဲ့ စစ်တပ်ကြီးနှစ်ခုရဲ့ ကြားလည်း ဖြစ်တယ်။ အာရှမှာ အသင့်တပ်ဆင်ပြီး ရှိသမျှ အဏုမြူထိပ်ဖူး ဂျစ်ဆယ်ရာခိုင်နှုန်း ကျော်ရဲ့ကြားမှာ နေရတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီရေ၊ ဒီမြေကို ကာကွယ်ဖို့ စစ်တပ်က ဦးဆောင်မှ ဖြစ်မယ်လို့ ပြောတဲ့သူဟာ စိတ်အနေအထား ပုံမှန် မဟုတ်လို့ ဖြစ်မှာပါ။

[30] တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်. မူလစာမျက်နှာ. (n.d.). https://www.moi.gov.mm/npe/ttpmtteaaangaaarim-ttiungpnnyangaaarimnny

စိတ်ရောဂါကု ဆရာဝန်နဲ့ စစ်ဆေးပြီး သက်တောင့်သက်သာ နားနေခွင့်ပေးသင့်တာပေါ့။ အကြောင်းကတော့ ရန်လိုစိတ်နဲ့ မဖြစ်ညစ်ကျယ်၊ မရိုးမရွ လုပ်ဖို့ သင့်တော်တဲ့ နေရာမျိုး မဟုတ်လို့ပါ”

ထိုအချက်က ရှင်းပါသည်။ စစ်အင်အားချဲ့ပြီး တိုင်းပြည်ကို ကယ်တင်၊ ကာကွယ်မည်ဟု ပြောဆိုနေသူများသည် ဂျင်းထည့်နေသူများသာ ဖြစ်သည်။

မြောက်ကိုးရီးယားကိုပင် အားကျကာ တိုင်းပြည်ကို အသူရာချောက်နက်အတွင်း ဆွဲသွင်းရန်ပင် ဝါဒဖြန့် ဆောင်းပါးတခုတွင် ဖော်ပြခဲ့သည်အထိ ဂျင်းထည့်၊ ဝါဒမှိုင်းသွင်းသူများ ဖြစ်သည်။ မြောက်ကိုးရီးယားကဲ့သို့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသော၊ တိုင်းသူပြည်သူများကို ဆင်းရဲတွင်းအတွင်းသွင်းကာ လူမဆန်စွာ နှိပ်စက်နေသော တိုင်းပြည်ကိုပင် အတုယူစေလိုက်သေးသည်။

စစ်အစိုးရခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၀၁၀ ပြည့်နှစ်အလွန်တွင် နိုင်ငံကို တဖက်က စစ်တပ်က လွှတ်တော်အတွင်းဝင်ထိုင်၊ အခြားတစ်ဖက်က စစ်တပ်က မွေးဖွားလိုက်သော နိုင်ငံရေးပါတီဖြင့် စစ်တစ်ပိုင်း အရေခြုံ ဒီမိုကရေစီ နိုင်ငံအဖြစ် သွတ်သွင်းရန် ကြိုးပမ်းခဲ့သည်။ ယင်းမတိုင်မီက စစ်တပ် အင်စတီကျူးရှင်းကိုသာ တည်ဆောက်ခဲ့သဖြင့် လိုသည့် ရလာဘ် မထွက်ခဲ့ကြောင်းကို ပြန်ကြားရေး ဝန်ကြီးဟောင်း ဦးရဲထွဋ်က ညွှန်းဆိုရေးသားဖူးသည်။ စစ်တပ်အပြင် အခြား နိုင်ငံရေး အင်စတီကျူးရှင်းများ မတည်ဆောက်ခဲ့သဖြင့် ၂၀၁၅ ရွေးကောက်ပွဲ ကြံ့ခိုင်ရေး ပါတီရှုံးနိမ့်ခဲ့ကြောင်း မချိတင်ကဲ ရေးသားထားသည်[31]။

ဆိုလိုသည်မှာ စစ်တပ်မွေးထုတ်လိုက်သော ကြံ့ခိုင်ရေးပါတီကိုပင် နိုင်ငံရေး ပါတီအဖြစ် အသေအချာ မတည်ဆောက်ဘဲ တပ်မတော်အင်အားတည်ဆောက်ရေး လက်လွှန်သွားသဖြင့် စစ်တပ်နှင့် ပါတီ နှစ်ရပ်ပေါင်း တိုင်းပြည်ကို ခြယ်လှယ်မည့် ဦးသန်းရွှေ၏ အစီအစဉ် ပျက်ယွင်းသွားရပုံဖြစ်သည်။

တပ်မတော်သည် အမျိုးဘာသာ သာသနာကို စောင့်ရှောက်သည်၊ တိုင်းပြည်ကို ကာကွယ်ပေးသည်၊ တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ၊ တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်။

သို့သော် . . . ။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု အလွန် နွေဦးတော်လှန်ရေးတွင် စစ်အာဏာရှင်ကို တိုက်ဖျက်ကြချိန် စစ်တပ် အင်အားမရှိမှသာ တိုင်းပြည် အင်အားရှိမည် ဟူသည်အထိ အလင်းပွင့် အရှုန်းဖောက်လာကြသည်။

[31] Htut, Y. (2019). *Myanmar's political transition and lost opportunities 2010-2016*. ISEAS.

‘တပ်မတော် အင်အားချိမှ တိုင်းပြည်အင်အားရှိမည်’ ဟု ခေတ်သစ်မီဒီယာဆောင်းပါး တစ်ပုဒ်တွင် ခေါင်းစဥ် တပ်ခဲ့သည်[32]။

ယင်းမှာ ပြောကောင်း ဖတ်ကောင်း အရွှန်းဖောက်ကောင်းရုံသက်သက်မဟုတ်ပါ။ တိုင်းပြည်တွင် လူထု၏ အခြေခံ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းရန် ဟုဆိုကာ စစ်တပ်ကို ဖျက်သိမ်းခဲ့သော နိုင်ငံတခုရှိ သည်။ တိုင်းပြည်တည်ဆောက်ရေး တပ်မတော်ကို ဖျက်သိမ်းခဲ့သော နိုင်ငံမှာ အလယ်အမေရိကမှ ကော်စတာရီကာ ဖြစ်သည်။

ပြည်တွင်းစစ်တွင် အနိုင်ရပြီးနောက် ကော်စတာရီကာ သမ္မတသည် ၁၉၄၈ ခုနှစ်တွင် တိုင်းပြည်တွင် စစ်တပ်မထားတော့ရန် ဆုံးဖြတ်ခဲ့သည်။ စစ်တပ်ကို ဖျက်သိမ်းခဲ့သည်။ အားလုံးအတွက် အခမဲ့ ပညာရေး၊ ဆင်းရဲသားများအတွက် အိမ်ရာ၊ ရွှေ့ပြောင်း လူမည်း ကလေးငယ်များကို နိုင်ငံသားပေးခြင်း၊ အမျိုးသမီးနှင့် ပညာမတတ်သူများ မဲပေးခွင့်ပြုခြင်းတို့ လုပ်ဆောင်ခဲ့သည်။

ကော်စတာရီကာ သမ္မတ ဟိုဆေးဖစ်ဂရီက အောက်ပါအတိုင်း ကြွေးကြော်ခဲ့သည်။

“ငြိမ်းချမ်းရေးက ဖွံ့ဖြိုးရေးကို အထောက်အပံ့ပြုလိမ့်မယ်။ ဖွံ့ဖြိုးရေးကပဲ ငြိမ်းချမ်းရေးကို ဖြစ်ထွန်း စေမယ်။ အဲဒီနှစ်ရပ်စလုံးက အညမည ဖြစ်နေတယ်။ အဲဒီနှစ်ရပ်စလုံးက တခုကိုတခု အပြန်အလှန် အားကောင်းစေတယ်။ သူတို့ ဘုံပန်းတိုင်က လူ့အခွင့်အရေးကို စိုးမိုးအားကောင်း စေဖို့ပါ”

အာဏာရှင်တို့ စစ်တပ်နှင့် နောက်ထပ် တွဲသုံးသည့် နည်းမှာ ရွေးကောက်ပွဲနည်းဖြစ်သည်။

[32] Agency, Y. K. T. N. (2023, June 5). တရားမဝင် စစ်အုပ်စုအတွက် ခေတ်သစ်ဆောင်ပုဒ် သို့မဟုတ် “တပ်မတော် အင်အား ချိမှ တိုင်းပြည်အင်အား ရှိမည်.” Khit Thit Media. https://yktnews.com/2023/06/106205/

## ဖဲချပ် (၃)

## ရွေးကောက်ပွဲ

"အာဏာလက်လွှတ်ဖို့ ဆိုပြီးတော့ ဘယ်သူကမှတော့ အာဏာသိမ်းမှာ မဟုတ်ဘူး"

ဂျော့အိုဝဲလ်

၁၉၈၄

ရွေးကောက်ပွဲနားနီးရင် တကယ်တော့ ပျော်စရာကြီး။ လာနေကျ သီချင်းတွေကို မှတ်မိကြပါလိမ့်မည်။ မဲပေးသူတွေ မျက်နှာပွင့်သည့် ကာလ။

"မဲရုံ မဲရုံကိုလာ၊ တစ်ပြည်လုံးမဲ ဆန္ဒနဲ့ တစ်ပြည်လုံးမဲဆန္ဒနဲ့ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည် လင်လင် . . . . . . တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ရာ၊ မဲရုံကို မဲရုံကို လာကြ လာကြ မဲသွားပေးမယ်ကွာ . . ."

လားရှိုးသိန်းအောင်၊ ဂျက်မြသောင်းမှ သည် လူအများ စုပေါင်း မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုထားသည်များလည်း အများအပြား။ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရန်၊ သာတူညီမျှ ရှိသည့် ဒီမိုကရေစီ စနစ်တစ်ခုတွင် ရလာသည့် အခွင့်အရေး . . . ၊ စသည်ဖြင့် အမျိုးမျိုး အဖုံဖုံဖွင့် ဆိုကြသည်။

ရွေးကောက်ပွဲဟုဆိုလိုက်လျှင် မျိုးဆက်သစ်တို့အတွက် လွတ်လပ်မှု၊ ဒီမိုကရေစီ ကျမှုတို့ကို တန်းမြင်ကောင်း တန်းမြင်နိုင်သည်။ သဘောတရားအရ ဆိုလျှင်လည်း ရွေးကောက်ပွဲများမှာ ဒီမိုကရေစီ၏ မှတ်ကျောက်ဖြစ်သည်။

သို့သော် အာဏာရှင်တို့၏ အကြိုက်ဆုံးဖဲချပ်များတွင် ရွေးကောက်ပွဲလည်းပါဝင်သည်။ ဘာကြောင့်နည်း။

### ရွေးကောက်ပွဲကို ဘာကြောင့် ကြိုက်သနည်း

ရွေးကောက်ပွဲများကို အာဏာရှင်များ စိတ်ကြိုက်ခြယ်လှယ် ကျင်းပတတ်သည်။ မဲမပေးမီက အဖြေထွက်နှင့်၊ အဖြေထုတ်ထားနှင့်ပြီးသား ရွေးကောက်ပွဲများလည်း ရှိတတ်သည်။ သို့ကြောင့် ရွေးကောက်ပွဲများမှာ အာဏာရှင်တို့ ကြာကြာစံ ရေး နည်းလမ်းများအနက် တခုလည်း ဖြစ်တတ်သည်။

ရွေးကောက်ပွဲများကို အာဏာရှင်တို့ အဘယ်ကြောင့် သဘောခွေ့တတ်သနည်း။ အများဆုံး ပြောဆိုကြသော အချက်မှာ တရားဝင်မှု ဖြစ်သည်။

တရားဝင်မှုဟု ဆိုလိုက်လျှင် (ပြည်တွင်းကိုထက်) ပြည်ပ သို့တည်းမဟုတ် နိုင်ငံတကာ အသိုင်းအဝိုင်းကို ပိုအလေးဂရုပြုသည်။ နိုင်ငံတွင်းနေ လူထုအတွက်မူ တရားဝင်မှုထက် ပုန်ကန်ဆန့်ကျင်မှုများကို လျော့ပါးစေရန်၊ ပယ်ပျောက်စေရန် ပိုဦးတည်ချက်ထားသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသို့ ဦးတည်သော တရားဝင်မှုဟုဆိုရာတွင် နိုင်ငံတကာ မျက်နှာစာတွင် ဝင်ဆံ့ရန်၊ တရားဝင်မှုကို တလွဲအပြကောင်းရန် ဖြစ်သည်။ ယင်းနှင့် ဆက်စပ်၍ နောက်ထပ် အရေးတကြီး ကိစ္စတစ်ခုမှာ နိုင်ငံတကာ အကူအညီများ ရရှိရေး ဖြစ်သည်။

အတိုင်းအတာ တခု ရှိသော ရွေးကောက်ပွဲ ကျင်းပမည်၊ ထိုနည်းဖြင့် နိုင်ငံတကာ အလှူရှင်များထံမှ ငွေရေးကြေးရေးနှင့် အခြား အကူအညီများရမည်။ ရွေးကောက်ပွဲ ကျင်းပရန် ရန်ပုံငွေများရမည်။ သို့သော် ယင်းငွေကြေးတို့မှာ အချို့သော အာဏာရှင်နှင့် ခရိုနီများအတွက် တနည်းတလမ်းနှင့် ဝင်ငွေရပေါက်ရလမ်းကြီး ဖြစ်သွားသည်[33]။

၁၉၉၀ ဝန်းကျင်အထိ အာဏာရှင်နိုင်ငံတို့တွင် ရွေးကောက်ပွဲများ မရှိသလောက်ဖြစ်သည်။ တဦးချင်းဝင်ငွေချင်းနှိုင်းယှဉ်ပါက နိုင်ငံတကာ အထောက်အပံ့အကူအညီ အများဆုံး ရသော အီဂျစ်သည်လည်း ၁၉၅၂ ခုနှစ် အထိ ထိုနည်းနှင်နှင်ဖြစ်သည်။

သို့သော် အာဏာရှင်တို့မှာ စစ်အေးအလွန် ကာလ၌ အတိုင်းအတာ တစ်ခုအထိ ယှဉ်ပြိုင်ခွင့်ပေးသော ရွေးကောက်ပွဲများ ကျင်းပသည်၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ကြွေးကြော်သည်။ ထိုသို့ဖြင့် နိုင်ငံတကာ အကူအညီ အထောက်အပံ့များ ပိုရလာသည်။

သို့သော် နိုင်ငံတကာ အကူအညီများသည် ယင်းဗျူဟာကို လျစ်လျူရှုနိုင်ခြင်း မရှိသေးပါ။ နည်းလမ်းနှစ်သွယ် စလုံးကို အသုံးပြုနေရဆဲဖြစ်သည်။ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပရန် ငြင်းဆိုသော အာဏာရှင်များထံမှ အကူအညီများ ရုပ်သိမ်းသည်၊ အချို့အာဏာရှင်များကတော့ အကူအညီအထောက်အပံ့များ ရရန် ပထမဆုံး အကြိမ်အဖြစ် ရွေးကောက်ပွဲများ မဖြစ်မနေ ကျင်းပရတော့သည်။

---

[33] Geddes, B., Wright, J., & Frantz, E. (2018). *How dictatorships work power, personalization, and collapse*. Cambridge University Press is part of the University of Cambridge.

THE RED FLAG

၁၉၇၆ ခုနှစ်တွင် အီဂျစ်သည် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေး ပိုကောင်းရန်၊ အကူအညီ အထောက်အပံ့များရရှိရန် တစ်ပါတီ စနစ်ကို ဖျက်သိမ်းလိုက်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကွန်ဂို သည်လည်း အမေရိကန်ပြည်ထောင်စုနှင့် ပြင်သစ်တို့၏ ဖိအားကြောင့် ပါတီစုံ ဒီမိုကရေစီစနစ်ကို စတင် ကျင့်သုံးလိုက်သည်။

တခါတရံတွင် ရွေးကောက်ပွဲများတွင် အရှုံးနှင့် ကြုံပြီး အာဏာလက်လွှတ်ရ၊ ဒီမိုကရေစီ ပြုပြင် ပြောင်းလဲရေးသို့ ခွင့်ပြုလိုက်ရသည့် အချိန်ကာလများလည်း ရှိသည်။ သို့သော် မကြာခဏ ဆိုသလိုပင် အာဏာရှင်တို့မှာ ပါတီစုံရွေးကောက်ပွဲဖြင့်လည်း (ပါတီများကို ပါဝင်ခွင့်ပြုကာ) အာဏာလည်း ဆက်ကိုင် ထားနိုင်အောင် အောင်အောင်မြင်မြင် မောင်းနှင်ထားနိုင်သည်။ ကိုယ်ပိုင် ပါတီထောင်၍ သော်လည်း ကောင်း၊ ယင်းနှင့်အတူ ခါးပိုက်ဆောင် ပြိုင်ဘက် (ဟန်ပြ) ပါတီများ ထောင်၍ သော်လည်းကောင်း ပါတီစုံ ဒီမိုကရေစီစနစ် ဟန်ပြကာ အာဏာလည်း ဆက်မြဲ၊ နိုင်ငံတကာ၏ တရားဝင်မှုလည်းရအောင် ဆောင်ကြဉ်း ထားကြလေ့ရှိသည်။

ထို့ကြောင့်ပင် စစ်အေးကာလအလွန်တွင် အာဏာရှင်တို့မှာ အတုအယောင် ဒီမိုကရေစီ အင်စတီ ကျူးရှင်းများ ဖန်တီးထားလေ့ရှိသည်။ ယင်းတို့အပေါ် အားယူကာ အာဏာရှင်တို့ ဆက်ရှင်သန်ကြသည်။ ယခုလက်ရှိ ကမ္ဘာတစ်ဝန်း အာဏာရှင်တို့ ရှင်သန်ကြသည့် ပုံစံများအနက် တစ်မျိုး ဖြစ်လာသည်။

## အသွားနှစ်ဖက်ပါသော ဓား

အထက်မှာ ဆိုခဲ့သလိုပင် အာဏာရှင်တို့မှာ ရွေးကောက်ပွဲများကို အသုံးပြု၍ အာဏာဆက်တည်ရေး၊ နိုင်ငံတကာတွင် အပြကောင်းရေး လုပ်စားတတ်ကြသည်။ သို့သော် ရွေးကောက်ပွဲတိုင်းကိုလည်း လိုသလို ခြယ်လှယ်နိုင်လေ့မရှိပါ။ တခါခါ ရွေးကောက်ပွဲ ရှုံးသွားပြီး ဒီမိုကရေစီလှုပ်ရှားမှုကြီးကို ခွင့်ပြုလိုက်ရသည်။ အာဏာလက်လွှတ်လိုက်ရသည်။ တခါခါ အသက်ပါ ပေးလိုက်ရသည်။

ယင်းကြောင့်ရွေးကောက်ပွဲကို အသွားနှစ်ဖက်ပါသော ဓားအဖြစ်တင်စားကြသည်။ အခန့်မသင့်ပါက ကိုယ့်ဓားဖြင့် ကိုယ်ပြန်ထိ၊ ကိစ္စချောရတတ်သောကြောင့်ဖြစ်သည်။

အနိုင်ရခြင်းသည် အင်အားရှိခြင်းဟူသော ပြယုဂ်ပင်။ ပုံမှန်အားဖြင့်တော့ အာဏာရှင်တို့သည် အနိုင်ရ မည်ဟူသော စွမ်းဆောင်ရည်ရှိသည်ဟု တွက်ဆချက်ဖြင့် ရွေးကောက်ပွဲများ ကျင်းပလေ့ရှိသည်။ ထိုသို့ လုပ်ဆောင်ရာတွင် လွတ်လပ်သော မီဒီယာများကို ထိန်းချုပ်ခြင်း၊ မိမိကို ထောက်ခံသူများကို နိုင်ငံပိုင်

အရင်းအမြစ်များ စိုက်ထုတ်သုံးစွဲ ပံ့ပိုးခြင်း၊ အတိုက်အခံများကို အပြစ်ဖို့ အရှက်ခွဲခြင်း၊ ခြိမ်းခြောက်ခြင်း၊ ထောင်ချခြင်း၊ သို့တည်းမဟုတ် နှိပ်စက်ခြင်း တို့ဖြင့် နှိပ်ကွပ်လေ့ရှိသည်။

လူထုက မဲပေးလိုက်ကြသော်လည်း အလိုရှိသော ဒီမိုကရက်အစိုးရ မရဘဲ အားလျော့လိုက်ရသည့် အခြေအနေများစွာရှိသည်။ အာဏာပိုင်တို့က ၎င်းတို့၏ တရားဝင် အုပ်ချုပ်နိုင်သည့် ကာလကို သက်တမ်း တိုးလေ့ရှိသည်။ အတိုက်အခံများကို ဥပဒေသုံး တားမြစ်သည်။ ပြိုင်ဘက်များကို ထောင်ချသည်။ မဲပေး ပိုင်ခွင့်ကို ချုပ်ချယ်ထားသည်။ မဲစာရင်းမသမာမှု ပြုသည်။ မီဒီယာ၊ ဝါဒဖြန့်ချိရေး ယန္တရားကို အနိုင်ထက် စီးနင်းပြု ထိန်းချုပ်ထားသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ပင်သည်။ မဲဆန္ဒရှင်များကို အာဏာရှင် လက်ဝေခံ အမျိုးမျိုးက ခြိမ်းခြောက်ထားသည်။ ဟိုပါတီမဲပေးရင် ဘာဖြစ်သွားမည်၊ ညာဖြစ် သွားမည် စသည်ဖြင့် လိမ့်လုံးညာလုံးများဖြင့် ဖြီးဖြန်း အကြောက်သွင်းလေ့ရှိသည်။ မဲဝယ်တတ်လေ့ရှိ သည်။ မဲပုံးများကိုလည်း အရောရောအထွေးထွေး ဖြစ်အောင် လုပ်တတ်ကြသည်။ မဲရုံတာဝန်ရှိသူ၊ ရွေးကောက်ပွဲ တာဝန်ရှိသူတို့ကလည်း လက်ရှိ အာဏာပိုင်ဘက်ကို ပင်းလေ့ရှိသည်။ အရေးဆိုတိုင်ကြား ရေး ယန္တရားကလည်း ယောင်တောင်ပေါင်တောင် လုပ်တတ်သည်။ ဤသို့နည်းနာ အားဖြင့် အတုအယောင် ရွေးကောက်ပွဲများ ရှိတတ်သည်။ ထိုသို့သော လိမ်ဆင် ရွေးကောက်ပွဲများမှာ အာဏာရှင်တို့အတွက် အရေး ကြီးသည်။ အဘယ်ကြောင့်ဆိုသော် အာဏာရှင်တို့၏ ရွေးကောက်ပွဲနည်းဖြင့် ကြာကြာစံရေး အထောက် အကူပြုသည်။ ဖိနှိပ်ခြစားသူတို့ အာဏာတည်မြဲရေး အထောက်အပံ့ပေးသည်။

သို့သော် ဆန့်ကျင်ဘက် အခြေအနေများလည်း ဖြစ်လေ့ရှိသည်။ ဖြစ်လည်း ဖြစ်ခဲ့သည်။

၁၉၄၆ မှ ၂၀၀၈ ခုနှစ်များအတွင်း အာဏာရှင်တို့၏ ရွေးကောက်ပွဲများကို လေ့လာရာတွင် စွန့်စားရမှု အနည်းနှင့် အများရှိသည်။ အမှန်ပင်။ ယင်းရွေးကောက်ပွဲများအနက် ထက်ဝက်မှာ အာဏာရှင်တို့ ပလ္လင်ပေါ် မှ ဆင်းပေးလိုက်ရသည်။ ရွေးကောက်ပွဲနှစ်များသည် အာဏာရှင်တို့ နန်းကျသွားတတ်သည့် ကာလ ဖြစ်နိုင်ခြေ ငါးဆပိုများသည်။

၁၉၄၆ မှ ၂၀၀၈ ခုနှစ်အထိ အာဏာရှင်တို့၏ ရွေးကောက်ပွဲနှစ်များကို စေ့ငုပြီး အချက်အလက်ပေါင်း ၂၅၉ ခုကို ဆွဲထုတ်ကြည့်မှုအရ ရွေးကောက်ပွဲနှစ်များတွင် အာဏာရှင်တို့ နန်းကျဘေးသင့်ရန် အလားအလာ များစွာ ရှိသည်ကိုတွေ့ရသည်။ အာဏာရှင်တို့ သက်တမ်းကာလ စုစုပေါင်း၏ ငါးပုံတစ်ပုံသာ ရွေးကောက်ပွဲ

နှစ် ဖြစ်သော်လည်း အာဏာရှင် ၅၀ ရာခိုင်နှုန်းမှာ ရွေးကောက်ပွဲနှစ်များတွင် အသက်အန္တရာယ်ဖြင့် ရင်ဆိုင်လိုက်ရသည်[34]။

ထို့ကြောင့်ပင် ရွေးကောက်ပွဲ မတိုင်မီ ညများသည် အာဏာရှင်တို့အတွက် အိပ်မပျော်သော ညများဖြစ်လေ့ရှိသည်။

မူလကြေညာထားသည်ထက် အဆောတလျင် ခေါ်ယူကျင်းပလိုက်သည့် ၁၉၈၆ ခုနှစ် ဖိလစ်ပိုင်ရွေးကောက်ပွဲတွင် တရားဝင်မဲရေတွက်ပြီးချိန်တွင် သမ္မတ မားကို့စ်က အလွန်ကျဉ်းမြောင်းသော ရလဒ်ဖြင့် မဲနိုင်သည်။ သို့သော် ဖိလစ်ပိုင်နိုင်ငံသားများနှင့် နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများက အတိုက်အခံ အကွီနိုသည်သာ တကယ့်အနိုင်ရသူဖြစ်ကြောင်း ကြေညာသည်။ လူထု အကြီးအကျယ် အုံကြွဆန္ဒပြပြီးနောက် မားကို့စ် ရာထူးမှ ဆင်းပေးလိုက်ရသည်။ ခရိုနီ အကွီနို၏ အစိုးရ တက်လာသည်။

၂၀၁၆ ခုနှစ်တွင်လည်း ယူဂန်ဒါ သမ္မတ မူဆီဗီနီက အထက်ပါအတိုင်း ကံကြမ္မာတူ ကြုံမည်ကို တွေးပူခဲ့ဟန်တူသည်။ ထိုသို့ ပူးပေါင်း ဆန္ဒပြအုံကြွမှုကြီးကို ကာကွယ်နိုင်ရန် ဖေဖော်ဝါရီ ၁၈ ရွေးကောက်ပွဲ နေ့တွင် Twitter နှင့် Facebook ကို ယူဂန်ဒါ အစိုးရက ပိတ်ချလိုက်သည်။ အဓိက အတိုက်အခံ အမတ်လောင်းများကို ဖမ်းဆီးလိုက်သည်။ လုံခြုံရေးများကို ဖြန့်ချထားလိုက်သည်။ မူဆီဗီနီက တရားဝင်မဲရလဒ်အရ အနိုင်ရခဲ့သည်ဟု ဆိုသည်။ အာဏာဆက်မြဲနေသည်။ သို့သော် ရွေးကောက်ပွဲနေ့တွင် ကသောင်းကနင်းဖြစ်မည်ကို စိုးထိတ်နေမည်မှာ ထင်ရှားခဲ့သည်။

အာဖရိကတိုက် ဘူရမ်ဒီတွင် ၂၀၁၆ တတိယ သက်တမ်းအတွက် ရွေးကောက်ပွဲ ထပ်ဝင်ရန် ကြိုးစားသည်။ လူထုအုံကြွမှုဖြစ်သည်၊ မအောင်မြင်သော အာဏာသိမ်းမှု ဖြစ်ပွားပြီး ပြည်တွင်းစစ်ကို ပြန်မီးမွှေးခဲ့သည်။ လက်ခံနိုင်ဖွယ် မရှိသော ရွေးကောက်ပွဲများကြောင့် တည်ငြိမ်သော ဒီမိုကရေစီ နိုင်ငံဖြစ်ရေး အနာဂတ်မှာ ကွဲကြေခဲ့ရသည်။

ယင်းနှစ် မတ်လတွင် အာဖရိကတိုက် ကိတ်ဗာဒီနိုင်ငံတွင် လွှတ်တော် ရွေးကောက်ပွဲ ကျင်းပသည်။ အာဏာရပါတီ ပြုတ်ကျသွားသည်။ ပဋိပက္ခအနည်းငယ် ရှိလင့်ကစား အတိုက်အခံတို့ ၁၅ နှစ်အတွင်း ပထမဆုံး အကြိမ် အာဏာပြန်ရလာခဲ့သည်။

[34] You'd think dictators would avoid elections. here's why they don't. - The Washington Post. (n.d.-d). https://www.washingtonpost.com/news/monkey-cage/wp/2017/03/14/youd-think-dictators-would-avoid-elections-heres-why-they-dont/

ထို့ကြောင့် ရွေးကောက်ပွဲမှာ အာဏာဆက်မြဲရေးအတွက် အသုံးပြုသော နည်းနာ ပရိယာယ်ဖြစ်သော်လည်း အခန့်မသင့်ပါက အာဏာလက်လွှတ်လိုက်ရတတ်သည်။ အသွားနှစ်ဖက်ပါသော ဓားအဖြစ် တင်စားကြခြင်း ဖြစ်သည်။

## ပါတီနှင့် အာမီ (Party and Army)

အာဏာရှင်တို့အတွက် အရေးပါဆုံး အင်စတီကျူးရှင်း နှစ်ရပ်ရှိသည်။ တစ်ဖက်က အာမီ (စစ်တပ်) နှင့် အခြား တစ်ဖက်က ပါတီ (နိုင်ငံရေး ပါတီ) ဖြစ်သည်။ လူထုကို စည်းရုံးရန် နိုင်ငံရေး ပါတီကို သုံးသည်။ လူထုကို အကြမ်းဖက်ရန်၊ ကြောက်ရွံ့အောင် ပြုမူရန် စစ်တပ်ကို သုံးသည်။ အနုနည်းနှင့် အကြမ်းနည်း တွဲဖက် ကိုင်တွယ် အသုံးပြုခြင်းဖြစ်သည်။ ယခု အခန်းတွင် ရွေးကောက်ပွဲနှင့် အဓိက ဆက်စပ်သော နိုင်ငံရေး ပါတီ၏ အခန်းကဏ္ဍကို ဆွေးနွေးပါ မည်။

အာဏာရှင်တို့တွင် ကိုယ်ပိုင် လက်ကိုင်ဒုတ် နိုင်ငံရေးပါတီရှိသည်။ ထိုနည်းတူ အခြားပါတီများကို လည်း ခွင့်ပြုသလောက် ခွင့်ပြုထားတတ်သည်။

ဘာကြောင့် ပါတီများကို ခွင့်ပြုထားတတ်သနည်း။

စစ်အေးခေတ်နှောင်းပိုင်းတွင် အာဏာရှင် ၁၀ မှ ၂၀ ရာခိုင်နှုန်းသည်သာ ပါတီများကို ပိတ်ပင်ထား တတ်ကြသည်။ စစ်အေးခေတ်အစောပိုင်းက ပါတီများကို လုံးလုံးပိတ်ပင်ထားသော အာဏာရှင်အစိုးရ ၅၀ ရာခိုင်နှုန်းခန့် ရှိခဲ့သော်လည်း နောက်ပိုင်းတွင် များစွာ ကျဆင်းလာသည်။ အထူးသဖြင့် ၁၉၈၀ ပြည့် နှောင်းပိုင်းနှစ်များတွင် ပါတီများကို ပိတ်ပင်ထားသော အာဏာရှင် ၁၀ ရာခိုင်နှုန်းခန့်သာ ရှိတော့သည်။ ပါတီရှိသော အာဏာရှင်များက ကြာကြာခံလေ့ရှိသောကြောင့် ဖြစ်သည်။

အာဏာရှင်တို့ လက်အောက်တွင် (အခြားသော ပြိုင်ဘက်) ပါတီများမှာ အသုံးချခံများ ဖြစ်လေ့ရှိ သည်။ အာဏာရှင် အစုအဖွဲ့နှင့် အာဏာရှင် အစိုးရ၏ တရားဝင်မှု ပိုအားကောင်းလာစေရန်၊ ၎င်းတို့ အားတောင့်တင်းကြောင်း ပြသရန်၊ အာဏာရ ညွန့်ပေါင်းပါတီများကို ပိုမိုအင်အား တောင့်တင်းအောင်ပြု ရန်၊ ပြိုင်ဘက်ဖြစ်လာနိုင်သော အတိုက်အခံတို့ကို ရှာဖွေ ဖယ်ကြဉ်ထားနိုင်ရန်၊ လိုအပ်ပါက ဆုပေး/ဒဏ် ပေး စနစ်ကျင့်သုံးပြီး ထိန်းချုပ်ထားနိုင်ရန် အဓိက အသုံးပြုကြသည်[35]။

[35] Márquez, X. (2023). *Non-democratic politics: Authoritarianism, dictatorship, and democratization*. Bloomsbury Academic.

ယင်းအပြင် အာဏာရှင်တို့သည် ၎င်းတို့၏ လက်ကိုင်ဒုတ် ပင်မ တစ်ပါတီတည်း သာမက ပါတီအမျိုးမျိုးကို ဖော်၍လည်း ရင်းနှီးမြှုပ်နှံ ထောက်ပံ့ထားတတ်သည်။ ထိုသို့ဖြင့် ၎င်းတို့ လိုအပ်သော ပန်းတိုင် ကို ဖော်ဆောင်သည်။

အာဏာရှင်တို့မှာ ၎င်းတို့ကျောထောက်နောက်ခံပြု ပါတီ အပါအဝင် မိတ်ဖက်ပါတီများတွင် ပါဝင် လုပ်ဆောင်ခြင်းဖြင့် အခွင့်အလမ်းများ ရရှိအောင် ဖော်ဆောင်ပေးတတ်သည်။ နိုင်ငံရေးအရ အရေးပါ အရာရောက်မှု ရရှိရန်၊ ပိုကောင်းသော အချိတ်အဆက် အလုပ်အကိုင် အခွင့်အလမ်းရှိရန်၊ စီးပွားရေး အခွင့် အလမ်းများ ရှိရန် စသည်ဖြင့် ပါတီကို ဘဝ တက်လမ်းအတွက် အသုံးချနိုင်ရန် လမ်းဖွင့်ပေးထားတတ်သည်။ ပါတီအတွင်း အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသော အထက်ပုဂ္ဂိုလ်များနှင့် ကျေးဇူးခံ ကျေးဇူးစား စနစ်ထူထောင် ပြီး ပါတီအပေါ်သစ္စာရှိသူ၊ ပါတီအလုပ် တက်ကြွစွာ လုပ်ကိုင်သူများကို ပိုကောင်းသော အလုပ်အကိုင် အခွင့်အလမ်း၊ ရာထူးရာခံများ ပေးနိုင်ရန် စနစ်ဆောက်ထားတတ်ကြသည်။

ထို့နှင့် ဆန့်ကျင်ဘက်နည်းကိုလည်း အသုံးပြုသည်။ ဆုပေးသလို ဒဏ်ပေးသည့် နည်းဟုလည်း ဆိုနိုင် သည်။ အာဏာရှင် သို့မဟုတ် အာဏာရ ပါတီမဟုတ်သော အခြားပါတီများကို အားပေး ထောက်ခံသူများကို အပြစ်ပေးသည့် နည်း၊ ဖယ်ကြဉ်သည့် နည်းဖြစ်သည်။ ဒဏ်ခတ်သည့် နည်းမှာ အမျိုးမျိုးဖြစ်နိုင်သည်။

မက္ကဆီကိုတွင် အာဏာရှင်တို့၏ ခေတ်ပြောင်းတော်လှန်ရေးပါတီ လက်ထက် ထိုသို့သော နည်းနာများ ကျင့်သုံးခဲ့သည်။ ပါတီ ရွေးကောက်ပွဲနိုင်မှ အာဏာရနိုင်သည်ဖြစ်ရာ ပါတီ ရွေးကောက်ပွဲ မနိုင်သော နေရာ များတွင် အစိုးရ ဝန်ဆောင်မှု လုပ်ငန်းများ မဖော်ဆောင်ဘဲ ဒဏ်ခတ်သည့် နည်းဖြစ်သည်။ ထိုအခါ မဲဆန္ဒရှင် တို့မှာ ပညာရေး၊ ကျန်းမာရေး၊ အခြေခံ အဆောက်အဦကဲ့သို့သော အစိုးရ ဝန်ဆောင်မှု လုပ်ငန်းများ မရမည် စိုးသဖြင့် အတိုက်အခံပါတီကို (ကြိုက်လျက်ဖြင့်ပင်) မဲပေးရန် စိုးရွံ့သွားသည်။ ထိုသို့ဖြင့် လက်ရှိ အာဏာရ အစုအဖွဲ့ကို မကြိုက်သော်လည်း အောင့်ကာ နမ်းရတော့သည်။

ဥပမာ ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံများအနက် တစ်ခု ဖြစ်သော စင်ကာပူနိုင်ငံတွင် အတိုက်အခံ တို့၏ မဲဆန္ဒနယ်တို့ကို အစိုးရ အခြေခံ အဆောက်အဦး လုပ်ငန်းများ၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှု လုပ်ငန်း များအတွက် နောက်ဆုံး ဦးစားပေး အဖြစ်ထားထားခြင်း ဖြစ်သည်။ စင်ကာပူ၏ အာဏာရ ပြည်သူ့ အရေး တော်ပုံပါတီ (PAP) သည် ထိုသို့ဖြင့် နည်းလမ်းမျိုးစုံ ကျင့်သုံးသည်။ ထို့ကြောင့်ပင် ဒီမိုကရေစီ သဘော တရားကို နားလည်သော စင်ကာပူနိုင်ငံသားများပင်လျှင် လွှတ်တော်အတွင်း အတိုက်အခံအသံတော့ ရှိသင့် သည်၊ သို့သော် အခြားမဲဆန္ဒနယ်က အတိုက်အခံကိုသာ အနိုင်ရရန် လိုလားသည်ဟု အရွှန်းဖောက် ပြောဆို လေ့ရှိသည်။ ကိုယ့်မဲဆန္ဒနယ်တွင်တော့ ကိုယ်တွေကို မျက်နှာသာပေးမည့်၊ အာဏာလည်း ရှိမည့် အာဏာရ

ပါတီ အမတ်ကိုသာ လိုလားသည်။ ထိုသို့ဖြင့် စင်ကာပူ အစိုးရက ငါတို့ကိုဖြင့် လာမကျော်လေနှင့်၊ ထိမည် ဆိုသော အတွေးအခေါ် ပုံရိပ်ကို နိုင်ငံသားများထံ သတင်းပါးထားသည်။

ဆိုဗီယက်ခေတ်ကနည်း၊ လက်ရှိ မြောက်ကိုရီးယား၏ ရွေးကောက်ပွဲနည်း ပုံစံမှာ သိပ်ခေတ်မမီလှ တော့ပါ။

ရွေးကောက်ပွဲ ကျင်းပသည်။ ၁၀၀ ရာခိုင်နှုန်း တစ်ခဲနက် မဲထွက်ပေးကြသည်။ လက်ရှိ အစိုးရက သောင်ပြိုကမ်းပြို ၉၉.၉၉ ရာခိုင်နှုန်းဖြင့် အနိုင်ရသည်။ ထိုသို့သော နည်းနာက ခေါင်းကိုက်စရာများပင် ပေးနိုင်သည်။ အာဏာရှင်တို့ကို လူထုက ကြောက်၍ဖြစ်စေ၊ အဖားလွန်၍ ဖြစ်စေ၊ အကျိုးစီးပွား တရပ်ရပ် ကြောင့် ဖြစ်စေ အင်ပြည့်အားပြည့် မဲပေးလိုက်သည်။ ထိုသို့ အင်အားဖြင့် မဲရလေလေ တကယ့် ထောက်ခံမှု ကို သိရန် ပိုခက်လေလေဖြစ်သည်။ စစ်မှန်မှု၊ ကိုယ့် တကယ့်အင်အားကို တွက်ရ ခက်လေလေဖြစ်သည်။

ထိုကြောင့် အာဏာရှင်တို့မှာ ကိုယ့်အင်အား၊ ကိုယ့်အပေါ် ပြည်သူ ထောက်ခံမှု တစ်နည်းနည်းဖြင့် သိရှိ ရန် ရွေးကောက်ပွဲကို အချက်အလက် ကောက်ယူယန္တရားအဖြစ်လည်း သုံးသည်။ ရွေးကောက်ပွဲတွင် အတိုင်းအတာ တခုအထိ အတိုက်အခံကို ပါဝင်ခွင့်ပေးခြင်း (အနိုင်မရသည့် အနည်းငယ်သော ပမာဏအထိ တင်းကျပ်သော စည်းမျဉ်းများဖြင့် ပါဝင်ခွင့်ပေးခြင်း)၊ အာဏာရှင်တို့၏ မိတ်ဖက်ပါတီများကို (လုံးဝဉသုံ မယုံသည့်တိုင်) အတိုင်းအတာ တရပ်အထိ လွတ်လပ်ခွင့်ပေးခြင်းတို့ ရှိသည်။ ထိုသို့အားဖြင့် မည်သို့သော အုပ်စု၊ လူမှုအတန်းအစားတို့က ကိုယ့်ကျောထောက်နောက်ခံပါတီကို ထောက်ခံနေသည်၊ မည်မျှ ထောက်ခံ နေသည်။ အခြားမိတ်ဖက်ပါတီတို့ကို မည်သို့ မည်မျှ ထောက်ခံနေသည်။ အတိုက်အခံ ပါတီ ကို မည်သည့် အုပ်စု၊ လူမှု အတန်းအစား၊ ဧရိယာတို့က ထောက်ခံနေသည် စသည့် သတင်းအချက်အလက်များ သိနိုင်မည်ဖြစ်သည်။

ထိုသို့အားဖြင့် အတိုက်အခံဖြစ်လာနိုင်သော သူများကို တွက်ချက်နိုင်သည်။ ကြိုတင်အကွက်ချ စီစဉ် ထားနိုင်သည်။ မည်သည့် အုပ်စုကို မည်သို့ ဆုပေးမည်၊ မည်သည့် အုပ်စုကို မည်သို့ ဒဏ်ခတ်မည်ကို အတိုင်း အတာ တရပ်အထိ တွက်ချက်နိုင်မည်ဖြစ်သည်။

အချို့သော အာဏာရ အစိုးရတို့အတွက် လူထုအကြား ကိုယ့်သေတွင်း ကိုယ်တူးသော မူဝါဒများ ချမှတ်ခြင်းကို ရှောင်လွှဲနိုင်မည်။ ဖော်ဆောင်နေသော မူဝါဒအားနည်းချက်များ၊ အောက်ခြေတွင် ဖြစ်ပျက် နေသည်များကို အတိုင်းအတာ တရပ်အထိ ဆဝါးတွက်ချက်နိုင်မည်ဖြစ်သည်။

သတင်းအချက်အလက်ရရှိ ကြိုတင်စီမံရေး အတိုက်အခံတို့၏ အသံ၊ လွှမ်းမိုးမှုကို မည်မျှ လွှတ်လပ်ခွင့်ပေးမည်၊ လွှတ်တော်အတွင်း မည်မျှ ခွင့်ပြုမည် ဆိုသည်မှာ တကယ့်ကို အကျပ်အတည်းဖြစ်သည်။ အချို့သော အတိုက်အခံများက ရနိုင်သမျှ လှုပ်ရှားဂွင် အတွင်းမှ တိုးဝင်ကာ အာဏာရှင်တို့ကို ဖြုတ်ချနိုင်သည်အထိ ဖြစ်သွားတတ်၍ ဖြစ်သည်။

ထိုကြောင့် အာဏာရှင်တို့အတွက် အရေးကြီးဆုံးသင်ခန်းစာမှာ ကိုယ့်ကို ကြိုးကွင်းစွပ်နိုင်သည် အထိ အတိုက်အခံတို့ကို လှုပ်ဂွင် မပေးရေးဖြစ်သည်။ ယင်းသည်လည်း အသွားနှစ်ဖက်ပါသော ဓားဖြစ်သည်။

## မြောက်ကိုရီးယား ရွေးကောက်ပွဲ

မြောက်ကိုရီးယားကဲ့သို့သော အလွန်တင်းကျပ်လွန်းသည့် အာဏာရှင်နိုင်ငံတွင်လည်း ရွေးကောက်ပွဲရှိသည်။ ပုံမှန်အားဖြင့် မည်သို့ ကျင်းပကြသနည်း[36]။

ဘုရင်စနစ်ကဲ့သို့ မျိုးရိုးစဉ်ဆက် မင်းလုပ်အုပ်ချုပ်သော မြောက်ကိုရီးယားတွင် လေးငါးနှစ်လျှင် တကြိမ် ရွေးကောက်ပွဲရှိတတ်သည်။ NELDA[37] ၏ အဆိုအရ မြောက်ကိုးရီးယားတွင် ရွေးကောက်ပွဲ စုစုပေါင်း ၁၃ ကြိမ်ရှိခဲ့ပြီဖြစ်သည်။ နောက်ဆုံး ပြုလုပ်ခဲ့သော ရွေးကောက်ပွဲမှာ ၂၀၁၉ ခုနှစ်တွင် ဖြစ်သည်။ ယင်းရွေးကောက်ပွဲတွင် မဲထွက်ပေးသူ ရာနှုန်းပြည့် ရှိခဲ့သည်[38]။

အစဉ်အလာအတိုင်းပင် လွှတ်တော်အတွက် ကိုယ်စားလှယ် မဲပေးရွေးချယ်ရခြင်း ဖြစ်သည်။ ပြိုင်ဘက်မရှိပါ။ ခရိုင်အလိုက် ကိုရီးယားအလုပ်သမား ပါတီ (KWP) မှ ကိုယ်စားလှယ်ကို မဲပေးရခြင်း ဖြစ်သည်။ Yes or No တခုခု ရွေးခွင့်ရှိသည်။ မဲကလည်း လျှို့ဝှက်မဲပေးခြင်း မဟုတ်ပါ။ ထိုကြောင့် No ကို ရွေးပြီး မည်သူမျှ ဘေးသင့်မခံကြပါ။ တကယ်တော့ အရွေးခံရသည့် ကိုယ်စားလှယ်များသည်လည်း မည်သည့် လုပ်ပိုင်ခွင့် အာဏာမျှ ရှိကြသည် မဟုတ်ပါ။ မြောက်ကိုးရီးယား၏ လူထုအထွပ်အထိပ် ပါလီမန်မှ ကိုယ်စားလှယ် တဦးဦးမှာ မည်သည့် အချိန်ကမျှ အစိုးရ၏ ဥပဒေတစ်ခုခုကို ကန့်ကွက်မဲပေးခဲ့သည်ဟူ၍ မရှိပါ။ တံဆိပ်တုံးထုရုံ သက်သက် လွှတ်တော်ဟုဆိုလိုက်လျှင် မြောက်ကိုးရီးယား လွှတ်တော် ဥပမာမှာ အကောင်းဆုံးဖြစ်သည်။ ဆိုဗီယက်ခေတ် ဟာသ တစ်ခု ရှိသည်။

[36] Márquez, X. (2023). *Non-democratic politics: Authoritarianism, dictatorship, and democratization*. Bloomsbury Academic.
[37] National Election under Democracy and Autocracy
[38] Al Jazeera. (2019, March 12). *North Korea election turnout 99.99 percent: State Media*. https://www.aljazeera.com/news/2019/3/12/north-korea-election-turnout-99-99-percent-state-media

“လူတွေက မဲပေးချင်ယောင်ဆောင်သည်၊ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း လူတွေကို အုပ်ချုပ်နေသယောင် ဆောင်သည်။”

တကယ်တော့ မြောက်ကိုးရီးယားအတွက် ရွေးကောက်ပွဲသည် ရွေးကောက်ပွဲ သက်သက်မဟုတ်ပါ။ လူပျောက်ရှာပွဲလည်း ဖြစ်သည်။ နောက်ပိုင်းနှစ်များတွင် မြောက်ကိုရီးယား အစိုးရက ရွေးကောက်ပွဲကို အခြေပြု၍ တရုတ် သို့မဟုတ် တောင်ကိုးရီးယားကို ရွှေ့ပြောင်းထွက်ပြေးသွားသူတွေ၊ မည်သည့် စစ်သားတွေကတော့ဖြင့် ခွင့်မဲ့ပျက်ကွက်နေသူတွေ၊ ဘယ်သူတွေကတော့ဖြင့် စာရင်းအင်း မှတ်ပုံတင် မရှိဘဲ ခိုးနေထိုင်သူတွေ စသည်ဖြင့် စစ်ဆေး၊ စိစစ်ပွဲကြီး ဖြစ်လာသည် ဟုဆိုသည်။

မြောက်ကိုးရီးယားသားတို့မှာ မဖြစ်မနေ မဲပေးရန် အကျပ်ကိုင်ခံရရုံ သက်သက်မဟုတ်ပါ။ ရွေးကောက်ပွဲသည် မည်မျှ အရေးကြီးကြောင်း လုပ်ငန်းခွင်တွင် ဆွေးနွေး လှုံ့ဆော်ပွဲများ ကျင်းပရသေးသည်။ ရွေးကောက်ပွဲနေ့တွင်လည်း ပွဲတော် လမ်းတော်များ ခင်းကျင်းရသေးသည်။ မဲပေးသည့်နေ့ လမ်းပေါ်တွင် တွေ့ရသော မဲဆန္ဒရှင်တဦးဦးကို နိုင်ငံပိုင် မီဒီယာက အင်တာဗျူး လုပ်မည်။ ထိုသူက အလုပ်သမား ပါတီကို အာဏာပြန်ရစေဖို့ မဲပေးရသည်မှာ မည်မျှ ပျော်ကြောင်းပြောမည်၊ ပါတီ၏ ခေါင်းဆောင်မှုအတွက် မည်မျှ ကျေးဇူးတင်ပါကြောင်း ပြောမည်၊ နိုင်ငံပိုင်မီဒီယာကလည်း တိုင်းပြည်တွင်း စည်းလုံးညီညွတ်မှု၊ နိုင်ငံသားများ၏ သစ္စာရှိမှု အတွက် မည်မျှ ချီးမွမ်းပါကြောင်း အယ်ဒီတာ့ အာဘော်ရေးမည်။

ထိုသို့ဖြင့် မြောက်ကိုးရီးယား ရွေးကောက်ပွဲ ငါးနှစ် တစ်ကြိမ် ဖြစ်မြောက်နေမည်။ အာဏာရှင်လည်း ဆက်ရှိနေမည်။

## မြန်မာ့ ရွေးကောက်ပွဲနှင့် စစ်အာဏာသိမ်း သမိုင်းစဉ်ချုပ်

အထက်ဖော်ပြပါအခန်းတွင် ဆိုခဲ့သလိုပင် ရွေးကောက်ပွဲ၊ အာဏာရှင်တို့ ပြုတ်ကျခြင်း၊ ဆက်မြဲခြင်းတို့နည်းတူ မြန်မာနိုင်ငံတွင်လည်း စစ်အာဏာသိမ်းခြင်းနှင့် ရွေးကောက်ပွဲ အဆက်အစပ်များကို လေ့လာကြည့်နိုင်သည်။

ရုတ်တရက်ဆိုပါက အမှုမဲ့ အမှတ်မဲ့ ဖြစ်နိုင်သော်လည်း မြန်မာ့နိုင်ငံရေး သမိုင်းစဉ် တစ်လျှောက်တွင် အာဏာသိမ်းမှု/အာဏာမလွှဲပြောင်းပေးမှု နှင့် ရွေးကောက်ပွဲတို့မှာ ဒွန်တွဲလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ် လွတ်လပ်ရေးမရမီ ကတည်းက ရွေးကောက်ပွဲများ ရှိခဲ့သည်။ ၁၉၆၂ ခုနှစ် စစ်အာဏာမသိမ်းမီအထိ ရွေးကောက်ပွဲ သုံးကြိမ်ရှိခဲ့သည်။ ပါလီမန် အစိုးရခေတ်တွင် ရွေးကောက်ပွဲ နှစ်ကြိမ်ရှိခဲ့သည်။ သို့သော် ၁၉၅၈ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းလိုက်သည်။ အချို့ကလည်း

တပ်မတော်က အာဏာသိမ်းနိုင်ရန် အခြေအနေ ပေးလာခြင်းကြောင့် ဝန်ကြီးချုပ် ဦးနုက တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းထံ အာဏာအပ်လိုက်ခြင်း ဖြစ်ကြောင်း မှတ်တမ်းပြုကြသည်[39]။ Soft Coup အနုစားအာဏာသိမ်းမှုဟုလည်း ဝိဂြိုဟ်ပြုကြသည်။ ယင်းနောက် စစ်တပ်က ဦးဆောင်သည့် ရွေးကောက်ပွဲတခု ၁၉၆၀ ခုနှစ်တွင် ကျင်းပသည်။ စစ်တပ်နှင့် ပို၍ ပလဲနံပသင့်သော တည်မြဲ ဖဆပလ ရှုံးနိမ့်ပြီး ဦးနု၏ သန့်ရှင်း ဖဆပလ ပါတီက အနိုင်ရသည်။ ယင်းနောက် ၂ နှစ်အကြာ ၁၉၆၂ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းသည်။ ပိုမိုဆိုးရွားလာသော နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများကြောင့် ထိုသို့ အာဏာသိမ်းရခြင်း ဖြစ်ကြောင့် စစ်တပ်က ကြေညာခဲ့သည်[40]။

ယင်းတွင် စစ်တပ်နှင့် ပို၍ သင့်မြတ်သော၊ သို့တည်းမဟုတ် ကျောထောက်နောက်ခံပြုထားသော တည်မြဲ ဖဆပလ ၁၉၆၀ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခြင်းနှင့် ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းမှု ဖြစ်ပွားခြင်းတို့မှာ ထူးခြားသော တိုက်ဆိုင်မှု ဖြစ်သည်။

ယင်းနောက် ၁၉၇၄ ခုနှစ်တွင် တစ်ပါတီအာဏာရှင် စနစ်ကို သွတ်သွင်းမည့် ရွေးကောက်ပွဲ ကျင်းပသည်။ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ တပါတီတည်းက ယှဉ်ပြိုင်ပြီး အနိုင်ယူလိုက်သည်။ ထိုမှ တစ်ဆင့် အရပ်ဝတ်ပြောင်း ဦးနေဝင်းက သမ္မတ နေရာယူလိုက်သည်။ ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံး အရေးတော်ပုံ ဖြစ်ပွားပြီးနောက် ဆိုရှယ်လစ်ပါတီ အာဏာမှ ဆင်းပေးလိုက်ရသည်။ ဦးနေဝင်း ပြုတ်ကျသွားသည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် ဦးဆောင်သော စစ်တပ်က အာဏာသိမ်းသည်။ ထိုနောက် ပါတီစုံ ဒီမိုကရေစီ စနစ်ကို ကတိပြုပြီး ၁၉၉၀ ရွေးကောက်ပွဲကျင်းပသည်။ စစ်တပ် ကျောထောက်နောက်ခံပြု တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင် သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီကို မဲအပြတ်အသတ်ဖြင့် ရှုံးနိမ့်သည်။

သို့သော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မရှိသေးဟုဆိုကာ ရွေးကောက်ပွဲနိုင် ပါတီကို အာဏာလွှဲပေးရန် ငြင်းဆန်သည်။ ဗိုလ်ချုပ်မှူးကြီး စောမောင်က အာဏာလွှဲပေးလိုသည်။ သို့သော် စစ်တပ်တွင်း အခြားခေါင်းဆောင်များက အာဏာလွှဲပေးလိုခြင်း မရှိပေ။

ထိုစဉ်က သက်တမ်းရှည် အာဏာပိုင်စိုးခဲ့သော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို အသွင်ပြောင်းထားသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ တစ်နည်းနည်းဖြင့် အနိုင်ရနိုင်ကြောင်း မြန်မာ

[39] ဖဆပလခေတ်. ISP Myanmar Peace Desk. (2020, August 7). https://ispmyanmarpeacedesk.com/cool_timeline/%E1%80%96%E1%80%86%E1%80%95%E1%80%9C%E1%80%81%E1%80%B1%E1%80%90%E1%80%BA/

[40] Trumbull, R. (1962), “Burma Official Says Crisis Forced Coup,” Dallas Morning News, March 8, 1962.

စစ်ဗိုလ်ချုပ်များက တွက်ဆထားကြသည်။ သက်တမ်းနုသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီက အပြတ်အသတ်အနိုင်ရသွားသည်။ ထိုသို့ဖြင့် မြန်မာစစ်တပ်က အာဏာမလွှဲပေးရေး ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အကြောင်းပြကြောင်း သုံးသပ်ချက်များ ရှိသည်။ ယင်းအပြင် ၁၉၉၀ ရွေးကောက်ပွဲပြီးနောက် အာဏာလွှဲပေးလိုက်ပါက စစ်ဗိုလ်ချုပ်ကြီးများ နုရင်ဘတ်ခုံရုံးကဲ့သို့ တရားရုံးတင်ပြီး ပြစ်ဒဏ်ပေးခံရမည် စိုးသဖြင့် အာဏာမလွှဲပေးခြင်းဖြစ်ကြောင်း သုံးသပ်ချက်များရှိသည်။ ယင်းတို့မှာ အခြေအမြစ် မရှိကြောင်း ထိုစဉ်က ဒီချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးကြည်မောင်က Asiaweek မဂ္ဂဇင်းနှင့် တွေ့ဆုံရာတွင် ငြင်းဆိုထားသည်[41]။

"ခင်ဗျားအနေနဲ့ သူတို့ရဲ့ ရပ်တည်မှု အနေအထားကို တကယ်နားလည် သဘောပေါက်ရင် သူတို့ကို ခွင့်လွှတ်ပေးလို့ ရနိုင်လောက်တယ်။ နောက်တက်လာမယ့် အစိုးရကလည်း သူတို့ကို တစ်စစီ ဆွဲဆုတ်ပစ်တဲ့ အထိ လက်စားချေလိုစိတ် ပြင်းပြမယ် မထင်ပါဘူး"ဟု ဦးကြည်မောင်က ဆိုခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီး စောမောင် ရာထူးမှ နုတ်ထွက်သွားသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဖြစ်လာသည်။

ယင်းနောက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ကို ရေးဆွဲအတည်ပြုပြီး ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပသည်။ အာဏာရှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ နောက်ဆုံး ထွက်ပေါက်၊ သို့မဟုတ် စစ်တပ်၏ နောက်ဆုံး ထွက်ပေါက်အဖြစ် ညွှန်းဆိုခံခဲ့ရသော ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်သည်။ ယင်းဖွဲ့စည်းပုံ အရ လွှတ်တော် အသီးသီးတွင် တပ်မတော်သား ၂၅ ရာခိုင်နှုန်းက အလိုအလျောက် နေရာယူထားသည်။ ပြည်ထောင်စု အစိုးရ အဖွဲ့တွင် အရေးကြီးသော ဝန်ကြီးဌာနသုံးခုကို စစ်တပ်က ထိန်းချုပ်ထားသည်။ လွှတ်တော် ကိုယ်စားလှယ် ၇၆ ရာခိုင်နှုန်း အနည်းဆုံး ရှိမှသာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ခွင့်ရှိသည်။ စစ်တပ်ကျောထောက် နောက်ခံပြု ပါတီက ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ၂၆ ရာခိုင်နှုန်း နိုင်လျှင်ပင် အစိုးရ ဖွဲ့နိုင်သည့် အနေအထားဖြစ်သည်။

---

41 Admin, I. (2018, March 6). ၁၉၉၀ ပြည့်နှစ်အတွင်း ဦးကြည်မောင်အား တွေ့ဆုံမေးမြန်းခဲ့ပြီး အပြည့်အဝ ဖော်ပြခဲ့ဖူးခြင်း မရှိသော မေးမြန်းချက် အပြည့်အစုံနှင့် ဆောင်းပါး. Myanmar. https://www.ispmyanmar.com/burmese/%E1%81%81%E1%81%89%E1%81%89%E1%81%80-%E1%80%BB%E1%80%95%E1%80%8A%E1%80%B9%E1%80%B7%E1%82%8F%E1%80%BD%E1%80%85%E1%80%B9%E1%80%A1%E1%80%90%E1%80%BC%E1%80%84%E1%80%B9%E1%80%B8-%E1%80%A5%E1%80%AE%E1%80%B8/

ထိုသို့ဖြင့် ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပသည်။ အဓိက အတိုက်အခံ ဒီမိုကရေစီ အင်အားစုများ သပိတ်မှောက်သော ယင်းရွေးကောက်ပွဲတွင် စစ်တပ်ကျောထောက်နောက်ခံပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အနိုင်ရသည်။ သန်းခေါင်ယံကြိုတင်မဲများနှင့် အငြင်းပွားဖွယ်ရာ ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကြောင့် အတုအယောင် ရွေးကောက်ပွဲ အဖြစ် စွပ်စွဲမှု အများအပြား ရှိသည်။

အံ့သြစရာ မရှိပါ။ စစ်တပ်က အာဏာလွှဲပေးလိုက်သည်။ စစ်အစိုးရလက်ထက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က သမ္မတ ဦးသိန်းစိန် ဖြစ်လာသည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် စီးပွားရေး နိုင်ငံရေး ဖြေလျှော့မှုများ ပြုလုပ်ခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို လွှတ်တော်အတွင်း ဝင်ရောက်နိုင်ရန် အခွင့်အရေးပေးခြင်းတို့ဖြင့် ကမ္ဘာ့အသိုင်းအဝိုင်းအကြား နာမည်ရလာသည်။

“ကျွန်တော့် လက်ထက်မှာ အိုဘားမား နှစ်ကြိမ်တောင် လာသွားတယ်”ဟု သမ္မတ ဦးသိန်းစိန်က ဝံ့ကြွားနိုင်သည်အထိ ဖြစ်သည်[42]။

ထိုသို့ဖြင့် ၂၀၁၅ ရွေးကောက်ပွဲ ကျင်းပသည်။ လွတ်လပ်မျှတသော ရွေးကောက်ပွဲဟု အမွမ်းတင်ခံရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစိုးရဖွဲ့နိုင်လောက်သည်အထိ အနိုင်ရရှိသွားသည်။ စစ်တပ်ကျောထောက်နောက်ခံပြု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီက လွှတ်တော်ကိုယ်စားလှယ် ၂၆ ရာခိုင်နှုန်း ပင် အနိုင်ရခြင်း မရှိပေ။ နောက်ဆုံးတွင် အာဏာလွှဲပေးလိုက်သည်။

မြန်မာ့သမိုင်းတွင် အတိုက်အခံအင်အားစုများ အနိုင်ရပြီး ရှားရှားပါးပါးအာဏာလွှဲပြောင်းမှု တရပ်ဖြစ်သည်။ မြန်မာ့ ဒီမိုကရေစီခရီး နောက်ပြန်မလှည့်နိုင်တော့ကြောင်း တွေးထင်ခဲ့ကြသည်။ သို့သော် မြန်မာစစ်တပ်၏ မျိုးဗီဇကို လျှော့တွက်ခဲ့ကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အစိုးရ လက်ထက် ရိုဟင်ဂျာအရေးနှင့် ပတ်သက်၍ နိုင်ငံတကာ ဝေဖန်မှု ခံလာရခြင်း၊ တိုင်းရင်းသား ဒေသများတွင် ဗဟိုချုပ်ကိုင်မှုများသဖြင့် ဖက်ဒရက်ဒီမိုကရေစီ တိုင်းပြည်တည်ထောင်နိုင်မှု အပေါ် သံသယပွားလာခြင်း၊ အချို့သော တိုင်းရင်းသား နိုင်ငံရေး အင်အားစုများနှင့် မကျေမလည် ဖြစ်လာခြင်း၊ ယင်းအစိုးရလက်ထက်ချမှတ်ခဲ့သော မူဝါဒအချို့အပေါ် ဝေဖန်မှု များပြားလာခြင်း တို့က လာမည့်ရွေးကောက်ပွဲတွင် အားလျော့သွားနိုင်ကြောင်း တွက်ချက်ခဲ့ကြသည်။ ယင်းအပေါ် အခွင့်ကောင်းယူကာ လာမည့် ရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေးပါတီ၊ ၎င်း

---

[42] YouTube. (2023a, April 23). *Myanmar: The collapse of a modern military dictatorship | inside a dictatorship | war stories*. YouTube. https://www.youtube.com/watch?v=j-j4L4D_9MQ

နှင့် မဟာမိတ် တိုင်းရင်းသား အင်အားစု၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်တို့ စုစုပေါင်း လွှတ်တော် ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်း ကျော် မဲရနိုင်ကြောင်း အတွက်အချက် မှားခဲ့ပုံရသည်။

သို့သော် ၂၀၂၀ ရွေးကောက်ပွဲတွင် ထင်သလို ဖြစ်မလာခဲ့ပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပင် အစိုးရ လွှတ်လွှတ်ကျွတ်ကျွတ် ဖွဲ့နိုင်လောက်သည်အထိ လွှတ်တော် ကိုယ်စားလှယ်နေရာများ အနိုင်ရရှိသွားသည်။

ရွေးကောက်ပွဲကျင်းပပြီး သုံးလနီးပါးအကြာ စစ်တပ်က အာဏာသိမ်းလိုက်သည်။ အကြောင်းပြချက်မှာ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှု ဆယ်သန်း ကျော် ရှိသည်ဆိုသည့် အချက်ကို အဓိက အခြေပြုသည်။

သို့သော် . . . ။ ထို 'သို့သော်' သည် အလွန်တာသွားသော သို့သော် ဖြစ်သည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကြာမီ ခြောက်လအတွင်း အငြိမ်းစားယူရတော့မည့် အရေး၊ အငြိမ်းစားယူပြီးနောက် အကျိုးစီးပွားနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကာအကွယ်များ မသေချာခြင်း၊ တပ်မတော်၏ နိုင်ငံရေး အာဏာကို ဆက်လက်ဖက်တွယ်ထားလိုမှု၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်၌၏ အာဏာမက်မောမှု တို့က မဲစာရင်းမှားယွင်းမှု အကြောင်းပြ အာဏာသိမ်းခြင်းကို ဖြစ်စေခဲ့ကြောင်း သုံးသပ်ချက် အများအပြားရှိသည်[43]။

အာဏာသိမ်း စစ်တပ်အနေနှင့် မည်သို့ မည်မျှ တွက်ချက်လုပ်ဆောင်ခဲ့သည်ကို မခန့်မှန်းနိုင်ပါ။ သို့သော် ရင်ဆိုင် ပေးဆပ်ရမည့် အဖိုးအခမှာ ကြီးမားလှသည်။ စစ်တပ်ကမူ အာဏာသိမ်းခြင်းမဟုတ်၊ အာဏာထိန်းသည်သာ ဖြစ်သည်။ မကြာမီ ရွေးကောက်ပွဲကျင်းပမည်၊ အနိုင်ရသော နိုင်ငံရေးပါတီကို အာဏာလွှဲပေးမည်ဟု တွင်တွင်ကြီး ဆိုနေဆဲဖြစ်သည်။ တနည်းဖြင့် ဆိုသော် အာဏာရှင်တို့ လက်စွဲတော် ဖြစ်သော ရွေးကောက်ပွဲ ဖဲချပ်ကို အသုံးချပြီး လှည့်စားရန် ကြိုးပမ်းနေဆဲ ဖြစ်သည်။

ထိုအကြောင်း ဆက်ဆွေးနွေးကြပါမည်။

---

[43] Gunia, A. (2021, February 1). *Myanmar coup: Why the military overthrew Aung San Suu Kyi*. Time. https://time.com/5934896/myanmar-aung-san-suu-kyi-detained-coup/

## ၂၀၂၁ အာဏာသိမ်းမှု အလွန် . . .

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ နံနက်ခင်းက မျိုးဆက်သစ်တို့အတွက် ဒဏ်ရာအသစ် ပေးလိုက်သည်။ မျိုးဆက်ဟောင်းတို့အတွက်မူ ထပ်ပိုး ဒဏ်ရာဖြစ်လာစေသည်။ ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အချိန်အတိုင်းအတာ တရပ်အထိ ပြတ်တောက်သွားသည်။ ယင်းနောက် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ အစည်းအဝေး ဟူသော သတင်းထုတ်ပြန်ချက် တစ်ရပ်ပေါ်လာသည်။ အတွေ့အကြုံရှိသော သူတို့အတွက်မူ အာဏာသိမ်းလိုက်ပြီဟု သိလိုက်ပြီ။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်ခြင်း ရှိ၊ မရှိနှင့် ပတ်သက်၍ ဖြေရှင်းပေးရန် တပ်မတော်က အကြိမ်ကြိမ်၊ နည်းလမ်း အမျိုးမျိုးဖြင့် တောင်းဆိုမှု အပေါ် ဆောင်ရွက်ခြင်းမရှိသဖြင့် ‘နိုင်ငံတော် အာဏာအား အဓမ္မနည်းဖြင့် ရယူရန် ဆောင်ရွက်ခြင်း’ ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကာလုံ အစည်းအဝေးတွင် တင်ပြခဲ့သည်[44]။ ထိုနောက် ယာယီသမ္မတ ဦးမြင့်ဆွေ ဆိုသူက စစ်တပ်ကို အာဏာ သုံးရပ်လွှဲလိုက်သည်။ ထိုသို့ဖြင့် စစ်တပ်အာဏာသိမ်းခြင်းအမှု သိဒ္ဓိတင်ပြီးသွားလေသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျော်လွန်ကို ကျော်လွန်ခြင်း မရှိသော တည်ဆဲဥပဒေများ အတိုင်း လိုက်နာမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့် ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပြီး အနိုင်ရသော ပါတီကို အာဏာလွှဲသွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆိုသည်။

အရေးပေါ်ကာလ ဆိုသည့် ပြဋ္ဌာန်းချက် အရ တပ်မတော်က အာဏာသိမ်းနိုင်သည့် သက်တမ်းမှာ အကန့်အသတ်ရှိသည်။

“ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောရရင်တော့ အရေးပေါ် အခြေအနေက တနှစ်ပဲလုပ်လို့ရတယ်။ တကယ်လို့အရေးပေါ်အခြေအနေအတွင်းမှာ တာဝန်မပြီးဆုံးသေးဘူး ဆိုရင် သမ္မတ (သို့မဟုတ်) ယာယီသမ္မတကနေ ခြောက်လတကြိမ်၊ ခြောက်လ တကြိမ်၊ နှစ်ကြိမ်ခွင့်ပြုပေးတယ်။ နှစ်နှစ်ထက်ပိုပြီးလုပ်လို့ မရဘူး။ ဒါကြောင့် ကျွန်တော်တို့သည် အများဆုံးက နှစ်နှစ်ပဲ ဖြစ်ပါတယ်။ နှစ်နှစ် ထက် ပိုလုပ်လို့ မရပါဘူး”ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်နိုင်ငံ အခြေစိုက် Phoenix TV နှင့် တွေ့ဆုံမေးမြန်းခန်းတွင်

[44] အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်၊ ဖေ ၁၊ ၂၀၂၁

ပြောဆိုခဲ့သည်[45]။ မေလ ၂၀ ရက်နေ့တွင် ထိုသို့ တွေ့ဆုံခဲ့ခြင်း ဖြစ်ပြီး ယင်းကို ဇွန်လ အတွင်း ထုတ်ပြန်ခဲ့သည်။

"ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တဲ့ အမျိုးသားရေး တာဝန်တရပ်ဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတမှုသာ ပြည်သူတွေ လိုလားတောင့်တတဲ့ ပါတီစုံ ဒီမိုကရေစီ စနစ် ခိုင်မြဲစေပြီး၊ နိုင်ငံရဲ့နိုင်ငံရေး သမိုင်းနဲ့ နိုင်ငံတကာ အလယ်မှာလည်း ဂုဏ်သိက္ခာ မြင့်မားစေမှာ ဖြစ်ပါတယ်"ဟု သူက ဆိုသည်။

ရွေးကောက်ပွဲကို တဖွဖွ ပြောဆိုပြီးနောက် လက်ရှိ နိုင်သူအကုန်ယူ ရွေးကောက်ပွဲ စနစ်မှာ အချိုးကျ ကိုယ်စားပြု (PR) စနစ်ကို ပြောင်းလဲရန် စစ်ကောင်စီက ကြိုးပမ်းလျက်ရှိသည်။ နိုင်သူအကုန်ယူ စနစ်တွင် ခွက်ခွက်လန်အောင်ရှုံးခဲ့သော အခြေအနေမျိုး မဖြစ်ရန် အချိုးကျ ကိုယ်စားပြု စနစ်အဖြစ် ပြောင်းလဲရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ လူတိုင်းပေးလိုက်သော မဲများ မဆုံးရှုံးရေးဟုဆိုကာ အချိုးကျကိုယ်စားပြု စနစ်ကို ပြောင်းလဲခြင်းမှာ စစ်ကောင်စီနှင့် လက်ဝေခံ ပါတီများ မဲအချိုးအစား ပိုရစေပြီး စစ်ကောင်စီ နိုင်ငံရေး အသက်ဆက်လိုရင်း ဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ထားကြသည်[46]။

PR စနစ်ကို ပြင်ဆင်ရန် လုံလောက်သော အချိန်လိုအပ်ကြောင်းလည်း စစ်ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၂၀၂၂ ခုနှစ် ဩဂုတ်လ မိန့်ခွန်းတွင် ပြောဆိုထားသည်[47]။


စစ်ခေါင်းဆောင်၏ လိုမ့်လုံးနောက် လိုက်၍ စစ်လော်ဘီများကလည်း ရွေးကောက်ပွဲ အကြောင်း ဝိုင်းလော်ကြသည်။ လက်ရှိ မြန်မာနိုင်ငံ အခြေအနေမှာ ရွေးကောက်ပွဲဖြင့်သာ ငြိမ်းငြိမ်းချမ်းချမ်း ဆက်သွားနိုင်ကြောင်း ဆိုကြသည်။ တချိန်တည်းမှာပင် စစ်ကောင်စီ၏ လက်ဝေခံ Telegram အသုံးပြုသူများက အမျိုးသားညီညွတ်ရေး အစိုးရ (NUG) အနေနှင့် လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မိသားစုဝင်များကို လုပ်ကြံရန် PDF များကို ညွှန်ကြားကြောင်း သတင်းတု

[45] https://www.myawady.net.mm/content/phoenix-tv-people%E2%80%99s-republic-china-interviews-chairman-state-administration-council

[46] *PR စနစ်နဲ့ စစ်ကောင်စီ နိုင်ငံရေးအသက်ဆက်ချင်.* ဧရာဝတီ. (2023a, July 16). https://burma.irrawaddy.com/article/2021/11/01/247173.html

[47] *နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ပြည်သူလူထုသို့ ပြောကြားသည့်...: By နောင်ရိုးfacebook*. Facebook. (n.d.-b). https://www.facebook.com/100076098774674/videos/2186387224850125/

သတင်းမှားများ ကျယ်ပြန့်စွာ ဖြန့်ဝေခဲ့သည်[48]။ စစ်အာဏာရှင် ဆန့်ကျင်ရေး အင်အားစုများသည် ရွေးကောက်ပွဲကို ဖျက်ဆီးသူများ၊ တိုင်းပြည် ငြိမ်းချမ်းရေးနည်းကို ပိတ်ဆို့သူများအဖြစ် ပုံဖော်သည်။ အကြမ်းဖက်သူများအဖြစ် တံဆိပ်တပ်သည်။




[48] *Check lab Myanmar*. Facebook. (n.d.-a). https://www.facebook.com/CheckLabMyanmar/posts/pfbid05FWZAqiJzqWmGBbUXydgjQSMs81mtD1jG8pZypm7JNu9uBjoCWph4c5Zdo36s5rYl

စစ်ကောင်စီ ရည်ညွှန်းသော အရေးပေါ်ကာလ ပြဋ္ဌာန်းချက်အရ အရေးပေါ်ကာလ တစ်နှစ်၊ တာဝန်ပြီးဆုံးခြင်း မရှိသေးပါက ယာယီ ခြောက်လ နှစ်ကြိမ် သက်တမ်းတိုးခွင့်ရှိသည်။ စုစုပေါင်း ၂ နှစ်သာ စစ်တပ်က အာဏာရယူပြီး ရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်သည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်တွင် အာဏာသိမ်းစစ်တပ် သက်တမ်းကုန်ပြီး ၂၀၂၃ ခုနှစ် နှစ်လယ်တွင် ရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်သည်။ ထိုအတိုင်းပဲ စစ်ကောင်စီ ဥက္ကဋ္ဌက တရုတ်ရုပ်သံ သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုခဲ့သည်။

သို့သော် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ ကာလုံအစည်းအဝေးတွင် ထိုသို့ဖြစ်မလာခဲ့ပါ။ တိုင်းပြည်အတွင်း သာမန်မဟုတ်သော အခြေအနေများ ဖြစ်ပေါ်နေဟု ဆိုကာ ခြောက်လ သက်တမ်းတိုးခဲ့သည်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ခုံရုံးကလည်း ထိုကိစ္စကို ခွင့်ပြုခဲ့သည်ဟုဆိုသည်။

ရွေးကောက်ပွဲနှင့် ပတ်သက်သော မည်သည့် အချိန်ဇယားကိုမျှ ကတိပြုခဲ့ခြင်း မရှိတော့ပါ။

ယင်းနောက် ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်နေ့ ကာလုံအစည်းအဝေးတွင်လည်း သာမန်မဟုတ်သော အခြေအနေအဖြစ် နောက်ထပ် ခြောက်လ သက်တမ်းတိုးပြန်သည်။ နိုင်ငံတော် တည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေး အတွက် အရှိန်အဟုန်ဖြင့် လုပ်ဆောင်သွားရမည်ဟုဆိုသည်။

ရွေးကောက်ပွဲ ဖြစ်နိုင်ခြေအခင်းအကျင်း နှစ်မျိုးကို ယင်းအစည်း အဝေးတွင် စစ်ကောင်စီ ဥက္ကဋ္ဌက တင်ပြခဲ့သည်။

(၁) မတည်မငြိမ်ဖြစ်နေ (သည်ဟု စစ်တပ်က ယူဆ) သော စစ်ကိုင်း၊ မကွေးမြောက်ပိုင်း၊ ချင်း၊ ကယား (ကရင်နီ)၊ ကရင်၊ ပဲခူးအရှေ့ခြမ်း နှင့် တနင်္သာရီတိုင်း ဒေသအနည်းငယ်ကို ချန်လှပ်ထားပြီး ရွေးကောက်ပွဲ ပြုလုပ်ရန်၊

(၂) တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲ ဆောင်ရွက်ရန် တို့ဖြစ်သည်။

ယင်းကို ထောင့်ချင့်ခြင်းအားဖြင့် တည်ငြိမ်အေးချမ်းသည်ဟု ၎င်းတို့ ယူဆသော ဒေသများတွင် ရွေးကောက်ပွဲ ကွက်လုပ်ကာ အစိုးရဖွဲ့ရေး အတွက် အနည်းဆုံး လိုအပ်သော လွှတ်တော် ကိုယ်စားလှယ် အရေအတွက်မျှဖြင့် ရွေးကောက်ပွဲ ကျင်းပနိုင်ကြောင်း ရုပ်လုံးတစ်ရပ် ပေါ်လာသည်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ၂၅ ရာခိုင်နှုန်း အသင့်ရှိထားပြီး ဖြစ်ရာ အစိုးရဖွဲ့ရန် လိုအပ်သည့် (လွှတ်တော်

လည်ပတ်ရန် လိုအပ်သည့်) နောက်ထပ် ၂၆ ရာခိုင်နှုန်း လွှတ်တော် ကိုယ်စားလှယ်နေရာများတွင်သာ ရွေးကောက်ပွဲ ကျင်းပရန် လိုအပ်သည့် သဘောဖြစ်သည်။

သာမန်မဟုတ်သည့် သက်တမ်း ဒုတိယ အကြိမ်တိုးပြီးနောက် တစ်ပတ်အကြာတွင် ကျင်းပသော စစ်ကောင်စီ အစည်းအဝေးတွင် စစ်ကောင်စီ ဥက္ကဋ္ဌက အနှောင့်အယှက်များကြောင့် ရွေးကောက်ပွဲ နှောင့်နှေးစေကြောင်း ပြစ်တင်ပြောဆိုခဲ့သည်[49]။

သို့သော် မည်သည့် အချိန်တွင် မည်သို့သော ပုံစံဖြင့် ရွေးကောက်ပွဲ လာမည်ဆိုသည်ကိုတော့ မပြောနိုင်တော့ပါ။

---

49 BBC. (n.d.-c). *ရှစ်လေးလုံးတော်လှန်ရေးစိတ်ဓာတ်ကို နွေဦးတော်လှန်ရေးမှာ ပြန်ယူဖို့လိုတယ် လို့ NUG ပြော*. BBC News မြန်မာ. https://www.bbc.com/burmese/articles/cx90d8kdgkdo?fbclid=IwAR21DFsru2uvN1NVswBvY7dcOPypnQ0uYaXJN73ais9Gltb3N6ow1M0tsCI

## အာဏာသိမ်းပြီးနောက် စစ်ကောင်စီ၏ သက်တမ်းတိုးမှုများ

(၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ)

**၂၀၂၁ ဖေဖော်ဝါရီ ၁**

မဲစာရင်းများ မှားယွင်းခြင်းနှင့် မဲမသမာမှုများ ရှိသည်ဟူသည့် စွပ်စွဲချက်ဖြင့် အာဏာသိမ်းယူခဲ့ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ မဲစာရင်းများ စစ်ဆေးအတည်ပြုခြင်းအပါအဝင် လိုအပ်သည့် လုပ်ငန်းစဉ်များလုပ်ဆောင်ရန်ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈(က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရယူသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေသက်တမ်းမှာ တနှစ်ဖြစ်သည်။

**၂၀၂၁ ဩဂုတ် ၁**

အာဏာသိမ်းခြောက်လပြည့် စစ်ကောင်စီဥက္ကဋ္ဌမိန့်ခွန်းတွင် 'ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အရေးပေါ်ကာလသည် အကန့်အသတ်ရှိကြောင်း၊ ပုဒ်မ ၄၂၁(ခ)တွင် အရေးပေါ်ကာလ တနှစ်အတွင်း တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးလျှင် နောက်ခြောက်လနှစ်ကြိမ်သာ တိုးမြှင့်နိုင်ကြောင်း၊' ပြောကြားခဲ့သည်။ ထို့အပြင် '**ရွေးကောက်ပွဲအတွက် ပြင်ဆင်ချိန်ခြောက်လပေးပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အားလုံးသည် ၂၀၂၃ခုနှစ် ဩဂုတ်အတွင်း ပြီးစီးရမည်ဖြစ်ကြောင်း၊**' ထည့်သွင်းပြောဆိုခဲ့သည်။

**၂၀၂၂ ဇန်နဝါရီ ၃၁**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၂) ကိုပြုလုပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၉ အရ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ဆက်လက်ဆောင်ရွက်လိုသောကြောင့် တနိုင်ငံလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ နှင့်အညီ ခြောက်လ သက်တမ်းတိုးမြှင့်ကြောင်း၊ ထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲနှင့် ပတ်သက်၍ **မဲများသူအနိုင်ယူ** (FPTP) **စနစ်မှ အချိုးကျကိုယ်စားပြုစနစ်** (PR) **သို့ပြောင်းလဲရန်** စစ်ကောင်စီဥက္ကဋ္ဌကဆွေးနွေးခဲ့သည်။

**၂၀၂၂ ဇူလိုင် ၃၁**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရန် အချိန်လိုသဖြင့် အရေးပေါ်အခြေအနေ ကြေညာသည့်ကာလအား တိုးမြှင့်ပေးရန် စစ်ကောင်စီဥက္ကဋ္ဌက တောင်းဆိုခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ နှင့်အညီဟူ၍ ဒုတိယအကြိမ် ခြောက်လသက်တမ်းတိုးခဲ့သည်။ **ရွေးကောက်ပွဲစနစ်ကို ပြုပြင်ပြောင်းလဲခြင်း၊ နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲစနစ်နှင့် ဆီလျော်ရန် ပြုပြင်ခြင်းနှင့် လူထုကို အသိပညာပေးခြင်းများလုပ်ဆောင်ရန် အချိန်လိုအပ်သည်ဟု** ဆို၍ အုပ်ချုပ်မှုသက်တမ်းကို ထပ်မံတိုးပေးရန် စစ်ကောင်စီဥက္ကဋ္ဌက ကာ/လုံအစည်းအဝေးတွင် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

**၂၀၂၃ ဇန်နဝါရီ ၃၁**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃) ကိုပြုလုပ်ပြီး ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တို့ကို ရည်ညွှန်း၍ သာမန်မဟုတ်သည့် အခြေအနေများ ဖြစ်ပေါ်နေသည်ဟု ဆွေးနွေးခဲ့သည်။ ထိုကဲ့သို့ သာမန်မဟုတ်သည့်အခြေအနေများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ အရ အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို နောက်ထပ်ခြောက်လ သက်တမ်းထပ်တိုးခဲ့သည်။ ထိုသို့ **တတိယအကြိမ်သက်တမ်းတိုးခြင်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကလည်း ခွင့်ပြုခဲ့သည်။**

**၂၀၂၃ ဇူလိုင် ၃၁**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) ကို ပြုလုပ်ပြီး စတုတ္ထအကြိမ် ခြောက်လ သက်တမ်းတိုးခဲ့သည်။ **ရွေးကောက်ပွဲလုပ်နိုင်သည့် အခင်းအကျင်းနှစ်ခုကို စစ်ကောင်စီက ပြောခဲ့ပြီး မည်သည့်ပုံစံကိုကျင်းပသည်ဖြစ်စေ မဲဆန္ဒရှင်များ အကြောက်တရားကင်းကင်းဖြင့် မဲပေးနိုင်ရေး၊ တနိုင်ငံလုံးအတိုင်းအတာနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရန် လိုအပ်သဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်ရန်** လိုအပ်သည်ဟုဆိုကာ စစ်ကောင်စီသက်တမ်းကို ခြောက်လ ထပ်တိုးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၁(ခ)၏ လုပ်ပိုင်ခွင့်များနှင့်ပုဒ်မ ၄၂၅ နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ သက်တမ်းထပ်တိုးသည်ဟုဆိုသည်။

THE RED FLAG

## စစ်ကောင်စီ၏ ရွေးကောက်ပွဲ ဖဲချပ်

နိုင်ငံတကာ အာဏာရှင် ရပ်ဝန်းတွင် ရွေးကောက်ပွဲနှင့် အာဏာသိမ်းပွဲများ၊ ရွေးကောက်ပွဲနှင့် အာဏာလက်လွှတ်လိုက်ရသည်များ ဒွေးရောယှက်တင်ရှိသကဲ့သို့ မြန်မာ့ သမိုင်းစဉ်တွင်လည်း ကြုံခဲ့ရပြီးဖြစ်သည်။

ရွေးကောက်ပွဲသည် 'ဓားနှစ်ဖက်ပါသောသွား' ဖြစ်ကြောင်း မြန်မာနိုင်ငံ အတွေ့အကြုံကလည်း ပေးခဲ့ပြီးဖြစ်သည်။ ရွေးကောက်ပွဲများကြောင့် အာဏာလက်လွှတ်ရ (၂၀၁၅)၊ လက်လွှတ်ရလုနီးနီး (၁၉၉၀) ဖြစ်ခဲ့ရပြီးဖြစ်သည်။

ပါတီနှင့် အာမီ (စစ်တပ်) တွဲသုံးနည်းကို ဆက်လုပ်နေဆဲဖြစ်သည်။ စစ်တပ်သည် အခြားတဖက်တွင် ကိုယ်တိုင် နိုင်ငံရေးပါတီ ထူထောင်၍ သော်လည်းကောင်း၊ စစ်တပ်ထောက်ခံသော ပါတီများနှင့် မဟာမိတ်ပြု၍သော်လည်းကောင်း ရွေးကောက်ပွဲကို အသုံးချ၍ အာဏာဆက်မြဲရေး၊ အာဏာရရေး ကြိုးပမ်းခဲ့သည်ကို ထင်ရှားသည့် သာဓကများက ပြဆိုနေသည်။

နိုင်ငံတကာတွင် တရားဝင်မှုရရှိရန်၊ ပါတီစုံ ဒီမိုကရေစီ ဖြစ်ပါကြောင်း ထင်ယောင်ထင်မှား ဖြစ်စေရန် အခြား ပါတီငယ်များကို ဝင်ပြိုင်စေမည်။ သို့သော် အာမီပါတီကသာ နိုင်အောင် သေသေချာချာ ဆင်ထားမည်ဖြစ်သည်။

အရေးပေါ်ကာလပြီးမြောက်ပါက ပါတီစုံရွေးကောက်ပွဲ ကျင်းပကာ အနိုင်ရပါတီကို အာဏာလွှဲပေးမည်ဟု အာဏာသိမ်းစစ်တပ်က ဆိုထားသည်။ သို့သော် အာမီပါတီကသာ အနိုင်ရစေရန် သေချာစွာ စီစဉ်လျက်ရှိသည်။ အာမီ၏ ပါတီကို ပုခုံးချင်းယှဉ်လာနိုင်သော နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခွင့်မပြုခြင်း၊ စည်းမျဉ်းစည်းကမ်းများတင်းကျပ်ခြင်းတို့ ရှိလာသည်။ အတိုက်အခံပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ် အနည်းငယ်ကို နိုင်ခွင့်ပေးလိုက်နိုင်သော်လည်း ယင်းမှာ အာဏာရ စစ်တပ်ကျောထောက်နောက်ခံပြုထားသော ပါတီကို ထိုးနက်နိုင်လောက်သည် အထိ ခွင့်ပြုမည်မဟုတ်ပါ။

အာဏာရှင် လက်အောက်တွင် ရွေးကောက်ပွဲများ ရှိလာနိုင်သည်။ သို့သော် ၎င်းတို့ အာဏာတည်မြဲရေးအတွက် အသေအချာ 'ဆင်' ထားသော ရွေးကောက်ပွဲများသာ ဖြစ်လိမ့်မည်။ အာဏာရှင်တို့သည်လည်း ရွေးကောက်ပွဲများကို ကြိုက်လေ့ရှိပါသည်။ သို့သော် ၎င်းတို့ လိုသလို အသုံးချနိုင်ရုံ သက်သက်၊ ဝါဒဖြန့် လိမ့်လုံးညာလုံး သက်သက်အတွက်သာ ဖြစ်သည်။

ရွေးကောက်ပွဲနည်းပြီးနောက် နောက်ထပ် တသွင်သွင်အသုံးပြုသော နည်းမှာ တပါးသူကို အပြစ်ဖို့သောနည်းဖြစ်သည်။ နောက်တစ်ခန်းတွင် ဆက်လေ့လာကြပါမည်။

# ဖဲချပ် - (၄)
# လိမ်သည်၊ လှည့်ဖျားသည်၊ တပါးသူကို တရားခံရှာ အပြစ်ဖို့သည်

"စကားလုံးတွေ သုံးတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ လက်နက်ကိုင် စစ်သားတွေက ပိုကောင်းတယ်လေ"

မူဆိုလီနီ
အီတလီ အာဏာရှင်

အာဏာရှင်တို့မှာ 'သေနတ် တဖက်၊ မိုက်ခွက် တဖက်' ကိုင်ထားရသည်။ တဖက်က လိမ်လည်လှည့်ဖျားသည်၊ အခြားတဖက်က လက်နက်ကိုင် အကြမ်းဖက်သည်။ လောကကြီးအကြောင်း ၎င်းတို့မြင်စေချင်သလို လူထုက မြင်လာအောင်၊ ယုံကြည်လာအောင် လှည့်စားသည်။ ထိုနည်းဖြင့် အာဏာရှင်တို့က ပရိသတ်၏ ယုံကြည်မှုကို လွှမ်းမိုးသည်။ အချို့သော အာဏာရှင်တို့မှာ ဝါဒဖြန့်ချိရေးဂုရုများပင် ဖြစ်လာသည်။

၎င်းတို့ ခေါင်းဆောင်၊ ခေါင်းဆောင်မှုမှာ စွမ်းသာပါကြောင်း ပေးသမျှ သတင်းစကား အားလုံးသည် ဝါဒဖြန့်ချိရေးတွင် အကျုံးဝင်သည်။ အစိုးရ ထုတ်လွှင့်ချက်များ၊ အုပ်စိုးသူ အာဏာရှင်တို့ကို ထောက်ခံအားပေးသော အွန်လိုင်းမီဒီယာများ၊ လွတ်လပ်သော မီဒီယာများတွင် သတင်းထုတ်လွှင့်ချက်များ ပါရှိရန် လာဘ်ထိုးခြင်း၊ အခြားနည်းဖြင့် စီစဉ်ခြင်းများ၊ အာဏာရှင် အလိုကျ မှတ်ချက်ပေး ရေးသားကြမည့် အွန်လိုင်းလော်ဘီများ စသည့် နည်းအမျိုးမျိုးဖြစ်နိုင်သည်[50]။

## တရုတ် ပြား ၅၀ ပါတီ

တရုတ်နိုင်ငံတွင် ပြားငါးဆယ်ပါတီ (50 Cent Party) ဟူသော အဖွဲ့တစ်ခုရှိသည်။ အဖွဲ့ဝင်များကို တရုတ်အစိုးရနှင့် ကွန်မြူနစ်ပါတီကို လော်ဘီလုပ်ပေးသော မှတ်ချက်များ၊ ဆောင်းပါးများ တရုတ်ဆိုရှယ်မီဒီယာများပေါ်တွင် ရေးသားရသည်။ မှတ်ချက်တခုကို တရုတ်ငွေပြားငါးဆယ် (မြန်မာငွေ ၂၅၀ ကျပ်ဝန်းကျင်) ရရှိသည်။ ထို့ကြောင့် ၎င်းတို့ကို ပြား ၅၀ ပါတီဟု ခေါ်သည်။ ယင်းကို အင်တာနက် ခေတ်ဦး အတော်အစောပိုင်း ၂၀၀၄ ခုနှစ်ခန့်ကတည်းက စတင်ခဲ့သည်။

[50] Guriev, S., & Treisman, D. (2015, May 4). *How modern dictators survive: An informational theory of the new authoritarianism*. SSRN. https://papers.ssrn.com/sol3/papers.cfm?abstract_id=2602118

လေ့လာမှု တစ်ခုအရ တရုတ်အစိုးရသည် တစ်နှစ်လျှင် လုပ်ကြံဖန်တီး တင်ဆက်သည့် ဇာတ်ကြောင်းနှင့် မှတ်ချက်ပေါင်း ၄၈၈ သန်းခန့် လူမှုကွန်ရက်စာမျက်နှာများပေါ် နှစ်စဉ် တင်ဆက်လျက်ရှိသည်။ သို့သော် ထိုသို့ မှတ်ချက်ပြုရေးသားသော ပြား ၅၀ ပါတီဝင်အများစုမှာ လခစား အစိုးရဝန်ထမ်းများဖြစ်သည်[51]။ အဓိက ရည်မှန်းချက်မှာ လူထုကို အာရုံပြောင်းရန် နှင့် ဆွေးနွေးစကားလမ်းကြောင်း လွှဲရန် ဖြစ်သည်။ မှတ်ချက်ပြုရေးသားသော အကြောင်းအရာ ၈၀ ရာခိုင်နှုန်းမှာ တရုတ်ကို ကောင်းကြောင်း ချီးမွမ်းခန်းဆောင်ပုဒ်များအကြောင်းဖြစ်သည်။ ၁၃ ရာခိုင်နှုန်းမှာ ယေဘုယျချီးမြှောက်မှုများနှင့် အစိုးရမူဝါဒအပေါ် အကြံပြုချက်များ ဖြစ်သည်။ ယင်းသို့ ပြား ၅၀ အဖွဲ့ဝင်များမှာ ငွေကြေးရရှိကြောင်း စွပ်စွဲမှုများရှိသော်လည်း သူတို့ကို ထိုသို့ ငွေပေးကြောင်း သက်သေမရှိဟု အချို့ကလည်း ဆိုကြသည်။ သူတို့ ကိုယ်၌ကပင်လျှင် ကွန်မြူနစ် ပါတီဝင်ဖြစ်သည့် အလျှောက် ပါတီတာဝန်ကို ထမ်းဆောင်ခြင်းဟု ဆိုကြသည်။

တရုတ် ယဉ်ကျေးမှု ဝန်ကြီးဌာနက ပြား ၅၀ စားများကို သင်တန်းပေးပြီး လက်မှတ်ထုတ်ပေးလေ့ရှိသည်။ ၂၀၀၈ ခုနှစ် စာရင်းအရ ပြား ၅၀ စား သုံးသိန်းဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားသည်။

ယင်းမှာ အစိုးရတရပ်ရပ်က ဦးစီး၍ အများပြည်သူ၏ ထင်မြင်ယူဆချက်များကို လမ်းကြောင်းလွှဲသွားစေရန် ပုံသွင်းသည့် နမူနာ တခု ဖြစ်သည်။

အချို့နိုင်ငံများက မီဒီယာများကို ဆင်ဆာတည်းဖြတ်သည့် ရှေးရိုးနည်း စနစ်ကို ကျင့်သုံးသည်။ အင်တာနက် စာမျက်နှာများကို ပိတ်ပင်သည်။ အစိုးရ ဆန့်ကျင်သူများ၏ အင်တာနက်စာမျက်နှာများကို ဝင်ရောက်ထိုးဖောက်သူများကို ငှားရမ်းသည်။ လွတ်လပ်သော မီဒီယာတိုက်များမှ ဂျာနယ်လစ်များနှင့် ပိုင်ရှင်များကို လာဘ်ပေးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ဖြင့် ၎င်းတို့ လိုချင်သော သတင်း အကြောင်းအရာများကိုသာ တင်ဆက်ရန် ပြုမူသည်။ လက်မခံပါက ဖမ်းဆီးထောင်ချသည်။ ယင်းတို့ အသုံးချရန် ငွေကြေးကို ပြည်သူ့ဘဏ္ဍာငွေသုံးသည်။ ပီရူးတွင် အာဏာရှင် ဖူဂျီမိုရီ လက်ထက် တနှစ်ကို အမေရိကန်ဒေါ်လာ ၃၆ သန်းသုံးကာ အဓိက ရုပ်သံလိုင်းများတွင် သူတို့ လိုချင်သည့် အကြောင်းအရာများ ထုတ်လွှင့်အောင် လုပ်ဆောင်ခဲ့သည်။

အာဏာရှင်အစိုးရများက ထိုသို့ လုပ်ဆောင်ရာတွင်လည်း ကိစ္စအချို့ရှိသည်။ ဘယ်ရွေ့ဘယ်မျှသော သတင်းအချက်အလက်များကို ပြည်သူများထံ ပျံ့နှံ့ရောက်ရှိရန် လုပ်ဆောင်မည်၊ သူတို့ ပို့လိုက်သည့် သတင်းစကား ဇာတ်ကြောင်းကို ပြည်သူတို့က မည်မျှ ယုံကြည်မည် ဆိုသည့် ကိစ္စများရှိသည်။ တင်းလွန်း

[51] How the Chinese government fabricates social media posts ... (n.d.-b). https://gking.harvard.edu/files/gking/files/how_the_chinese_government_fabricates_social_media_posts_for_strategic_distraction_not_engaged_argument.pdf

လျှင် ပြတ်တတ်သည်။ မီဒီယာ ဆင်ဆာလုပ်လွန်းပါကလည်း အများပြည်သူမှာ ဆင်ဆာလုပ်ထားမှန်းသိရာ ထိုသတင်းဇာတ်ကြောင်းများမှာ သူတို့အတွက် စိတ်ဝင်စားစရာ မကောင်းတော့ပါ။ နားမထောင်တော့ပါ။ ထိုအခါ အာဏာရှင် အစိုးရတို့က လူထု၏ အမြင်များကို စည်းရုံး ပုံသွင်းရန် ခက်သွားတော့သည်။ အခြားတဖက်တွင်လည်း ဆင်ဆာ လျှော့ပေါ့လွန်းပါက အခြား ဆန့်ကျင်ဘက် ဇာတ်ကြောင်းများကို ပြည်သူများ နားပိုဝင်သွားပြီး ကိုယ့်ကို တန်ပြန် ခြိမ်းခြောက်လာနိုင်သည်။ ယင်းတို့မှာ ပိုတင်းကျပ်သော အာဏာရှင် အစိုးရများတွင် ကြုံရလေ့ရှိသည်[52]။

အာဏာရှင်တို့အတွက် လူထုကို လိမ်လည်လှည့်ဖျားရသည်မှာ လွယ်သည့် အလုပ်တော့ မဟုတ်ပါ။ အမြဲတစေ ရှေ့နောက် ဆင်ခြင်ရမြဲဖြစ်သည်။

## ကြောက်ခြင်းနှင့် ချစ်ခြင်း

အာဏာရှင်တို့မှာ သူတို့ကို ချစ်လည်း ချစ်စေလိုသည်၊ ကြောက်လည်း ကြောက်စေလိုသည်၊ ရိုသေသမှုလည်း ပြုစေလိုသည်။ ယင်းမှာ ထုံးစံပင်။

“အချစ်ခံရတာထက် အကြောက်ခံရတာ ပိုဘေးကင်းပါတယ်။ ဒါပေမဲ့ အမုန်းမခံရအောင် လုပ်နိုင်ဖို့တော့လိုတယ်[53]”

၁၅ ရာစုဝန်းကျင်က ဖရောရင့်နိုင်ငံတော် (ယနေ့ အီတလီ) အကြီးအကဲ ရောရင်ဇိုကို အကြံပေးချက်ဖြစ်သည်။

လူတို့တွင် စိတ်ခံစားမှုရှိသည်။ ယင်းစိတ်ခံစားမှုကပင် စီးပွားရေး၊ နိုင်ငံရေး အပြုအမူများကို ပြောင်းစေသည်။ ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ခြင်း၊ စိုးရိမ်ခြင်းတို့က လူတို့၏ ဆုံးဖြတ်ချက်များကို ပြောင်းစေသည်။ ထိုသို့ဖြင့် အာဏာရှင်တို့မှာ လူထု၏ စိတ်ခံစားမှုများကို ခြယ်လှယ်ရန် ကြိုးပမ်းတော့သည်။ မည်သူမဆို အချစ်ခံချင်ပါသော်လည်း အထက်ပါ အကြံပြုစကားကဲ့သို့ပင် အာဏာရှင်တို့မှာ လူထုကြောက်အောင် လုပ်ရန် သာ၍ အရေးကြီးသည်ဟု ယူဆသည်။ အငတ်ခံရမည်ကို ကြောက်စေသည်။ ဖမ်းဆီးခံရမည်ကို ကြောက်စေသည်၊ အသတ်ခံရမည်ကို ကြောက်စေသည်၊ အနာဂတ်စိုးပျောက်မှာကို ကြောက်စေသည်။

ကနဦးကတော့ အာဏာရှင်တို့မှာ သူတို့ကို ထောက်ခံသူပွားလာအောင် ကြိုးပမ်းကြသည်။ သို့သော် ဆန့်ကျင်မှုများသာ တိုးလာသော အခါ ‘မုန်းချင်မုန်းပါစေ ကြောက်သွားဖို့သာ အရေးကြီး’ ဟု တွေးဆကာ

[52] Márquez, X. (2023). *Non-democratic politics: Authoritarianism, dictatorship, and democratization*. Bloomsbury Academic.

[53] ‘Much safer to be feared than loved, when, of the two, either must be dispensed with’

ဖိနှိပ်မှုကိုသာ ရွေးချယ်တော့သည်။ ဖိနှိပ်မှုကို ကျင့်သုံးသော အာဏာရှင်တို့မှာ (တိုင်းပြည် အုပ်စိုးရေး) စွမ်းဆောင်ရည် ညံ့ဖျင်းသူတွေ၊ လူကြိုက်မများသော အုပ်စိုးသူတွေသာ ဖြစ်လေ့ရှိသည်။ တိုင်းသူပြည်သားတို့မှာ 'မည်သည့် အရာမျှ ဆုံးရှုံးစရာ မရှိ' ဟု သေချာလာသော အခါ အာဏာရှင်ကို ခုခံတော်လှန်ဖို့ မကြောက်တော့ကြောင်း နိုင်ငံရေး သိပ္ပံ သီဝရီများက ပြဆိုနေသည်[54]။

## တရားခံရှာ အပြစ်ဖို့ခြင်း

တရားခံရှာ အပြစ်ဖို့ခြင်း ဆိုသည်မှာ သုံးနေကျ နိုင်ငံရေးဗျူဟာ တစ်မျိုးဖြစ်သည်။ မိမိတို့၏ မအောင်မြင်မှု၊ ကျရှုံးမှုများကို လမ်းကြောင်းလွှဲရန် အခြားသူများ အပြစ်ရှာလက်ညှိုးထိုးခြင်း ဖြစ်သည်[55]။

တိုင်းပြည်တခုကို လိုသလိုခြယ်လှယ်နိုင်ရန် အာဏာရှင် သို့မဟုတ် အာဏာရှင်လောင်းတို့အတွက် လူနည်းစု အပြစ်သားတွေ လိုအပ်သည်။ တရားခံများ လိုအပ်သည်။ ၎င်းတို့၏ အားနည်းချက်များကို ဖုံးဖိရန် သော်လည်းကောင်း၊ အုပ်စိုးနယ်အတွင်း လူထု ဆင်းရဲကျပ်တည်းခြင်း၊ တည်ငြိမ်အေးချမ်းမှု မရှိခြင်းမှာ ၎င်းတို့ စီမံခန့်ခွဲမှု ညံ့ဖျင်းရခြင်းကြောင့် မဟုတ်ဘဲ အစုအဖွဲ့တစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးဦး၏ အပြစ်ကြောင့်ဖြစ်ကြောင်း တရားခံရှာသည်။ ဆိုဗီယက် ရုရှားခေတ်တွင် ဘူဇွာ လူတန်းစားများမှာ တိုင်းပြည် ဒုက္ခတွေ့ခြင်း၏ တရားခံများဖြစ်သည်။ နာဇီ ဂျာမနီတို့ အတွက်မူ ဂျူးတို့မှာ တရားခံများ ဖြစ်သည်။ အမေရိကန်တွင်မူ စီးပွားရေးသမားများ ဖြစ်သည်[56]။

မွတ်ဆလင်လူနည်းစုတို့မှာ အမြဲတရားခံရှာခံရလေ့ရှိသော လူအုပ်စု ဖြစ်သည်။ အစ္စလာမ်မှုပြုနေပြီ ဖြစ်ကြောင်း ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတွင် လက်ယာစွန်းဝါဒီများက တွင်တွင်ကျယ်ကျယ် သတိပေးပြီး ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များ၊ မွတ်စလင်နိုင်ငံများမှ ခရီးသွားများကို ကန့်သတ်ရန် လှုံ့ဆော်သည်။ ထိုလှုံ့ဆော်မှုကို တားမြစ်သူများသည် တိုင်းပြည် အမျိုးသားရေး လက္ခဏာကို ဖျက်ဆီးသူများ၊ တိုင်းပြည် ဒုက္ခဘေးတွန်းပို့သူများ အဖြစ် အပြစ်ဖို့ တရားခံရှာသည်။

အချို့သော အစိုးရ၊ အုပ်စိုးသူများမှာ အစုအဖွဲ့၊ လူနည်းစု တစ်ခုခုထက် လူပုဂ္ဂိုလ်တဦးချင်းကို တရားခံရှာလေ့ရှိသည်။ ၎င်းတို့၏ အတိုက်အခံများနှင့် ပလဲနံပသင့်ပြီး ထောက်ပံ့နေကြောင်း၊ တိုင်းပြည်ကို မတည်မငြိမ်ဖြစ်အောင် ကြံဆောင်နေသူများဖြစ်ကြောင်း လုပ်ကြံဇာတ်ခင်းသည်။ ဟန်ဂေရီနွယ်ဖွား ဒါနရှင် ဂျော့ချ် ဆိုးရော့စ်မှာ ထိုသို့ မကြာခဏ လုပ်ကြံဇာတ်ခင်းခံရသူတစ်ဦး ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့်

---

[54] Aldama, A., Vásquez-Cortés, M., & Young, L. E. (2018). Fear and citizen coordination against dictatorship. *Journal of Theoretical Politics*, *31*(1), 103–125. https://doi.org/10.1177/0951629818809425

[55] *The politics of blame*. Euro Crisis in the Press. (2013, October 20). https://blogs.lse.ac.uk/eurocrisispress/2013/03/22/the-politics-of-blame/

[56] Rand, A. (2009, January 1). *The scapegoat*. Le Monde diplomatique. https://mondediplo.com/2009/01/21scapegoat

မီဒီယာများမှ ကိုယ်ကျိုးရှာသူများနှင့် သစ္စာဖောက်များနှင့် ပူးတွဲကာ ပြည်ဖျက်ရန် ကြံသူဖြစ်ကြောင်း စွပ်စွဲသည်။ အကျင့်ပျက်ချစားမှု တစ်ရပ်တွင် ဆိုးရော့စ်၊ ဖြိတိန်ထောက်လှမ်းရေး၊ အမေရိကန် လော်ဘီနှင့် အမေရိကန်ပြည်ထောင်စု တို့ပူးပေါင်းပါဝင်ကြောင်း အဇာဘိုင်ဂျန်အစိုးရက တံဆိပ်ကပ်ထားသည်[57]။

တရားခံရှာ အပြစ်ဖို့ခြင်းကြောင့် ဒီမိုကရက်တစ်အခြေခံများကို အားလျော့စေသည်။ တရားခံရှာ အပြစ်ဖို့ပြီးနောက် ယင်းအပြစ်ဖို့ ခံရသည့် အုပ်စုကို ဖိနှိပ်တော့မည်ဆိုသည်ကို သမိုင်းစဉ်တလျှောက် တွေ့ကြုံခဲ့ပြီးဖြစ်သည်။ အပြစ်ရှိသူများအဖြစ် ကြိုတင်တံဆိပ်ကပ်သည်၊ ယင်းနောက် အပြစ်ရှိသဖြင့် အပြစ်ပေးရခြင်းဟု ပုံသွင်းကာ ဖိနှိပ်ရေး ယန္တရားကို စလည်တော့သည်။

## မြန်မာ့ သမိုင်းစဉ်

ကိုလိုနီနယ်ချဲ့ခေတ်တွင် ဗြိတိသျှ မျက်နှာဖြူနှင့် ၎င်းတို့ အိန္ဒိယမှ ခေါ်ဆောင်လာသော ကုန်သည် လယ်လုပ်လူတန်းစားတို့မှာ မြန်မာမျိုးချစ် ဝါဒီများအတွက် အဓိက ရန်သူများဖြစ်ခဲ့သည်။ လွတ်လပ်ရေး ရပြီးချိန်တွင်လည်း ကွန်မြူနစ်များ၊ တိုင်းရင်းသား လက်နက်ကိုင်များကြောင့် တိုင်းပြည် မတည်မငြိမ်ဖြစ် နေသည်။ ကိုလိုနီအကြွင်းအကျန် ဂုတ်သွေးစုပ် စီးပွားရေးသမားများက တိုင်းပြည် အရင်းအမြစ်များကို လက်ဝါးကြီးအုပ်ထားပြီး လူအများစု မြန်မာများမှာ ဆင်းရဲ ကျပ်တည်းရနေရသည်။ ထိုသို့ အစဉ်တစိုက် ပုံဖော်သည်။

ထိုသို့ဖြင့် မြန်မာစစ်တပ်က ၁၉၆၂ အလုံးစုံ အာဏာသိမ်းပြီးချိန်တွင် အများအားဖြင့် နိုင်ငံခြားသား များ၊ မြန်မာတိုင်းရင်းသားမဟုတ်သူများ၏ ပိုင်ဆိုင်မှုများကို ပြည်သူပိုင် အမည်ခံကာ သိမ်းယူသည်။ ယင်း မှာ မြန်မာနိုင်ငံ ကိုလိုနီလက်အောက် ကျရောက်စဉ်နှင့် ကိုလိုနီအလွန်ကာလတွင် ပြည်ပနိုင်ငံများနှင့် ပြည်ပ စီးပွားရေးလုပ်ငန်းများကြောင့် အောက်ကျ နောက်ကျ ဆင်းရဲရခြင်းအတွက် စိတ်ဒဏ်ရာတစိတ်တပိုင်း၏ ရလာဒ်ဖြစ်နိုင်ကြောင်း သုံးသပ်ချက်များရှိသည်[58]။ (အခြားအကြောင်းခြင်းရာရှိနိုင်လင့် ကစား) အာဏာရှင် ဦးနေဝင်းတွင် နိုင်ငံခြားမှ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး တို့ကို မလွှမ်းမိုးခံလိုသည့် စိတ်ရှိနိုင်သည်။ ဆိုးဆိုးဝါးဝါး နိုင်ငံခြားကြောက်ရောဂါကြောင့် ဦးနေဝင်းလက်ထက်တွင် နိုင်ငံခြားခရီးသွားများကို ၂၄ နာရီသာ ခွင့်ပြုခဲ့သည်။ ၁၉၆၉ ခုနှစ်ရောက်မှ ၇၂ နာရီ၊ ၁၉၇၁ ခုနှစ်တွင် ၇ ရက် ခွင့်ပြုခဲ့သည်။

နိုင်ငံခြားကြောက်ရောဂါသည် ထိုမျှ မကပါ။ ဗြိတိသျှတို့က စစ်သုံးကြိမ်ခင်း၍ ကျူးကျော်မှု၊ ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်အဝင်နှင့် မဟာမိန် ဗြိတိသျှတို့အဝင်တွင် နှစ်ကြိမ်စလုံး စစ်ဒဏ်ကို ထောင်းလမောင်း

[57] *To find an authoritarian, just follow the scapegoat*. Freedom House. (n.d.). https://freedomhouse.org/article/find-authoritarian-just-follow-scapegoat

[58] Selth. (2021) Myanmar Military's mindset: An Exploratory Survey.

ကြေအောင် ခံခဲ့ရခြင်း၊ လွတ်လပ်ရေး ရပြီးနောက်ပိုင်း (ထိုစဉ်က အစိုးရအသုံးအနှုန်း) ရောင်စုံ သူပုန်၊ တရုတ်ဖြူတို့၏ ကျူးကျော်မှုတို့က မြန်မာ စစ်တပ်ကို နိုင်ငံခြားကြောက်ရောဂါ ပိုသည်းစေသည်။ ထို့အပြင် ရှစ်လေးလုံး အရေးတော်ပုံနောက်ပိုင်း စစ်အစိုးရကို အနောက်နိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခြင်း၊ စစ်အစိုးရက ရန်သူသဖွယ် ဆက်ဆံခဲ့သော မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သူတော်စင် တပါးတစ်ဖွယ် ချီးမြှင့်မြှောက်စားခြင်းတို့က စစ်ခေါင်းဆောင်တို့ကို ပိုမိုအသည်းနာစေကြောင်း Myanmar Military's mindset စာတမ်း ရေးသားသူ Andrew Selth က ဆိုသည်။

ယင်းအပြင် အမေရိကန်ပြည်ထောင်စု အစိုးရ ကျောထောက်နောက်ခံပြု National Endowment for Democracy နှင့် အလှူရှင်သူဌေးကြီး ဂျော့ဆိုးရော့စ်၏ ဆိုးရော့စ်ဖောင်ဒေးရှင်းကိုလည်း တိုင်းဖျက်ပြည်ဖျက်သဖွယ် ရှုတ်ချပြောဆိုခဲ့သည်။

ယင်းတို့မှာ ကိုလိုနီခေတ် စိတ်ဒဏ်ရာကို အခြေပြု၍ ခေတ်သစ်စစ်အုပ်စု၏ နာကြည်းချက်၊ နောက်ဆုံး ထွက်ပေါက်ပိတ်ချိန်တွင် တရားခံရှာ အပြစ်ဖို့စရာများ ဖြစ်သွားနိုင်သည်။


မြန်မာ့အလင်း

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အနောက်နိုင်ငံကြီးတချို့က ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အရေးခြုံထားသည့်အဖွဲ့အစည်းများအား ငွေကြေးနှင့်ပစ္စည်းများ ကူညီပံ့ပိုးပြီး အဖျက်အမှောင့်လုပ်ငန်းများကို အားပေးနေမှုများအကြောင်း ရှင်းလင်းပွဲတွင် ပြသထားသော အကြမ်းဖက် သောင်းကျန်းသူများ၏ မှတ်တမ်းဓာတ်ပုံ၊ သတင်းစာ၊ စာရွက်စာတမ်းများကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

## ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အရေးခြုံအဖွဲ့အစည်းများအား အနောက်နိုင်ငံကြီးတချို့က ငွေကြေးနှင့်ပစ္စည်းများကူညီပံ့ပိုးပြီး အဖျက်အမှောင့်လုပ်ငန်းအားပေးလျက်ရှိကြောင်းအတွင်းရေးမှူး(၁)ရှင်းလင်း

ရန်ကုန် ဇွန် ၂၇

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ အနောက်နိုင်ငံကြီးတချို့က ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအရေးခြုံထားသည့် အဖွဲ့အစည်းများအား ငွေကြေးနှင့်ပစ္စည်းများ ကူညီပံ့ပိုးပြီး အဖျက်အမှောင့်လုပ်ငန်းများကို အားပေးနေမှုများအကြောင်း ရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် အဖွဲ့ဝင်များ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူး

လက်ရှိ စစ်ကောင်စီတွင်လည်း ယင်းသို့သော စိတ်ခံစားချက်ရှိနေသေးသည်။ ကိုလိုနီအမွေကြောင့် တိုင်းပြည် ယခုကဲ့သို့ ပဋိပက္ခရောပြွန်းနေရဆဲဖြစ်ကြောင်း အပြစ်ဖို့နေဆဲဖြစ်သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့က ကျင်းပခဲ့သည့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် (၈) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၇၅ နှစ်တိုင် ဖြစ်ပွားနေသော မြန်မာနိုင်ငံ လက်နက်ကိုင် ပဋိပက္ခသည် ကိုလိုနီခေတ်သွေးခွဲအုပ်ချုပ်ရေး၏ ဆိုးမွေဖြစ်သယောင် အပြစ်တင် ပြောဆိုခဲ့သည်။

ယနေ့ဖြစ်ပွားနေသော တိုင်းပြည် အခြေအနေသည် လွတ်လပ်ရေး ရပြီးခါစ အခြေအနေမျိုးဖြစ်ကြောင်း ပါလီမန်ခေတ် မြန်မာနိုင်ငံ အခြေအနေကို ရည်ညွှန်းပြောဆိုခဲ့သည်။ ယင်းအပြင် နိုင်ငံအမည် နာမ တပ်ပြောခြင်း မရှိသော်လည်း အနောက်နိုင်ငံများကိုလည်း ယင်းအခမ်းအနားတွင် အပြစ်တင် ပြောဆိုခဲ့သည်။

“ဒီမိုကရေစီ အရေးကို ဆောင်ရွက်နေပါတယ်ဆိုတဲ့ သူတွေကိုယ်တိုင်က မဲမသမာမှုတွေ ဆောင်ရွက်ခဲ့ပြီး ဥပဒေနဲ့ အညီ ဒီမိုကရေစီ နည်းလမ်းကျဖြေရှင်းခဲ့ခြင်း မရှိဘဲ၊ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ပါတယ်။

ဒီမိုကရေစီကို ကျင့်သုံးနေပါတယ်ဆိုတဲ့ ပြည်ပနိုင်ငံ အချို့ကလည်း ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဒီလက်နက်ကိုင် အကြမ်းဖက်မှုတွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ အားပေးတာတွေ၊ မြှောက်ထိုးပင့်ကော် ပြုလုပ်နေတာ တွေ့ရပါတယ်”

ယင်းအပြင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုလည်း မြန်မာကို စိုးမိုးခြယ်လှယ်ရန် ကြိုးစားနေကြောင်း စစ်ခေါင်းဆောင်တို့က ဆိုသည်။

နယ်စပ်ဒေသ၊ ကျေးလက်ဒေသ နှင့် ဝေးလံခေါင်သီသော ဒေသများတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသင်းအဖွဲ့များ၏ အကူအညီရယူလိုပါကြောင်း NGO INGO မှတ်ပုံတင်ရေး အစည်းအဝေး တစ်ရပ်တွင် စစ်ဝန်ကြီးတစ်ဦးက ပြောဆို[59]သော်လည်း အခြားတစ်ဖက်တွင်မူ အချို့သော နိုင်ငံအဖွဲ့

---

[59] https://www.moi.gov.mm/npe/index.php/niungngntteaaciimnaupkhuprekeaangciiaphaiwng-pnnythairewnkiitthaan-pnnytheaangcuwnkii-1

အစည်းများသည် INGO NGO များမှ တစ်ဆင့် မြန်မာနိုင်ငံကို အသုံးချနေကြောင်း စစ်ခေါင်းဆောင်က စစ်အစိုးရ အဖွဲ့အစည်းအဝေးတွင် ပြောဆိုထားသည်[60]။

## လက်ဝေခံ ဆိုရှယ်မီဒီယာများ

အာဏာရှင်တို့ လက်စွဲတော်အတိုင်း စစ်ကောင်စီသည် အာဏာသိမ်းပြီးနောက် မီဒီယာများကို နှိပ်ကွပ်သည်၊ ဖမ်းဆီးထောင်ချသည်။ အချို့မီဒီယာတို့ကို လိုင်စင်ပိတ်သိမ်းသည်။ စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထိန်းသိမ်းခံထားရဆဲ သတင်းထောက် ၅၁ ကျော်[61] ရှိပြီး လိုင်စင် ပိတ်သိမ်းခံလိုက်ရသော သတင်းဌာန အနည်းဆုံး ၁၃ ခု[62] ရှိသည်။

လွတ်လပ်သော မီဒီယာများကို ထိန်းချုပ်ကန့်သတ်ပြီးနောက် အာဏာသိမ်းစစ်တပ်၏ နောက်ထပ် ခြေလှမ်းမှာ လက်ဝေခံမီဒီယာ၊ ဆိုရှယ်မီဒီယာ သုံးစွဲသူများ မွေးမြူခြင်းဖြစ်သည်။ တရားခံရှာ အပြစ်ဖို့ရာတွင် ၎င်းတို့ထိန်းချုပ်ထားသော မီဒီယာများမှတဆင့် သာမက စစ်တပ်ထောက်ခံ လော်ဘီ ဆိုရှယ်မီဒီယာများကိုပါ လက်သပ်မွေး ဝါဒဖြန့်လျက်ရှိသည် (တရုတ်၏ ပြား ၅၀ ပါတီ နှင့် အလားတူသည်)။ The Red Flag က စောင့်ကြည့်နေသောTelegram ဆိုရှယ်မီဒီယာ အကောင့်ပေါင်း ၆၀ ဝန်းကျင်ရှိပြီး ယင်းတို့ကို လူပုဂ္ဂိုလ် ၁၅ ဦးခန့်က (Main Bad Actors များအဖြစ်) အဓိက ကိုင်တွယ်ကာ သတင်းတု သတင်းမှား ဝါဒဖြန့် ခြိမ်းခြောက်မှုများ သီးခြား လုပ်ကိုင်လျက်ရှိသည်။ ယင်း အကောင့် ၆၀ မှာ The Red Flag က စောင့်ကြည့်နေသော အဓိက ကျသော အကောင့်များသာဖြစ်ပြီး အခြားအကောင့်များနှင့် ပေါင်းပါက စုစုပေါင်း ရာချီရှိနိုင်သည်။

ယင်းတို့တွင် ဩဇာလွှမ်းမိုးသူ အုပ်စု၊ မီဒီယာအယောင်ဆောင်များနှင့် လူပုဂ္ဂိုလ်များနှင့် အစွန်းရောက် အမျိုးသားရေး လှုပ်ရှားသူအချို့ပါဝင်သည်။ ယင်းအပြင် ဒေသအလိုက် တိုင်းနှင့် ပြည်နယ် ၁၃ ခု အမည်ဖြင့် ဖွင့်လှစ်ထားသော Facebook အပါအဝင် ဆိုရှယ်မီဒီယာ အကောင့်ရာချီလည်း ရှိသေးသည်။

60 Team, Npmn. (n.d.). *INGO၊ NGO များမှတစ်ဆင့် ပြည်ပအဖွဲ့အစည်း၊ နိုင်ငံများက အသုံးချနေမှုများရှိနေ၍ ကြပ်မတ်ထိန်း သိမ်းရန် တပ်ချုပ်ပြော*. NPNews. https://npnewsmm.com/news/64f049327ccef33b6841079a


61 မြန်မာသတင်းမီဒီယာတွေ ဆက်လက်ဖိနှိပ်ခံနေရ. Radio Free Asia. (2023, May 3). https://www.rfa.org/burmese/program_2/media-05032023021956.html?fbclid=IwAR0TOMRyk_FFOSZor7gfG1GJ8oJrrQKmCeeoRfqshph5M80EXjDmdwIaYaE

62 ဧရာဝတီသတင်းဌာန လိုင်စင်ပိတ်သိမ်းခံရ. Radio Free Asia. (2022, October 31). https://www.rfa.org/burmese/program_2/irrawaddy-news-license-bans-10312022064946.html?fbclid=IwAR3XgvltmpmMjQd7P7-TWXuUhRUwbkQ-EYwguhMIGfTpD4EFhRoiO4U3OIc

ယင်းတို့သည် တရက်လျှင် ပို့စ် အနည်းဆုံး ၅၀ မှ အများဆုံး ၂၀၀ ခန့်ပုံမှန်တင်လေ့ရှိပြီး တင်သည့် သတင်းအများစု ၇၀ ရာခိုင်နှုန်းခန့် တူညီလေ့ရှိသည်။ ယင်းအပြင် ယင်းအကောင့်များမှာ စစ်ကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တနည်းမဟုတ် တနည်း ဆက်စပ်လျက်ရှိကြောင်း တွေ့ရသည်[63]။

ယင်းကို ကချင်ပြည်နယ် လိုင်ဇာမြို့အနီး မုန်လိုင်ခက်ကျေးရွာတွင် အောက်တိုဘာ ၉ ရက်နေ့ ညသန်းခေါင်ယံ ဗုံးကြဲမှု ဖြစ်စဉ်တွင် အထင်အရှားတွေ့နိုင်သည်။ ယင်းဗုံးကြဲမှုကြောင့် ကလေးငယ် ၁၁ ဦး၊ အမျိုးသမီး ၁၅ ဦး အပါအဝင် စုစုပေါင်း ၂၉ ဦးသေဆုံးခဲ့သည်။ ၅၇ ဦးဒဏ်ရာရခဲ့သည်။ မူကြိုကျောင်းနှင့် နေအိမ် ၁၀ လုံးပျက်စီးခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားပြီး နာရီပိုင်းအကြာ အောက်တိုဘာ ၁၀ ရက်နေ့ နံနက်အစောပိုင်း ၁ နာရီခွဲခန့်မှ စ၍ စစ်လော်ဘီ Telegram ချယ်နယ် အနည်းဆုံးငါးခုက ယင်းဗုံးကြဲမှုကို စစ်တပ်က လုပ်ဆောင်နိုင်၍ ဝမ်းသာအားရ ပုံစံဖြင့် သတင်းများ တင်ခဲ့သည်။ သို့သော် စစ်တပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက အောက်တိုဘာ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် မုန်လိုင်ခက် စစ်တပ်က ပြုလုပ်ခြင်း မဟုတ်ကြောင်း ငြင်းဆိုပြီးနောက် စစ်လော်ဘီ တယ်လီဂရမ်များ၏ ပြောဆိုချက် ဇာတ်ကြောင်း ပြောင်းသွားခဲ့သည်။ KIA ၏ လက်နက် တိုက်ပေါက်ကွဲခြင်း ဖြစ်ကြောင်း၊ ယင်းသို့ပေါက်ကွဲခြင်းမှာ သာသနာ ထွန်းကားသော စစ်ကိုင်းတွင် သံဃာတော်များကို သတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်းကြောင့် ဖြစ်ကြောင်း စစ်လော်ဘီ တယ်လီဂရမ်များက ပြောင်းလဲ ဖြန့်ချိခဲ့သည်ကို တွေ့ရသည်။




[63] အွန်လိုင်းပေါ်မှ အကြမ်းဖက်ခြင်း၊ မြန်မာ စစ်ကောင်စီ ဝါဒဖြန့်ချိရေး အွန်လိုင်း ယန္တရားလေ့လာချက်၊ ၂၀၂၃ ခုနှစ်

အဆိုပါ စစ်ကောင်စီလော်ဘီ တယ်လီဂရမ်ချယ်များသည် သတင်းတု သတင်းမှားများ ဖြန့်ဝေရုံတင်မက စစ်အာဏာရှင် ဆန့်ကျင်ရေး လွတ်လပ်စွာ ပြောဆိုသူများကိုပါ မှတ်တမ်းတင်ခြင်း၊ ဖမ်းဆီးရန် လှုံ့ဆော်ခြင်းတို့ ရှိခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလကုန် အတွင်း ၎င်းတို့ ဖမ်းဆီးရန် လှုံ့ဆော်မှုကြောင့် စုစုပေါင်း လူပုဂ္ဂိုလ် ၁၂၄ ဦး ဖမ်းဆီးခံခဲ့ရသည်[64]။ ယင်းတို့တွင် နိုင်ငံကျော် မော်ဒယ် သရုပ်ဆောင်များ၊ သတင်းစာဆရာများလည်း ပါဝင်သည်။ နောက်ဆုံး အထူးထင်ရှားသူမှာ သမ္မတ ဦးသိန်းစိန်လက်ထက် ပြန်ကြားရေးဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးရဲထွဋ်ဖြစ်သည်။ ယင်းကို ပုဒ်မ နှစ်ခုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချခဲ့သည်။

ယင်းတို့ကို ထောက်ရှုခြင်းအားဖြင့် သတင်းအချက်အလက် လှည့်ဖျားခြင်းကို စစ်တပ်၏ ထိန်းချုပ်ထားသော ပင်မ ရုပ်သံ၊ ပုံနှိပ်၊ ရေဒီယိုမီဒီယာများသာမက ဆိုရှယ်မီဒီယာတွင် လက်သပ်မွေးထားသော အကောင့်များဖြင့်ပါ စုစည်းလုပ်ဆောင်နေသည်ကို တွေ့ရသည်။ ထိုသို့ လုပ်ဆောင်ရာတွင် သတင်းတု သတင်းမှား ဖြန့်ခြင်း၊ အခြားမတူညီသော အုပ်စုများကို တရားခံရှာ အပစ်ပုံချခြင်း၊ ဘာသာရေး လူမျိုးရေး အမုန်းစကားပြောဆိုခြင်း၊ ဖမ်းဆီးရန် လှုံ့ဆော်ခြင်းတို့ အထိ လုပ်ဆောင်လျက်ရှိသည်။

## တရားခံ - အမေရိကန်၊ တရုတ်

အမေရိကန်မှာ စစ်အုပ်စု အဓိက ပစ်မှတ်ထားသော တရားခံဖြစ်သည်။ ကိုလိုနီနယ်ချဲ့ ဗြိတိသျှကို သာမက အမေရိကန်ကို နီယိုကိုလိုနီ၊ ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒီအဖြစ် ခေတ်အဆက်ဆက်သော စစ်အစိုးရက ၎င်းတို့၏ မီဒီယာများမှ တစ်ဆင့် မကြာခဏ ထုတ်ဖော်ပြောဆိုလေ့ရှိသည်။

တရုတ်ကို ထိန်းချုပ်ရေး အတွက် အမေရိကန်ဦးဆောင်သည့် အဖွဲ့သည် မြန်မာအရေးနှင့် ပတ်သက်၍ ဝင်ရောက်စွက်ဖက်မှုများ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ကြောင်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်နေ့ နေပြည်တော် အစည်းအဝေးတွင် ပြောဆိုခဲ့သည်။

ယင်းနောက် တရက်အကြာ မြောက်ပိုင်း တော်လှန်ရေး မဟာမိတ် သုံးဖွဲ့၏ ၁၀၂၇ စစ်ဆင်ရေး ကြီးကြောင့် စစ်တပ်မှာ မကြုံဖူးသော အရှုံးဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ယင်းစစ်ဆင်ရေးနှင့် ပတ်သက်၍ အနည်းဆုံးတော့ တရုတ်က မကန့်ကွက်ဟူသော သုံးသပ်ချက်များစွာ ထွက်ပေါ်လာသည်။

များမကြာမီတွင်ပင် ရန်ကုန်လမ်းမများထက်တွင် တရုတ်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ပေါ်လာသည်။

---

64 *စစ်ကောင်စီကို ဝေဖန်ရေးသားမှုနဲ့ ဖမ်းဆီးခံရသူ ၁၃၀၀ ကျော်ရှိလာ ~~~~ ■ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီကနေ ၂၀၂၃ ခုနှစ် စက်တင်ဘာလကုန်အထိ လူမှုကွန်ရက်ပေါ်မှာ...: By RFA burmesefacebook*. Facebook. (n.d.-c). https://www.facebook.com/rfaburmese/videos/2109421766059349/

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့တွင် မျိုးချစ်ရဟန်းနှင့် အမျိုးသားရေး လှုပ်ရှားသူဆိုသူတို့က ရန်ကုန်မြို့လယ် မြို့တော်ခန်းမမှ ပြည်ထောင်စု ရိပ်သာလမ်းရှိ တရုတ်သံရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ တရုတ်ဆန့်ကျင်ရေး ကြွေးကြော်သံများ၊ ဆိုင်းပုဒ်များ ကိုင်ဆောင် ဆန္ဒပြခဲ့သည်။ တိုင်းရင်းသားများအချင်းချင်း သတ်ဖြတ်ခိုင်းနေသည့် တရုတ်နိုင်ငံကို ကန့်ကွက်ကြောင်း ဆန္ဒပြ ဘုန်းတော်ကြီး တဦးက ဆိုသည်။ ယင်းစစ်ပွဲကို ကျူးကျော်စစ်ဟုလည်း ဗိုလ်ချုပ်ဇော်မင်းထွန်းက ဆိုခဲ့သည်။ ထိုသို့သော တရုတ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ မြန်မာနိုင်ငံမြို့ ဆယ်ချီတွင် ဖြစ်ပွားခဲ့ပြီး ထိုပွဲများကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ညွှန်ကြားချက်ဖြင့် လုပ်ဆောင်ခြင်း ဖြစ်ကြောင်း Myanmar Now က ရေးသည်[65]။

သို့သော် စစ်အာဏာရှင်တို့၏ ထိုင်ခုံကို ခြိမ်းခြောက်နေသော မြောက်ပိုင်း မဟာမိတ်အဖွဲ့တို့၏ စစ်ရေးအရှိန်ကို ရပ်တန့်နိုင်ရန် အခြားတစ်ဖက်ကလည်း တရုတ်ကို လိုအပ်နေပြန်သည်။ ထိုကြောင့် တရုတ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ရေရှည် မလုပ်နိုင်။ ရပ်ပေးလိုက်ရသည်။

“. . . စစ်ကောင်စီဘက်က တရုတ် ဆန့်ကျင်ရေး လှုပ်ရှားမှုတွေကို အခုတော့ နောက်ပြန်ဆုတ်သွားပါတယ်။ ဘာလို့လဲဆိုရင် တရုတ်ရဲ့အကူအညီကို သူတို့ လိုအပ်နေချိန်မှာ အခုလိုမျိုး ဝါဒဖြန့်လုပ်ရပ်တွေဟာ စစ်ကောင်စီရဲ့ မိုက်မဲမှုပဲလို့ ကျနော် မြင်ပါတယ်”ဟု အမေရိကန်ပြည်ထောင်စု၏ ငြိမ်းချမ်းရေး အင်စတီကျူ (USIP) မြန်မာနိုင်ငံ ဆိုင်ရာ ညွှန်ကြားရေးမှူး ဂျေဆင်တာဝါက ဆိုသည်[66]။

တရုတ်ပြီးနောက် အမေရိကန်အလှည့်ကျလာပြန်သည်။

အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျူ (USIP) က ၂၀၂၃ ခုနှစ် နိုဝင်ဘာလ နှောင်းပိုင်းတွင် အစီရင်ခံစာ တစောင် ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာ၏ အဆိုအရ စစ်အုပ်စု ပြုတ်ကျသွားပြီးနောက် နိုင်ငံသည် ပရမ်းပတာ မဖြစ်နိုင်ဘဲ တည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်စေသည့် ထူးခြားသည့် လက္ခဏာများ ရှိနေကြောင်း ဖော်ပြထားသည်။ ထိုကြောင့် စစ်အုပ်စု ပြုတ်ကျသွားပြီး နိုင်ငံရေး ယဉ်ကျေးမှု အသစ်သို့ သွားရန်ရှိကြောင်း ‘တော်လှန်ရေးအင်အားစုများ အောင်ပွဲခံခြင်းကို အဘယ်ကြောင့် မစိုးရိမ်သင့်သနည်း’ ဟု ရေးသားဖော်ပြခဲ့သည်[67]။

65 မင်းအောင်လှိုင် ဖန်တီးခိုင်းသည့် တရုတ်ဆန့်ကျင်ရေး လှုပ်ရှားမှုများ. Myanmar Now. (2024, February 8). https://myanmar-now.org/mm/news/45854/

66 ပြန်ပေးဆပ်ရမယ့် တန်ဖိုးကြီးမားတဲ့ တရုတ်အကူအညီ. ဗွီအိုအေ. https://burmese.voanews.com/a/democracy-forum-jason-tower-on-1027-operation/7401450.html?fbclid=IwAR2775teos4VDAXIU5PTU6OXg10pk3yol6vksjdZXj0_mmz-Ed_vH4gPGYg

67 *We shouldn’t fear a resistance victory in Myanmar*. United States Institute of Peace. (2023, November 16). https://www.usip.org/publications/2023/11/we-shouldnt-fear-resistance-victory-myanmar

ယင်းကို ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြင်းပြင်းထန်ထန် တုံ့ပြန်ပြီး ပဋိပက္ခကို မီးထိုးပေးရာတွင် အနောက်နိုင်ငံများ ပါဝင်ပတ်သက်နေကြောင်း တရားခံရှာ အပြစ်ဖို့ခဲ့သည်။

"… အမေရိကန်အစိုးရရဲ့ ကျောထောက်နောက်ခံပြုထားတဲ့ USIP (United State Institute of Peace) ဆိုတဲ့ အဖွဲ့အစည်းကနေ သူ့ရဲ့ သုတေသနစာတမ်းများကို အမှီပြုပြီးတော့ အနောက်နိုင်ငံ မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်နေတာမျိုး ရှိပါတယ်။ အဓိက အချက်ကတော့ ဒီထဲမှာ ယခုလက်ရှိ မြန်မာနိုင်ငံ ဖြစ်ပေါ်နေတဲ့ အခြေအနေကြောင့် မလို့ ဒီအခြေအနေများကို ပိုပြီး ဆိုးရွားသွားအောင် သုံးသပ်တင်ပြ ဦးတည်တင်ပြတာတွေပဲ လုပ်ဆောင်တာမျိုး ဖြစ်ပါတယ်"

"အရေးကြီးတဲ့ သုံးသပ်ချက်ကတော့ လက်နက်စွဲကိုင်ပြီး ပဋိပက္ခဖြစ်အောင် လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ ဒီအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေဟာ စစ်ဘုရင်ဝါဒ လိုမျိုး ဖြစ်မှာ မဟုတ်ဘူး။ ဓားပြ ဆန်ဆန် အဖွဲ့အစည်းမျိုးတွေ ဖြစ်မလာနိုင်ဘူး။ တစ်စုတစ်စည်းတည်း ရှိတယ်ဆိုတဲ့ ဟာမျိုးနဲ့ ပဋိပက္ခ ကြီးထွားလာအောင် မီးထိုးပေးတဲ့ သဘောပဲ ဖြစ်ပါတယ်။ ဒါက ဘာလဲဆိုတော့ မြန်မာနိုင်ငံအရေးကို ပေါ်ပေါ်တင်တင် ဝင်ရောက် စွက်ဖက်နှောင့်ယှက်တာလည်း ဖြစ်ပါတယ်။ လုပ်လည်းလုပ်နေတာ ဖြစ်ပါတယ်။ ထပ်ပြီးတော့မှ လုပ်လာနိုင်တဲ့ အရိပ်အယောင်မျိုးကို ပြသခြင်းဖြစ်ပါတယ်။ အနောက်နိုင်ငံများနဲ့ ဆက်စပ်တဲ့ အဖွဲ့အစည်းများ အနေနဲ့ မြန်မာ့အရေးနဲ့ ပတ်သက်လာပြီး ပိုပြီးတော့ ဝင်ရောက်စွက်ဖက် နှောင့်ယှက်မယ့် အရိပ်အယောင်နဲ့ ပြသခြင်း ဖြစ်ပါတယ်[68]"

ဗိုလ်ချုပ်ဇော်မင်းထွန်း
နိုဝင်ဘာ ၂၈၊ ၂၀၂၃ တွင် ပြောကြားချက်

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားအားလုံးနှင့် အိမ်နီးချင်းနိုင်ငံများက သတိထားစောင့်ကြည့်ရန် ၎င်းက တိုက်တွန်းသည်။ တပ်မတော်သည်သာ မြန်မာ့နိုင်ငံရေး အကွဲအပြဲကို စုစည်းပေးနိုင်သော၊ သို့တည်းမဟုတ် တိုင်းပြည်ကို ငြိမ်ဝပ်ပိပြားအောင် ထိန်းကြောင်းနိုင်သော တစ်ခုတည်းသော အင်စတီကျူးရှင်း အဖြစ် တပ်မတော်သားများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းကို ထင်မှတ်မှားအောင် ပြုထားသော USIP ၏ အစီရင်ခံစာမှာ စစ်တပ်အတွက် ထိုးနက်ချက်တရပ်ဖြစ်သည်။ ထိုသို့ဖြင့် တိုင်းပြည်မငြိမ်သက်အောင် မီးထိုး ပေးနေကြောင်း ပြင်းပြင်းထန်ထန် အပြစ်တင်သည်။

[68] https://www.moi.gov.mm/news/48147

THE RED FLAG

စစ်ကောင်စီမှာ ၂၀၂၃ နှစ်ကုန်ပိုင်းအတွင်း တရုတ် တစ်လှည့်၊ အမေရိကန်တစ်လှည့် လှည့်ပတ်အပြစ်ရှာရင်း ဗျာများနေလျက်ရှိသည်။ မြောက်ပိုင်းမဟာမိတ် သုံးဖွဲ့၏ စစ်မီးသည် ရခိုင်၊ ကရင်နီတို့တွင် ကူးသွားသည်။ မကြဲ့စဖူး အရှုံးပတ်လည်ဝိုင်းပြီးနောက် တရားခံ ပတ်ရှာနေရသည်။

## ငါမှ တပါး အားလုံး တရားခံ

ထိုမျှ မကပါ။ ပြည်တွင်းတွင်လည်း စစ်ခေါင်းဆောင်သည် ငါမှ တပါး အားလုံး တရားခံဇာတ်ခင်းလျက်ရှိသည်။ နိုင်ငံရေးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို အပြစ်တင်သည်။ ယင်းနောက် ရွေးကောက်ပွဲ မလုပ်နိုင်သည့်အတွက် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (PDF) နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို အပြစ်တင်သည်။

ထိုနောက် ရိုးရာအတိုင်း စီးပွားရေးလုပ်ငန်းများကို ဝိသမ လောဘသားများဟု တရားခံရှာပြန်သည်။

၂၀၂၃ နှစ် ဩဂုတ်၊ စက်တင်ဘာလများအတွင်း သိသိသာသာ တရားခံရှာခံရသူများမှာ စီးပွားရေး လုပ်ငန်းရှင်များ ဖြစ်သည်။ ဩဂုတ်လအတွင်း ဒေါ်လာဈေးမြင့်တက်မှု၊ စားအုန်းဆီ၊ စက်သုံးဆီဈေးများ မြင့်တက်လာမှုကို လုပ်ငန်းရှင်များကို ဝိသမ လောဘသားများဖြစ်ကြောင်း စစ်ကောင်စီက ပြစ်တင်ကြိမ်းမောင်းခဲ့သည်။ ယင်းမှာ ယခင် စစ်အာဏာရှင်များနည်းတူ တိုင်းပြည်အတွင်း ဈေးနှုန်း ကမောက်ကမ ဖြစ်ပါက တရားခံရှာသည့် ဟောင်းမြင်းနေသည့် အလေ့အထလည်း ဖြစ်သည်။

“မသမာသူတွေဟာ သတင်းမှားတွေ ဖန်တီးပြီး ကုန်ဈေးနှုန်းတွေ ဆွဲတင်တာ၊ ဈေးကစားတာတွေ ရှိနေတဲ့အတွက် အရေးယူဖို့ လိုတယ်။ ငွေဈေးကွက်မှာလည်း ပြည်တွင်းငွေ၊ နိုင်ငံခြားငွေနဲ့ ရွှေကိုင်ထားသူတွေက ဈေးကစားနေတဲ့အတွက် ဒါကိုလည်း စနစ်တကျ ကိုင်တွယ်ဖို့လိုတယ်။ ဒါ့အပြင် ဘဏ်လုပ်ငန်းအချို့ကလည်း ရိုးဖြောင့်စွာ လုပ်ကိုင်ဆောင်ရွက်မှု မရှိတာကို တွေ့နေရပြီး၊ ဘဏ်တွေရဲ့ လုပ်ဆောင်ချက်တွေကို စနစ်တကျ စောင့်ကြည့်သုံးသပ်ပြီး လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်”

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ဩဂုတ် ၂၅ စစ်ကောင်စီအစည်းအဝေးတွင် ပြောဆိုချက်

ယင်းတွင် ဘဏ်လုပ်ငန်းရှင်များ၊ ရွှေလုပ်ငန်းများ၊ စားအုန်းဆီ၊ စက်သုံးဆီ လုပ်ငန်းရှင်များ အားလုံး ပါဝင်သည်။ ထိုသို့ပြောဆိုပြီးနောက် စက်တင်ဘာလအတွင်း လုပ်ငန်းရှင် ရာချီကို ခေါ်ယူစစ်ဆေးသည်။ ခြိမ်းခြောက်သည်။ ၎င်းတို့ကတော့ ညှိနှိုင်းသည်ဟုသည့် စကားကို သုံးသည်။ အချို့မှာ ခေတ္တ ဖမ်းဆီးခံရကြောင်း အတည်မပြုနိုင်သော သတင်းများက ဆိုသည်။

နောက်ဆုံးတော့ ညောင်မြစ်တူးရင်း ပုတ်သင်ဥ ပေါ်လာသည်။ တကယ့်တရားခံမှာ နိုင်ငံခြားငွေကြေး ကိုင်တွယ်စီမံရသော ဗိုလ်ချုပ်နှစ်ဦးဖြစ်နေသည်။ ၎င်းတို့ ကိုယ်ကျိုးရှာ အကြီးအကျယ် လာဘ်ယူမှု၏ အကျိုးဆက်ကြောင့် နိုင်ငံခြား ငွေဈေးကွက်အတွင်း ကမောက်ကမ ဖြစ်သွားခဲ့သည်။ နိုင်ငံခြား ငွေကြေး ကြီးကြပ်မှု ကော်မတီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း နှင့် တွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ် ရန်နောင်စိုးတို့ကို အဂတိလိုက်စားမှု၊ နိုင်ငံတော် သစ္စာဖောက်မှု၊ စစ်စည်းကမ်းဖောက်ဖျက်မှု စသည့်၊ စသည့် အမှု တသီ တတန်းဖြင့် နှစ်ဦးစလုံးကို ထောင်ဒဏ် တသက်ချလိုက်သည်။

စစ်ကောင်စီဥက္ကဋ္ဌ၏ တရားခံရှာတော်ပုံတွင် သမ္မတဟောင်း ဦးသိန်းစိန်ပါ မချန်ပါ။ ၂၀၁၁ ခုနှစ် အစိုးရသစ်တက်ပြီးနောက်ပိုင်း နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ ဆက်လည်ပတ်ရန် အားမပေးသဖြင့် ယခု ကုန်ထုတ်လုပ်ငန်းကျဆင်းရကြောင်း နိုဝင်ဘာ ၂၉ စစ်ကောင်စီ အစည်းအဝေးတွင် ပြောဆိုခဲ့သည်။ ဦးသိန်းစိန် လက်ထက် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှု လုပ်ခဲ့သည် အပြစ်ဖို့ခြင်းဖြစ်သည်။

ယင်းနှင့် တပါတည်း လူများ ‘အလုပ်မလုပ်’ ကြောင်းပါ အပြစ်ဖို့လိုက်သေးသည်။ ပို့ကုန်နည်းပါးခြင်း သည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်ကြောင့် မဟုတ်ဘဲ အလုပ်မလုပ်သည့် အတွက် ဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက် စစ်ကောင်စီ အစည်းအဝေးတွင် ပြစ်တင်လိုက်သေးသည်။

စစ်တပ်အတွက် တရားခံ အပြစ်ရှာ နည်းမှာ အသစ်မဟုတ်တော့ပါ။ အခု စစ်တပ်ကတော့ ငါမှ တပါး အားလုံးအပြစ်ရှိသည့်အလား ဝိုင်းကြီး ပတ်ပတ် အပြစ်ရှာလျက်ရှိသည်။

THE RED FLAG

## နိဂုံးမှတ်စု

"ယုံသွားတဲ့ အထိ ထပ်ခါ ထပ်ခါ လိမ်ပါ။ အဲဒါက အမှန်တရားဖြစ်လာလိမ့်မယ်" - ဂိုးဗက်ကိုဘယ် (နာဇီပါတီ၏ ဝါဒဖြန့်ချိရေးမှူး)

သတင်းတု သတင်းမှား ဝါဒဖြန့်မှုများကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော် ရောမခေတ်ကတည်းက လေ့လာနိုင်သည်။ အုပ်စိုးသူတို့မှာ အုပ်ချုပ်ခံလူတန်းစားတို့ နာခံ လိုက်နာစေရန် နည်းအမျိုးမျိုး သုံး၍ ဂျင်းထည့်လေ့ရှိသည်။ လူအများ၏ စိတ်အာရုံ၊ ယုံကြည်မှု၊ လှုပ်ရှားဆောင်ရွက်မှုတို့ကို လိုသလို ပုံဖော် ထိန်းချုပ်နိုင်ရန် အဓိက ဖြစ်သည်။ နည်းအမျိုးမျိုးသုံးသည်။ စကားလုံး ဆောင်ပုဒ်များ၊ ကိုယ်နေ ဟန်ပန် အမူအရာများ၊ အလံ တံခွန်များ၊ အထိန်းအမှတ်ကျောက်တိုင်များ၊ သီချင်း ရုပ်ရှင်များ၊ အဝတ်အစား ဒီဇိုင်းများ၊ ဒင်္ဂါးများမှ အစ ဆံပင်ဒီဇိုင်းတို့ အထိ အမျိုးမျိုးသော ပလက်ဖောင်းများကို သုံး၍ ဝါဒဖြန့်သည်။

မြန်မာသမိုင်းစဉ် တစ်လျှောက်တွင်လည်း အုပ်စိုးသူ ဘုရင်လူတန်းစားတို့က သီချင်း၊ ကဗျာ အလင်္ကာ တို့ သုံးကာ အများပြည်သူကို ဦးနှောက်ဆေးခဲ့သည်။ ယနေ့ခေတ်တွင် ရုပ်ရှင်ကဲ့သို့သော ကိရိယာမှာ လူထု ၏ နှလုံးသားကို ထိမိဖမ်းစားနိုင်ရာ ဂျင်းထည့်ရန် အကောင်းဆုံး လက်နက်ဖြစ်သည်။ စစ်တပ်ကို မြန်မာ နိုင်ငံ၏ အမျိုးဘာသာ သာသနာ ကို စောင့်ရှောက်သော၊ ကြီးမြတ်သည့် အသင်းအပင်းအဖွဲ့တရပ်အဖြစ် နှစ်ပေါင်းများစွာ ပုံဖော်ပြီး လူထုကို စစ်ကျွန်ဇာတ် သွင်းခဲ့သည်။ ယခုအခါ လူထုအလိုအတိုင်း ရွေးကောက် ပွဲဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် တင်ပေးသော စစ်တပ်အဖြစ် ထပ်မံ ပုံဖော်သည်။ ထို့သို့ဖြင့် အခွင့်ထူးခံ လူတန်းစား တရပ်ရပ်က တိုင်းပြည်ကို လိုသလို ခြယ်လှယ်နိုင်အောင် ဖန်တီးသည်။ အုပ်စိုးသူယန္တရား တို့ကို ဂုဏ်တင်သော၊ ကိုယ့်အုပ်စုအမျိုးအနွယ်ကို ဂုဏ်တင်သော၊ အခြားမျိုးနွယ်အုပ်စုများကို နိမ်ချ အမှန်းပွား အကြောက်တရားသွင်းသော ဇာတ်ကြောင်းပေါင်းများစွာ ဖန်တီးဖြန့်ချိသည်။

စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ဝါဒဖြန့်ချိမှုကို လေ့လာရာတွင် ထုံးစံအတိုင်း မျိုးချစ်စိတ်ကို တလွဲသုံးသည်။ စစ်တပ်မရှိပါက တိုင်းပြည်ပြိုကွဲသွားနိုင်အောင် ဇာတ်ကြောင်းကို ထပ်ပြောသည်။ ထို နောက် အာဏာကို လိုသလို ဆက်ကိုင်နိုင်ရန် ရွေးကောက်ပွဲ ဖဲချပ်ကို ထုတ်သုံးသည်။ ယင်းအပြင် အခြားသူ များကို ပတ်ရမ်း အပြစ်ဖို့သည်။ ထို့သို့ဖြင့် မျိုးချစ်စိတ်-စစ်တပ်(အာမီ)-ရွေးကောက်ပွဲ (ပါတီ)-အပြစ်ဖို့ ဝင်ရိုးကို အသုံးပြုကြောင်း ထင်ရှားစွာတွေ့နိုင်သည်။

ယင်း ဇာတ်ကြောင်းများကို ထပ်ခါထပ် ပြောခြင်းဖြင့် လူထုမှာ ယုံမှတ်မှားလာသည်။ အမှန်ဟု ထင်လာသည်။

THE RED FLAG

ထိုသို့သော ဂျင်းများကို ဆင်ခြင်ချိန်တန်ပြီဖြစ်သည်။ အကြောက်တရား အမှောင်ထုကို ဖြိုချိန်တန်ပြီ ဖြစ်သည်။ စစ်ဝါဒဖြန့်မှိုင်းများကို ဆေးကြောချိန်တန်ပြီဖြစ်သည်။ စစ်ဝါဒမှိုင်း အလွန်တွင် ကြည်လင်တောက်ပသော အနာဂတ်က စောင့်နေသည်။

ကျေးဇူးတင်ပါသည်။

## ကျေးဇူးတင်စကား

The Red Flag နှင့်အတူ ပါဝင်ရေးသားကြသော သုတေသနသမားများ၊ အချက်အလက်စုစည်းသူများကို အထူးကျေးဇူးတင်ရှိပါသည်။ နည်းပညာနှင့် ငွေကြေးအားဖြင့် အထောက်အကူ ပေးသောလူများ၊ အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ဤစာတမ်းနှင့် ပက်သက်ပြီး မေးမြန်း အကြံပြုလိုပါက theredflagmedia@proton.me သို့ ဆက်သွယ်ပေးပို့ပြီး မေးမြန်းနိုင်ပါတယ်။

# ဝင်္ကန္တ မှုသား

မြန်မာ စစ်အာဏာရှင်၏
ဝါဒဖြန့်ဖဲချပ်များ